
# ရွှေတိဂုံစေတီတော်နှင့်

# ပုဂ္ဂိုလ်နှစ်ဦး




ဦးထွန်းအေး

မဟာစရိယ၊ဘီအေ

# ရွှေတိဂုံစေတီတော်နှင့်
# ပုဂ္ဂိုလ်နှစ်ဦး

ဦးထွန်းအေး(မြန်မာစရိယ-ဘီအေ)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ ၄၅၄ (၂၀၀၃) (၇) |
| အဖုံးခွင့်ပြုချက်အမှတ် | ◆ ၅၁၃ (၂၀၀၃) (၉) |
| ထုတ်ဝေသည့်ကာလ | ◆ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ |
| ထုတ်ဝေသည့်အကြိမ် | ◆ ပထမအကြိမ် |
| အုပ်ရေ | ◆ ၁၀၀၀ |
| မျက်နှာဖုံး | ◆ ကိုထွန်း (Stars) |
| အတွင်းဖလင်နှင့် စာအုပ်ချုပ် | ◆ Silver Moon |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ◆ ဦးအောင်မြ (မြ-၀၆၈၁၄) ဝဿန်ပုံနှိပ်တိုက် ၁၅၇၊ ၃၆-လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ◆ ဦးထွန်းအေး (မမ္မာစရိယ-ဘီအေ) (ယာယီ-၈၁၂) ထွန်းနီလာစာပေ။ အမှတ်-၁၁ နီလာလမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်၊ ရန်ကုန်။ |

---

Silver Moon မှ စီစဉ်သည်။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေတိဂုံစေတီတော်နှင့်ပုဂ္ဂိုလ်နှစ်ဦး | ၁ |
| ၂။ | သရဏဂုံတည်သူများတွင် မြန်မာနိုင်ငံသားများပထမဆုံး | ၄ |
| ၃။ | ပါရမီရှင်ဆိုတာ | ၈ |
| ၄။ | အဘိညာ | ၉ |
| ၅။ | ဆဋ္ဌာဘိညာဘလ္လိက | ၁၁ |
| ၆။ | ပဋိသမ္ဘိဒါ လေးပါး | ၁၄ |
| ၇။ | ဗုဒ္ဓဉာဏ်တော် (၁၄) ပါး | ၁၇ |
| ၈။ | ဘုရားရှင်၏အတ္တုပ္ပတ္တိအကျဉ်း | ၁၈ |
| ၉။ | ပုဂ္ဂိုလ်နှစ်ဦးနှင့် ရွှေတိဂုံစေတီတော် | ၂၀ |
| ၁၀။ | ဗိုလ်တထောင်ဆိပ် | ၂၂ |
| ၁၁။ | ရွှေတိဂုံစေတီတော်၏ သက်တမ်း | ၂၄ |
| ၁၂။ | ရေစောင့်ဘီလူးမ | ၂၅ |
| ၁၃။ | အရှင်သောနနှင့် အရှင်ဉတ္တရ | ၂၆ |
| ၁၄။ | သာမာန်အုတ်ပုံမဟုတ် | ၂၈ |
| ၁၅။ | ရွှေတိဂုံတီဆောက်ခဲ့ပုံ | ၂၉ |
| ၁၆။ | ဘုရင်မကြီးရှင်စောပု | ၃၂ |
| ၁၇။ | အင်္ဂလိပ်စစ်တပ် ဌာပနာဖောက်ကြ | ၃၄ |
| ၁၈။ | စေတီလေးမျိုးနှင့် ပုဂ္ဂိုလ် (၂) ဦး | ၃၅ |
| ၁၉။ | စေတီတော်နှင့် ပုထိုး | ၃၇ |
| ၂၀။ | နတ်သားဖူးထိုက်သော စေတီ | ၃၈ |
| ၂၁။ | မကိုဋ်သရဖူဆောင်းခြင်းမှာ ဘုရားရှင်၏ အလိုတော်ကျမဟုတ် | ၃၉ |
| ၂၂။ | ဇမ္ဗူပတီချွတ်ခန်း | ၄၂ |
| ၂၃။ | စေတီတော်အစိပ်အပိုင်းများ | ၄၄ |
| ၂၄။ | ကယ်တင်ရှင်အစစ် | ၅၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၅။ | တရားဟောခုံဖြင့် သံသရာမှလွတ်မြောက်နိုင်ပါသလား | ၅၆ |
| ၂၆။ | ဂရုကံဆိုတာ ဘာလဲ | ၅၉ |
| ၂၇။ | ဘုရားရှင်ကို ယုံကြည်မှုဖြင့် နတ်ရွာသုဂတိ ရောက်နိုင်တယ် | ၆၁ |
| ၂၈။ | ဥတ္တရာသာမဏေ | ၆၂ |
| ၂၉။ | ဘုရားငါးဆူပွင့်တော့ ဗုဒ္ဓဟာအတုလဖြစ်နိုင်ပါသလား | ၆၄ |
| ၃၀။ | ချက်ချင်းလင်ငင်းအကျိုးပေးနိုင်သော တရားတော် | ၇၁ |
| ၃၁။ | တရားတော်က ဆင်းရဲခြင်းမှ ကယ်တင်ပုံ | ၇၃ |
| ၃၂။ | တရားဂုဏ် (၆) ပါး | ၇၅ |
| ၃၃။ | သံဃာတော်ဆိုသည်မှာ | ၇၇ |
| ၃၄။ | လူသားအားလုံးအတွက် ကောင်းတိုးကို ဆောင်ရွက် နေသော သံဃာတော် | ၇၉ |
| ၃၅။ | သံဃာတော်များလည်း ကယ်တင်ရှင်အစစ် | ၈၀ |
| ၃၆။ | "အတ္တာဟိ အတ္တနောနာထော-မိမိကိုယ်သာကိုးကွယ်ရာ" | ၈၅ |
| ၃၇။ | ရှိခိုးပူဇော်အမျိုးမျိုး | ၈၇ |
| ၃၈။ | ပဥ္စပတိဋ္ဌိတ-တည်ခြင်းငါးပါးစေတီရှိခိုးပူဇော်နည်း | ၈၉ |
| ၃၉။ | ဘဝအကြောင်း | ၉၀ |
| ၄၀။ | အလျှုဒါန ဘယ်လိုအကျိုးရ | ၉၁ |
| ၄၁။ | ဗုဒ္ဓဘာသာရောက်လာတဲ့အချိန် | ၉၂ |
| ၄၂။ | သထုံသို့ဘုရားကြွလာ | ၉၃ |
| ၄၃။ | လယ်ကိုင်းအရပ်သို့ဘုရားရှင်ကြွလာ | ၉၄ |
| ၄၄။ | တန်ခိုးကြီးသော မဟာပုဏ်မထေရ်မြတ် | ၉၅ |
| ၄၅။ | မဟာပုဏ်၏ တန်ခိုး | ၉၆ |
| ၄၆။ | အမိဋ္ဌာနိစ္စ-ခြေတော်ရာ | ၉၉ |
| ၄၇။ | ဓညဝတီရခိုင်ပြည်သို့ဘုရားရှင်ကြွလာ | ၁၀၁ |
| ၄၈။ | မဟာမြတ်မုနိအံ့ဖွယ်ကိုးပါး | ၁၀၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ထေရဝါဒနှင့် မဟာယာနမတူကြပုံ | ၁၀၅ |
| ၅၀။ | အရည်းကြီး | ၁၀၆ |
| ၅၁။ | စဉ့်ကူးမင်းခေါင်းလောင်း | ၁၀၇ |
| ၅၂။ | သာယာဝတီမင်းခေါင်းလောင်း | ၁၁၀ |
| ၅၃။ | မနုသီဟနှင့် ပက္ခသီဟ | ၁၁၃ |
| ၅၄။ | စေတီရင်းက လှပသောခြသေ့်များ | ၁၁၄ |
| ၅၅။ | နဂါး ၊ဂဠုန်ရုပ်များ ထားရခြင်းအကြောင်း | ၁၁၆ |
| ၅၆။ | တံခွန်တိုင်ဘာကြောင့်ထားရခြင်းအကြောင်း | ၁၁၈ |
| ၅၇။ | ငါးပါးသီလ | ၁၂၀ |
| ၅၈။ | ရှစ်ပါးသီလ | ၁၂၂ |
| ၅၉။ | ဗုဒ္ဓဆိုတာဘာလဲ | ၁၂၃ |
| ၆၀။ | သစ္စာလေးပါးရဲ့အဓိပ္ပါယ် | ၁၂၄ |
| ၆၁။ | နိဗ္ဗာန်လိုချင်တာလောဘ မဟုတ်ဘူးလား | ၁၂၇ |
| ၆၂။ | နိဗ္ဗာန်ဆိုတာဘာလဲ | ၁၂၉ |
| ၆၃။ | ဗုဒ္ဓဘာသာဝင်တိုင်းအမြင့်ဆုံးပန်းတိုင်(ဓမ္မပဒက ဘာလဲ) | ၁၃၂ |
| ၆၄။ | ဈာန်ရပုဂ္ဂိုလ်ရှိသေးသလော | ၁၃၃ |
| ၆၅။ | ပုထုဇဉ်ဈာဉ်ရနှင့် အရိယဈာန်ရ | ၁၃၅ |
| ၆၆။ | ရဟန္တာဟူသည် အသိရခက် | ၁၃၆ |
| ၆၇။ | သီးလုံးဆရာတော် | ၁၃၇ |
| ၆၈။ | ကင်းတောရ ဆရာတော်(ရဟန္တာအရှင်မြတ်) | ၁၃၈ |
| ၆၉။ | သဂ်ဇာဆရာတော် | ၁၄၀ |
| ၇၀။ | ရဟန္တာများသည် ဆွမ်းဒကာကို ချီမြှောက်လေ့ရှိကြ | ၁၄၂ |
| ၇၁။ | အဓိဋ္ဌာန်တန်ခိုး အာပတ်ပသင့် | ၁၄၃ |
| ၇၂။ | ပိလိန္ဒဝစ္ဆပထေရ်ရဲ့ တန်ခိုးတော် | ၁၄၄ |
| ၇၃။ | စေတီတော်ပုံက ဘဝသရုပ်ကိုဖော်ပြ | ၁၄၅ |
| ၇၄။ | စေတီတော်မြတ်ကြီး၏ အတိုင်းအတာများ | ၁၄၈ |

# နိဒါန်း

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဘီစီ ၆၂၃ ခုနှစ်လောက်မှစ၍ တည်ထားကိုးကွယ်ခဲ့သော စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်လေရာ

ဗုဒ္ဓဘာသာသမိုင်းနှင့်တကွ ယဉ်ကျေးမှုအမွေအနှစ်များကိုပါ လေ့လာသုသေသနပြုသူများ အများအပြားရှိလေသည်။

ထိုအထဲတွင် ရခိုင်ပြည်နယ်၊ အမ်းမြို့သား ဆလိုင်းအောင်လင်းဆိုသူ တက္ကသိုလ်ကျောင်းသားလေးနှင့် ကလေးမြို့ တာယန်းသူ လျာလျှန်းဒိန်းမန်းတို့မှ သူတို့၏ သင်တန်းကာလကုန်ဆုံးလုနီးချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်လေ့လာကြပါသည်။ သူတို့မေးခွန်းများကို သုသေသီများ သိသင့်၊ သိထိုက်သည်ဟု ယူဆပါသဖြင့် လူထုသို့ တင်ပြလိုက်ခြင်းဖြစ်ပါသည်။

စာရေးသူ - ထွန်း

# ရွှေတိဂုံစေတီတော်နှင့်ပုဂ္ဂိုလ်နှစ်ဦး

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ အကြိုတစ်ရက်ကပင် ကြိုတင်နေရာဦး၍ ဖျာခင်းသူများ အိပ်ရာလိပ်ခင်းသူများဖြင့် စည်းကားလျက် ရှိလေပြီ။ မသိုးသင်္ကန်းယက်ပြိုင်ပွဲကလည်း ထိုနေ့ ညနေ (၅) နာရီမှစ၍ ကျင်းပတော့မည်ဖြစ်သဖြင့် ညဥ့်လုံးပေါက် ပြိုင်ပွဲနွှဲသူ၊ အားပေးမည့်သူများဖြင့် ရင်ပြင်တော်ကြီးတစ်ခုလုံး ပြည့်လျှံ၍ပင် နေလေသည်။

နံနက်မိုးသောက် အလင်းရောက်ချိန်တွင် လူထုက ပို၍ပို၍ များပြားလာလေသည်။ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ သစ်သီး၊ သောက်ရေတို့ဖြင့် ကပ်လှူပူဇော်ကြသည်မှာ လှည်း (တွင်းလှည်း) နှင့်ပင် တိုက်ထုတ်ရလေသည်။ ပန်းစွန့်သမားတို့ပင် နိုင်အောင် မစွန့်နိုင်ကြသဖြင့် သင့်တော်ရာ၌ ခဏမျှပုံ၍ ထားကြရသည်။ နိုင်ငံခြားသား လူမျိုးတို့ကလည်း တဖြတ်ဖြတ် ဓာတ်ပုံရိုက်ယူကြလေသည်။ မြန်မာတို့၏ သိမ်မွေ့နူးညံ့သော စိတ်ထား ယဉ်ကျေးမှုတို့ကို သူတို့မအံ့ဩဘဲ နေနိုင်ကြမည်မဟုတ်ပေ။ ဒါကို မြင်မြော်၍ အနောက်ဘက်စောင်းတန်းတော်ကြီး၊ တောင်ဘက်၊ အရှေ့ဘက် စောင်းတန်းတော်ကြီးများကို ကြိုတင်ပြင် ဆင်မှုပြုထားသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် အမြော်အမြင် ကြီးပါပေသည် ဟူ၍ပင် ချီးမွမ်းရပေတော့သည်။

ကျွန်တော်သည် လူထုပရိသတ်ကြီးကို ကြည့်၍ ဤသို့ကြံစည်တွေးတော့ ငေးမောနေစဉ်မှာပင် လူရွယ်နှစ်ဦးက - "အဘ ဒီရွှေတိဂုံစေတီတော်ကြီးနှင့် ပတ်သက်လို့ မသိတာများကို မေးပါရစေ"ဟု အသံပြုလိုက်ရာ -

ကျနော် ။ "အေး, အေး ရပါတယ်ကွဲ့၊ အမောင်တို့က ဘယ်အရပ်က လာကြတာလဲ"ဟု သူစိမ်းများ ဖြစ်သဖြင့် သိလို၍ မေးလိုက်ရာ

ညီသည်များ။ "ကျနော်တို့က ရပ်ဝေးကပါ အဘ။ ကျွန်တော်က ရခိုင်အမ်းမြို့ကပါ၊ သူမကတော့ ကလေး, တာဟန်းကပါ"

ကျနော် ။ "ဟာ"- အမောင်တို့က ရပ်ဝေးကြီးကပါလား၊ ဒီရန်ကုန်ကို ဘာလာလုပ်ကြတာလဲ၊ ကျောင်းတက်ကြတာလား"ဟု မေးရာ -

ညီသည်များ။ "ဟုတ်ပါတယ် အဘ၊ ကျနော်တို့ ကျောင်းလာတက်တာပါ"ဟု ဖြေပါသည်။

ကျနော် ။ "အော် - ကလေးတို့က ကျောင်းက လာကြတာကိုး။ ကဲလာတာ၊ ဦးစားပွဲမှာ အေးအေးဆေးဆေး မင်းတို့ မေးလိုရာ မေးကြတာပ"ဟု ကောင်တာမှ ကျနော့်အခန်းစားပွဲသို့ခေါ် ယူခဲ့သည်။

ညီသည်များ။ "ဟုတ်ကဲ့ရှင့် ကျမတို့ကလဲ အေးအေးဆေးဆေး မေးချင်တာပါပဲ အချိန်ရပါတယ်"ဟု ဖြေကာ ကျနော့်နောက်က လိုက်လာပါသည်။

ကျနော် ။ "ကဲထိုင်ကြ-သားတို့သမီးတို့ သိချင်တာကို မေးကြ၊ ဦးပြောနိုင်မယ်ဆိုရင်လဲ ပြောပြရတာပေါ့"ဟု ခွင့်ပြုသောအခါ -

ညွှန့်သည်များ။ "ဟုတ်ကဲ့ပါဦး၊ ကျနော်တို့ သိချင်တာက - ရွှေတိဂုံ စေတီတော်ကြီး ဘယ်လိုဖြစ်ပေါ်လာသလဲ"ဆိုတဲ့ သမိုင်း ကြောင်းပါ"။

ကျနော် ။ "ဒီစေတီတော်ကြီးရဲ့သမိုင်းက အတော်ကျယ်ဝန်းတယ်။ များလဲများတယ်။ ဒါပေမဲ့ အကျဉ်းလောက်တော့ ပြော နိုင်ပါလိမ့်မယ်၊ အချိန်နဲ့သင့်အောင် ချုံးပြောရမှာပေါ့"

ညွှန့်သည်။ "ဟုတ်ကဲ့ပါဦး။ ကျနော်တို့ အတိုချုံးမှတ်ထားပါ့မယ်။

## ပါရမီရှင် ဆိုတာ

ကျနော် ။ "တို့ ဂေါတမဘုရား ပွင့်တော့မယ်ဆိုတော့- အနှစ် တစ်ထောင်က ကြိုတင်၍ သုဒ္ဓါဝါသဗြဟ္မာကြီးတွေ လူ့ပြည်ဆင်းပြီး "ဘုရား ပွင့်တော်မူတော့မယ်ဟေ့- လောကကြီးမှာ အမိုက်အမှောင်ပျောက်၍ အလင်း ရောက်တော့မယ်"စသည်ဖြင့် လာကြွေးကြော်ထားကြ တယ်။ ဒါ့ကြောင့် လူတွေဟာ ဘုရားရှင်ကို နေ့ ဖူးရမလား၊ ညဖူးရမလားနဲ့- ဘုရားရှင်ကို စောင့်မျှော်နေကြတယ်။ မြန်မာနိုင်ငံသား ကုန်သည် ညီနောင်တဖုဿတို့ကလဲ ပါရမီရှင်တွေဆိုတော့- ဘုရားရှင်ကို သိပ်ဖူးမျှော်ချင်နေ ကြတာဘဲ"

ညွှန့်သည်။ "ပါရမီရှင်ဆိုတာဘာလဲအဘ"။ သူတို့အနေဖြင့် ပါရမီ ရှင်ဟူသော စကားအသုံးအနှုန်းကို လေ့ကျက်မိပုံ မပေါ် ပါ။ သို့အတွက် မေးခြင်း ဖြစ်ပေမည်။

ကျနော် ။ "ပါရမီရှင်ဆိုတာ ကုသိုလ်ဒါနပြုခဲ့ကြဘူးတဲ့ သူတွေပေါ့ ကွယ်၊ ဒီရွှေတိဂုံစေတီတော်ရဲ့ မူလဒါယကာ တဖုဿနဲ့

ဘလ္လိကတို့ဟာ- သိဒ္ဓိဘုရားရှင် ပွင့်တော်မူတဲ့အချိန်က အရိဋ္ဌဝတီမြို့မှာ ဗြာဟ္မဏ ပုဏ္ဏားမျိုးဖြစ်ကြတယ်။ သူတို့ နှစ်ဦး အတူတကွ သွားလာနေကြစဉ်မှာပင် "ဥဇိတနဲ့ ဩဇိတ အမည်ရှိသော ရပ်ဝေးလှည်းကုန်သည်နှစ်ဦးက- သိဒ္ဓိဘုရားရှင်ကို ဆွမ်းဦးကပ်လှူကြရတယ်" ဆိုတဲ့ သတင်းကို ကြားရတဲ့အခါ 'သိဒ္ဓိဘုရားရှင်သည်- ငါတို့၏ အရှင်အရိဋ္ဌဝတီမင်းကြီး၏ သားတော်ဖြစ်ပါလျက် ငါတို့က ဆွမ်းဦးမကပ်လှူရပဲ ရပ်ဝေးနေသူများက ဆွမ်း ကပ်လှူရသတဲ့- ခံပြင်းစရာကောင်းလိုက်တာကွာ"ဟု ပြောဆိုကြပြီး- ငါတို့လည်း နောင်ပွင့်တော်မူမည့် ဘုရား တစ်ဆူဆူမှာ ဆွမ်းဦးကပ်လှူနိုင်အောင် "ဆုတောင်းကြ မယ်ဟေ့"လို့ တိုင်ပင်ပြီး သိဒ္ဓိဘုရားရှင်အား ပင့်၍ ဆွမ်း ကပ်လှူသောအခါ "တပည့်တော်တို့သည် နောင်အခါ၌ မြတ်ဘုရားကဲ့သို့သော ဘုရားအား ဆွမ်းဦးကပ်လှူနိုင် သူများ ဖြစ်ရပါလို၏ ဘုရား"ဟု ဆုတောင်းခဲ့ကြတယ် တဲ့."

## သရဏဂုံတည်သူများတွင် မြန်မာနိုင်ငံသားများ ပထမဦးဆုံး

"သူတို့ဟာ သိဒ္ဓိဘုရားရှင်အား ပူဇော်ဒါန်းခဲ့သော ကုသိုလ်တွေကြောင့် အပါယ်မလားဘဲ နတ်ရွာသုဂတိတို့သာ ဖြစ်ကြရတယ်။ နောက် ကဿပ ဘုရားရှင်ပွင့်တော်မူသောအခါမှာလဲ သူတို့ဟာ ဂေါပါလသူဌေးရဲ့သားများ ဖြစ်လာကြတယ်။ ကဿပဘုရားရှင် ပွင့်တော်မူခိုက်နှင့် ကြုံသော်လည်း ပါရမီမရင့်ကျက်သေးလို့ ဆွမ်းဦးမကပ်လှူလိုက်ရဘူး၊ သာမန် ဆွမ်း

ကျောင်း စတဲ့ပစ္စည်းလေးပါးကိုသာ လှူကြရတယ်။ ကဿပဘုရားရှင်ရဲ့ သာသနာတော်တွင်းမှာဖြစ်လို့ သံဃာတော် အရှင်မြတ်များကို နိဗ္ဗယနာဆွမ်းများနဲ့ အမြဲလုပ်ကျွေးတယ်လို့ ဆိုတယ်။

ဟော-ခု- တို့ဘုရားပွင့်တော်မူတဲ့ အချိန်မှာတော့ သူတို့က မြန်မာနိုင်ငံမှာ တဖုဿနှင့်ဘလ္လိကညီနောင်လို့ ခေါ်တဲ့ ကုန်သည်ညီနောင် ဖြစ်ပြီး ဘုရားရှင်ကို ပွင့်တာနဲ့ကြုံလို့ကို ဆွမ်းဦးကပ်လှူကြရတယ်။ ဘုရားတရား ကြည်ညိုတဲ့ ဒွေဝါစိကသရဏဂုံတည်သူများလည်း ဖြစ်ကြရတယ်။ ဒါကြောင့် ဘုရား တရား ယုံကြည်သူများတွင် မြန်မာနိုင်ငံသားများဟာ ပထမအဦးဆုံးပဲ။ ဒီလို အကျိုးထူး တရားရကြတာဟာ ရှေးက ကောင်းမှုရှိလို့ပဲ ရှေးကပြုခဲ့ကြတဲ့ ကောင်းမှုတွေကို "ပါရမီ'လို့ ခေါ်တယ်"ဟု ကျနော်က ရှည်လျားစွာ ရှင်းပြသောအခါ သူတို့နှစ်ယောက် ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်ကြပြီး ပုဂ္ဂိုလ်လေးတွေက -

"ဦးရဲ့ - ဘုရားပွင့်သည် ဆိုသည်မှာ ဘယ်လိုပွင့်တာလဲ"ဟု မေးပြန်ပါသည်။

**ကျနော်** ။ "ဘုရားပွင့်သည် ဆိုသည်မှာ ဘုရားရှင်တို့ရအပ်တဲ့ အသိဉာဏ်ကို ရတာ၊ အသိဉာဏ်ပွင့်တာကို ဆိုလိုတာပါကွာ"

**ဆလိုင်းအောင်လင်း**။ "ဒီဘုရားရှင်က ဘယ်အချိန်လောက်က ပွင့်တာလဲဟင်"ဟု ထပ်၍မေးပါသည်။

**ကျနော်** ။ "မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နေအရုဏ်တက်ချိန်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူတယ်ကွဲ့၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး (၄၉) ရက်တို့ပတ်လုံး ဈာန်သမာပတ် ဝင်စားနေတယ်၊ ဈာန်သမာပတ်မှ ထတော်မူ၍ ရာဇာယတနခေါ် လင်လွန်းပင်

ရင်း၌ ထိုင်နေစဉ် တဖုဿနှင့်ဘလ္လိကတို့က သွားရောက် ဖူးတွေ့ကြတာပဲ။"

လှာလျှန်း။ "အသိဉာဏ်ရတာကို 'ပွင့်'တယ် ဆိုတော့ ဘယ်လိုအသိဉာဏ်ရမှ ဘုရားဖြစ်တာလဲ အဘ" တစ်ချိန်လုံးငြိမ်၍ နားထောင်နေခဲ့သော သမီးလေးက ဆက်၍မေးပါသည်။ ကျနော်သူတို့ကို အံ့ဩလဲ အံ့ဩ၊ ချီးလဲချီးမွမ်းမိသည်။ ဒီလို ငယ်ရွယ်သူ ပုဂ္ဂိုလ်လေးတွေက နှိုက်နှိုက်ချွတ်ချွတ် မေးနိုင်သည်မှာ အတော်လေ့လာထား လို့ပင် ဖြစ်ပေမည်။ မြန်မာဗုဒ္ဓဘာသာ လူငယ်လေးများ ဒီအဆင့်ထိ မေးနိုင်ကြပါရဲ့လားလို့ တွေးတောမိပါသည်။

ကျနော် ။ "ဒီလိုကွဲ. . . ဘုရားအလောင်းတော်ဟာ ထိုနေ့ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိ ခေါ် (ရှေးဘဝပေါင်း များစွာက ဖြစ်ဖူးသော ခန္ဓာအစဉ်ကို သိသော) ပထမဝိဇ္ဇာဉာဏ်ကို ရတော်မူတယ်။ သန်းခေါင်ယံ (မဇ္ဈိမယံ) မှာတော့ ဒိဗ္ဗစက္ခုအဘိညာဉ်ခေါ် (နတ်မျက်စိကဲ့သို့ မြင်နိုင်သော) ဒုတိယဝိဇ္ဇာဉာဏ်သို့ ရရှိတော်မူတယ်။ ပစ္ဆိမယံခေါ် ညဉ့်၏ နောက်ဆုံးအချိန်မှာတော့ အာသဝက္ခယဉာဏ် ခေါ် (ကိလေသာကုန်ခန်းသော) တတိယဝိဇ္ဇာဉာဏ်ကို ရရှိတော်မူတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူပါတယ်။"

ထိုအခါ အလွန်စင်ကြယ်သော စိတ်အစဉ်ရှိတော်မူလျက် ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး၊ အသာဓာရဏဉာဏ်တော်ခြောက်ပါး၊ ဗုဒ္ဓဉာဏ်တော်တစ်ဆယ့်လေးပါး၊ အာဝေဏိကဂုဏ်တော် တစ်ဆယ့်ရှစ်ပါး၊ ဝေသာရဇ္ဇဉာဏ်

တော်လေးပါး အစရှိသော ဘုရားရှင်တို့၏ ဂုဏ်တော်များနှင့်တကွ (အလုံးစုံကို သိသော) သဗ္ဗညုတဉာဏ်တော်ကို ရသည်နှင့်တစ်ပြိုင်နက် နေအရုဏ်လည်း တက်ရောဘဲ မောင်ရေ့၊ အဲဒီလို သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်းကိုပင် ဘုရားဖြစ်တယ်၊ ဘုရားပွင့်တယ်လို့ ခေါ်တယ် မောင်ရေ့"ဟု အကျယ်တဝင့် ဖြေရပါတော့သည်။

ထို့ပြင် သစ္စာလေးပါး မြတ်တရားကို မသိနိုင်အောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာမောဟတရား အကြွင်းမဲ့ ကွာခြင်းကိုပင် 'ပွင့်'တယ်လို့ တင်စားခေါ်ကြတာပဲ သမီးရေ" ဟု ဖြေလိုက်ရပါတယ်။

ဆလိုင်း ။ "ပဋိသမ္ဘိဒါလေးပါး၊ အသာဓာရဏ ၆-ပါး စတာတွေကို ရှင်းပါအုံး အဘ"

ကျနော် ။ နာရီကို လက်ညှိုးထိုးပြလျက် "အေး အဲဒါတွေ ရှင်းပြရရင် ဒီနေ့ အချိန်မရတော့ဘူး၊ နောက်နေ့လာခဲ့အုံး မလား။"

ဆလိုင်း ။ "ကျနော်တို့ ဒီဘုရားကြီးကို တည်ဆောက်ပုံနှင့် ဘယ်အချိန်က မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ ရောက်သလဲ ဆိုတာတွေ မေးစရာ ရှိပါသေးတယ် အဘ၊ နောက်နေ့ကျ လာရအုံးမှာပါ။"

ကျနော် ။ အမြဲတမ်း တံခါးဖွင့်လျက်ပါမောင်ရာ၊ အဘတို့ ပိဋကတ်တိုက်က သောကြာနေ့နဲ့ တနင်္လာနေ့ နှစ်ရက်တော့ ပိတ်တယ်၊ အဘမရှိဘူး၊ မလာနဲ့၊ တွေ့မှာ မဟုတ်ဘူး၊ ဒီနှစ်ရက်ကလွဲရင် လာချင်တဲ့ရက် လာပါ။ အဘရှိတယ်၊ ဖြေဖို့ ဝန်မလေးပါဘူး။"

လျာလျှန်း။ "သိပ်ကျေးဇူးတင်ပါတယ် အဘရယ်၊ ဗဟုသုတစုံအောင် လေ့လာထားကြရတာပါ။"

ကျနော် ။ "အေးအေး ကောင်းပါလေ့ကွယ်၊ မနက်ဖြန်တော့ လာဖြစ်အောင် လာကြအုံးနော်"

သူတို့ ။ "ဟုတ်ကဲ့ခင်ဗျား, ဟုတ်ကဲ့ရှင့်။"

## ပါရမီရှင် ဆိုတာ

လျာလျှန်း။ အဘ . . . မနေ့က ဖအဘပြောခဲ့တာ မှတ်မိသေးလား။

ကျနော် ။ ဘာများလဲ လျာလျှန်းရဲ့၊ ဆဠာဘိည ဆိုတာလား။

လျာလျှန်း။ ဟုတ်တယ် အဘရေ၊ အဲဒါကျမ သိချင်နေတာ ကြာပြီ။ အဘပြောနိုင်မလားဘဲ။

ကျနော် ။ သမီးသိချင်တယ်ဆိုရင် ပြောပြမယ်၊ အချိန် မရမှာသာ စိုးပါတယ်။

ဆလိုင်း ။ ကျနော်တို့က တက္ကသိုလ်မှာ နောက်ဆုံးနှစ် ကျောင်းသား တွေပါ၊ ဒီရွှေတိဂုံစေတီတော် လေ့လာပြီးရင် ပုဂံ, မန္တလေးမြို့များကိုလဲ သွားပြီး လေ့လာကြရအုန်းမှာပါ။ အချိန်မရတယ်ရယ် မရှိပါဘူး အေးအေးဆေးဆေးသာ ပြောပြပါ အဘရယ်။

ကျနော် ။ ဩော် - သားတို့က တကယ့်ဗဟုသုတ ရှာမှီးသူတွေဘဲ၊ ကဲ ရေးမှတ်ဘို့သာ ပြင်ကြ။ ဆဠာဘိည - ဆိုတာ အဘိညာဉ် ၆-ပါးကို ပြောတာ၊ အဘိညာဉ်ဆိုတာလဲ အထူးသိတဲ့ ဉာဏ်ပဲ၊ ဘယ်လို အထူးသိတာလဲ ဆိုတော့ လူရိုးရိုးက ရှေးဘဝ, နောက်ဘဝကို မသိနိုင်ဘူး။ အဘိ

ညာဉ်ရတဲ့သူက သိနိုင်တယ် စသည်ပေါ့။ နောက်တော့ ပိုရှင်းလာပါလိမ့်မယ်- ကဲမှတ်ပေတော့ အဘိညာဉ် ၆ - ပါးတွင် ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်- (နတ်မျက်စိကဲ့သို့ မည်မျှပင်ဝေးသော အရာဝတ္ထုကိုဖြစ်စေ။ တစ်ပေထုသော သံပြားနှင့် အုပ်ထားသည်ဖြစ်စေ မိမိရဲ့လက်ဝါးပြင်ပေါ်မှာ တင်ကြည့်ရသကဲ့သို့ မြင်နိုင်သော ဉာဏ်မျက်လုံး)

၂။ ဒိဗ္ဗသောတအဘိညာဉ် ဆိုတာ နတ်နားပဲ (မည်မျှဝေးတဲ့အသံကို ဖြစ်စေ၊ မည်မျှဖုံးလွှမ်းထားတဲ့အသံကိုဖြစ်စေ ကြားနိုင်သော ဉာဏ်နားပဲ)

၃။ ဣဒ္ဓိဝိဓ -တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ အဘိညာဉ်ပဲ၊ (တစ်ယောက်ကနေ တစ်ထောင်၊ တစ်သောင်း ဖန်းဆင်းနိုင်တဲ့ဉာဏ်ပဲ)

**အဘိညာ** = Higher Psychie Power

Super, normal knowledge; special apperception there are six kinds of higher psychie power: -

(1) Higher psychie power capable of producing many mirailes, <u>iddhiuidha abhiññã,</u>

(2) The divine ear which is like the hearing power of the devas, <u>dibbasota abhiñña,</u>

(3) higher psychic power which enables one read the thought of other, pracitta sdhiññã, slso called <u>cetopariys abhiññš</u>

(4) higher psychic power which enables one to re member pšat existences, pubbenioašašnussati abhiñña;
(5) The devine ear or the divine power of sight, diblacakkha abhiññã; and
(6) higher psychic power which can eradicate defile ments, ãsavakkhaya abhiññã.

၄။ ပရစိတ္တဝိဇာနန အဘိညာဉ်ဆိုတာ သူတစ်ပါးတို့ရဲ့ စိတ်အကြံအစည်ကို သိနိုင်စွမ်းသော ဉာဏ်ထူးပဲ။

၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဆိုတာ- ရှေးဘဝများစွာ ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို (ဘဝဖြစ်စဉ်)ကို သိသော ဉာဏ်ပဲ။

၆။ ယထာကမ္မူပဂ အဘိညာဉ် ဆိုတာ - သတ္တဝါတွေရဲ့ ကံအားလျော်စွာ ရောက်ကြ, ရကြပုံများကို သိသော ဉာဏ် ဖြစ်တယ်- ဥပမာ ဘယ်သူဖြင့် ဘယ်ကောင်းမှုကို ပြု၍ ဘယ်ဘုံရောက်သွားပြီ၊ ဘယ်သူတော့ ဘယ်လို မနာလို ဝန်တိုစိတ်ရှိလို့ ခွေးဖြစ်သွားပြီ စသည်ဖြင့် သိသော ဉာဏ်ကို ခေါ်တယ်။

၇။ အနာဂတံသအဘိညာဉ်- နောက်အနာဂတ်မှာ ဘာတွေ ဖြစ်ကြလိမ့်မယ်၊ တိုင်းပြည်အေးချမ်းမယ် စသည်ဖြင့် နောင်လာမည့် အနာဂတ်ကို သိမြင်နိုင်သော ဉာဏ် အထူးပဲ။

လျာလျှန်း။ ဒီလိုဆိုတော့ အဘိညာဉ် ၆-ပါးမကတော့ဘဲ ၇-ပါး ဖြစ် နေတာပေါ့နော် အဘ။

ကျနော် ။ အေးဟုတ်တယ်။ ဒါပေမဲ့ ယထာကမ္မူပဂအဘိညာဉ် ရယ် အနာဂတံသအဘိညာဉ်ရယ် သူတို့နှစ်းပါကို ဒိဗ္ဗ

စက္ခု အဘိညာဉ်ထဲသွင်းပြီး ရေတွက်တော့- ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, အာသဝက္ခယဉာဏ် ဟု အဘိညာဉ် ၆-ပါးပဲ ဖြစ်တယ်ကွဲ့၊ အာသဝက္ခဉာဏ် ဆိုတာကတော့ ကိလေသာများ ကုန်ခန်းတာကို သိတဲ့ဉာဏ်ပဲ။

## ဆဋ္ဌာဘိည ဘလ္လိက

**ဆလိုင်း ။** ဒါဖြင့် ဘလ္လိကအရှင်မြတ်ဟာ ဒီအဘိညာဉ် ၆-ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာဖြစ်တာပေါ့နော် အဘ။

**ကျနော် ။** အေးဟုတ်တယ်။ ဒီအကြောင်းကို ထေရဂါထာ အဋ္ဌကထာမှာ ထင်ထင်ရှားရှားပါတယ်။ သင်္ဂါယနာတင်ထားတဲ့ စာဆိုတော့ ခိုင်လုံပါတယ်။ ငြင်းလို့ မရပါဘူး။ ဒါ့ကြောင့် ပန်းချီကားချပ်မှာ ဘလ္လိကကို ရဟန္တာအသွင်နဲ့ ရေးဆွဲရမှာပါ။

**လှာလျှန်း။** "ရဟန္တာဖြစ်ရင် ဒီလိုအဘိညာဉ် ၆ ပါးရတဲ့ သူချည့်ပဲလား အဘ"။

**ကျနော် ။** ရဟန္တာဖြစ်တိုင်း အဘိညာဉ် ၆-ပါးနဲ့ ပြည့်စုံတာ မဟုတ်ဘူးကွဲ့၊ သုက္ခဝိပဿက- ရဟန္တာဆိုတာရှိတယ်- သူဟာ ကိလေသာကုန်လို့ ရဟန္တာတော့ ဖြစ်ပါရဲ့။ ဒါပေမဲ့ ဒီအဘိညာဉ်တန်ခိုးတွေကို မရလို့ ဘယ်လိုမှ သူတစ်ပါးရဲ့စိတ်အကြံအစည်ကို မသိနိုင်ဘူး။ အဲဒီပုဂ္ဂိုလ်ကို သုက္ခဝိပဿကရဟန္တာလို့ ခေါ်တယ်။

**ဆလိုင်း ။** ဘလ္လိကမထေရ်ပင် ဒီတန်ခိုးအဘိညာဉ်တွေနဲ့ ပြည့်စုံတယ်ဆိုတော့ ဘုရားရှင်လဲ ဒီတန်ခိုးတွေကို ရမှာပေါ့နော်။

2.A

ကျနော်။ ။ ဘုရားရှင်ကတော့ ဒီထက်သာတယ်၊ အသာဓာရဏ ဉာဏ်တော် ၆-ပါးကိုလည်း ရတော်မူတယ်။ အသာဓာရဏဉာဏ် ၆-ပါးဆိုတာ ဘုရားရှင်နဲ့သာဆိုင်တယ် ဘုရားရှင်တို့သာ ရအပ်တယ်၊ ဘလ္လိကမထေရ်တို့လို သာဝကများ မရနိုင်ကြဘူး။

လျှာလျှန်း ။ "အဲဒီဉာဏ် ၆ မျိုးကိုလည်း သိပါရစေ အဘ"။

ကျနော် ။ မျက်လုံးပြူးလျက်။ ဟောဗျား- ဒီမေးခွန်းမျိုးတွေကို ဗုဒ္ဓဘာသာတွေကတောင် အမေးမခံရဘူး၊ ဟုတ်မှ ဟုတ်ကြသေးရဲ့လားဟု အလွန်အံ့အားသင့်လျက်

အေးလေ- သမီးတို့ အချိန်ရရင်တော့ အဘ ပြောပြပါမယ်၊ မှတ်သွားကြပေါ့၊ အမှန်အလွန်သိထိုက်၊ သိသင့်တဲ့အကြောင်းတွေပါပဲ၊ ဘုရားရှင်တို့သာ ပိုင် ဆိုင်တဲ့ အသာဓာရဏဉာဏ်တော် ၆-ပါးဆိုတာ ရှိသေး တယ်။ ယင်းတို့က -

၁။ အာသယာနုသယဉာဏ် -သတ္တဝါတို့ရဲ့ အလို အာသဟူသမျှကို သိသောဉာဏ်၊ ဒီဉာဏ်က ဘုရား ရှင်တို့နဲ့သာ ဆိုင်တယ်၊ သာဝကများ မသိနိုင်ဘူး။ ဥပမာ ပြောမယ်၊ ဘုရားလက်ထက်တော်က မဟာ ပဏ်, စူဠပဏ် မထေရ် ညီနောင်နှစ်ပါးရှိရာ မဟာ ပဏ်က ရဟန္တာဖြစ်တယ်။ စူဠပဏ်ကတော့ ပုထုဇဉ် ပဲ။ နောင်တော် မဟာပဏ်က ညီတော်ကို ဂါထာ တစ်ပုဒ်ပေး ကျက်ခိုင်းတာ တစ်ဝါတွင်းလုံး ကျက် သော်လည်း မရဘူးတဲ့။ ဒါကြောင့် စိတ်ညစ်ပြီး လူထွက်တော့ မယ်လို့ ကျောင်းက ဆင်းသွားရာ

ဘုရားရှင်က ရှေ့မှဆီးပြီး ကမ္မဋ္ဌာန်းပေးသဖြင့် တစ်မနက်ထဲနဲ့ ရဟန္တာဖြစ်လို့ ပိဋကတ်သုံးပုံ ဆောင်နိုင်သတဲ့။ ဒါဟာ ဘုရားရှင်က စူဠပန်ရဲ့ အလိုအာသယကို သိလို့ က ်တင်နိုင်တာ၊ ရဟန္တာ မထေရ်မြတ်ဖြစ်တဲ့ မဟာပန်မထေရ်က မကယ်နိုင်ဘူး၊ နောက်ဉာဏ်တော် တစ်ပါးက -

၂။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်လို့ ခေါ်တယ်၊ သတ္တာတို့ရဲ့ ဣန္ဒြေအနုအရင့်ကို သိနိုင်တဲ့ ဉာဏ်တော်ပဲ ဥပကရသေ့ကြီးဟာ ဘုရားရှင်နဲ့ ပထမဦးဆုံး တွေ့သူပဲ၊ ပုံစံတစ်ခု ပြမယ်ဆိုရင် ဥပကရသေ့ကြီးကိုပြရမှာပဲ၊ ဘုရားရှင်၏ ကိုယ်ရောင်ကိုယ်ဝါကို မြင်ပြီး ပုဂ္ဂိုလ်ထူးပဲလို့တော့ သိတယ်၊ ဒါပေမဲ့ သူရဲ့ဣန္ဒြေမရင့်သေးတော့ ချက်ချင်းကျွတ်တမ်း မဝင်နိုင်ဘူး၊ သားတစ်ယောက်ရပြီးမှ ကျွတ်တမ်းဝင်နိုင်တယ်၊ ဤဥပကရဲ့ ဣန္ဒြေအနုအရင့်ကို ဘုရားရှင်က သိတော်မူတယ်။ ဒီလို သတ္တာတို့ရဲ့ ဣန္ဒြေအနုအရင့်ကို ဘုရားရှင်တို့သာ သိနိုင်လို့ အသာဓာရဏဉာဏ် လို့ ခေါ်တယ်။ နောက်တစ်မျိုးက -

၃။ သဗ္ဗညုတဉာဏ် ဆိုတာ တရားအကုန်လုံးကို စုံအောင် သိသောဉာဏ်ဖြစ်တယ်။ သာဝကတွေ ဒီလို သဗ္ဗညုတဉာဏ်ကို မရနိုင်ဘူး။ ဒါကြောင့် အသာဓာရဏဉာဏ်လို့ ခေါ်ခြင်းဖြစ်တယ်။

၄။ အနာဝရဏဉာဏ် ဆိုတာ ညေယျဓမ်တရား ငါးပါးကို သိမြင်တော်မူရာ၌ အပိတ်အပင် အတားအဆီး မရှိသောဉာဏ်ကို ဆိုတယ်။

၅။ ယမကပါဋိဟာရိယဉာဏ် ဆိုတာ - ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ ပြရာ၌ လေ့လာပြီးရှိသော ဉာဏ် ဖြစ်တယ်။

၆။ မဟာကရုဏာသမာပတ္တိဉာဏ်ဆိုတာ - သတ္တဝါများကို အလွန်သနားတော်မူတတ်သော ဉာဏ်တော် ဖြစ်တယ်။ ဒီဉာဏ်တော် ခြောက်ပါးဟာ-မြတ်စွာဘုရားရှင်တိုင်းသာ သိနိုင်တဲ့ ဉာဏ်တော်များ ဖြစ်တယ်၊ ရဟန္တာ သာဝက တွေမရနိုင်ကြဘူး၊ ဒါကြောင့် အသာဓာရဏ သူတစ်ပါးတို့နှင့် မဆက်ဆံသောဉာဏ်ဟု ဆိုရတယ်။ ဘုရားရှင်တို့မှာသာ ရနိုင်တဲ့ ဉာဏ်ပေါ့ လျာလျှန်းတို့ရဲ့၊ အရဟတ္တမဂ်ဉာဏ်ကို ရပြီးသည်နှင့် တစ်ပြိုင်နက် ဒီဉာဏ်တော်တွေကို ဘုရားရှင်ရတော်မူတာပါပဲ၊ သည့်ပြင် ဘယ်ပုဂ္ဂိုလ်မှ မရနိုင်ပါဘူး။

### ပဋိသမ္ဘိဒါ လေးပါး

ဆလိုင်း ။ "ပဋိသမ္ဘိဒါလေးပါး အကြောင်းလည်း ပြောပါအုန်း အဘရဲ့"

ကျနော် ။ ဒါတွေမေးဘို့ သူတို့ကို ဘယ်သူကများ သင်ပေးလိုက်သလဲဟုတွေးလျက် ကိုဆလိုင်းတို့ကတော့ ပိဋကတ်သုံးပုံ

ကို အကုန်လေ့လာမှ သူတွေနဲ့တူတယ်။ အဘတောင် ကြောက်ချင်လာပြီလို့ နှုတ်က ထွက်သွားပါတယ်။

လှာလျှန်း။ အားတော့နာပါတယ်၊ ဒါပေမဲ့ အဘက ဖြေနိုင်လိမ့်မယ် ထင်လို့ သမီးတို့က မေးကြတာပါ၊ ခွင့်လွှတ်ပါနော်။

ကျနော် ။ ရပါတယ်သမီးရဲ့၊ သမီးတို့ရဲ့ အာသာဆန္ဒ ဖွဲလုံလ ရှိမှုတွေ ဂုဏ်ယူလို့ ပြောမိတာပါ။ ပြောပြပါ့မယ်- ပဋိ သမ္ဘိဒါလေးပါး ဆိုတာကလဲ ဉာဏ်ပညာလေးမျိုး ပြော တာပါပဲ၊ ထိုလေးမျိုးက

၁။ **အတ္ထပဋိသမ္ဘိဒါ** - အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဟူသမျှကိုဂုဏ်း၊ နိဗ္ဗာန်၊ ပါဠိတော်ရဲ့အနက် အဓိပ္ပာယ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်၊ ငုဏ်းငါးပါးသော တရား တို့ကို သိခြင်းပါ။

၂။ **ဓမ္မပဋိသမ္ဘိဒါ** - အကျိုးကို ဖြစ်စေတတ်သော အကြောင်း တရားဟူသမျှနှင့် အရိယာမဂ်လေးပါး၊ ပါဠိတော်အစဉ်၊ ကုသိုလ်၊ အကုသိုလ်ငုဏ်း ငါးပါးစုတရားများကို သိသော ဉာဏ်။

၃။ **နိရုတ္တိပဋိသမ္ဘိဒါ** - ဆိုခဲ့ပြီးသော အတ္ထငါးမျိုး၊ ဓမ္မငါးမျိုး တို့နှင့် ဆိုင်ရာ သဒ္ဒါ ပုဒ် ပါဠိ ဆယ်ပါးတို့ကို ကျွမ်းကျင် စွာ သိသောဉာဏ်။

၄။ **ပဋိဘာနပဋိသမ္ဘိဒါ** - အထက်ဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါ သုံးပါးကို ပိုင်းခြားဝေဖန်သိသောဉာဏ်။ ယင်းပဋိဘာန ပဋိသမ္ဘိဒါကိုပင် သဗ္ဗတ္ထကပဋိသမ္ဘိဒါဉာဏ်လို့လဲ ခေါ် တယ်။

ခုပြောခဲ့တဲ့ ဉာဏ်တော်လေးပါးကိုလည်း ဘုရားမြတ်စွာ ပိုင်ပိုင်နိုင်နိုင် သိမြင်တော်မူပါတယ်။ ဒါကြောင့် အတုလ- အတုမရှိသော ဘုရားလို့ ဆိုကြရတာပေါ့။

ဆလိုင်း ။ ဒီလို ခွဲခွဲခြားခြား သိရတာ သိပ်ကျေးဇူးတင်ပါတယ် အဘ ရယ်၊ ဒီဉာဏ်တွေကို ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ အကုန် သိမြင်တော်မူတာပဲလား အဘ။

ကျနော် ။ ဒီလောက်တင်ဘယ်ကမလဲ မောင်ရာ၊ ဝေသာရဇ္ဇဉာဏ် တော်လေးပါး၊ ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါး၊ အာဝေဏိကဂုဏ်တော် တစ်ဆယ့်ရှစ်ပါးစတဲ့ဉာဏ်တော် ဂုဏ်ကျေးဇူးတော်တွေလည်း များမှများပဲ မောင်ရဲ့၊ ဒီလို ဂုဏ်အပေါင်းနဲ့ ခညောင်းတဲ့ဘုရားမို့ တို့တော့ အကြွင်းမဲ့ ယုံတယ်၊ ကိုးကွယ်တယ်၊ ဆင်းရဲဒုက္ခအပေါင်းမှ လွတ် အောင် ကယ်တင်နိုင်တယ်လို့လည်း ယုံကြည်တယ်။

ဆလိုင်း ။ ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါး ဆိုတာ

ကျနော် ။ ဘုရားရှင်တို့သာ သိအပ်တဲ့ အသာဓာရဏဉာဏ်တော် ခြောက်ပါးရယ်၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်သစ္စာလေးပါး ကို သိတဲ့ ဉာဏ်တော်လေးပါးပါပဲ၊ အသာဓာရဏဉာဏ် တော် ခြောက်ပါးနဲ့ ပဋိသမ္ဘိဒါဉာဏ်လေးပါးကို ရှင်းပြပြီး ပြီလေ။ သစ္စာလေးပါး သိတဲ့ဉာဏ်ပဲ ရှင်းပြရမှာပေါ့။

ဆလိုင်း ။ ဟုတ်ကဲ့ ရှင်းပြပါဦး။

ကျနော် ။ သစ္စာလေးပါး ဆိုတာ

၁။ ဆင်းရဲခြင်း အမှန်တရား (ဒုက္ခသစ္စာ)

၂။ ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရား (သမုဒယ သစ္စာ)

၃။ ဆင်းရဲခြင်းချုပ်ရာငြိမ်းရာ (နိဗ္ဗာန်) (နိရောဓသစ္စာ)
၄။ ဆင်းရဲခြင်းငြိမ်းရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း လမ်းမှန်တရား (မဂ္ဂသစ္စာ)လို့ သစ္စာလေးပါး ရှိပါတယ်၊ အဲဒီသစ္စာလေးပါးကို ထိုးထွင်း၍ မဖောက်မပြန် အမှန်ကို သိမြင်နိုင်သော ဉာဏ်လေးပါးပဲ ဖြစ်တယ်။

လျာလျှန်း။ အသာဓာရဏဉာဏ် ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ် လေးပါး။ သစ္စဉာဏ်လေးပါး၊ ပေါင်းရင် ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါး ဖြစ်တာပေါ့နော် အဘ။

ကျနော် ။ ဟုတ်ပါတယ်၊ ဒီတစ်ဆယ့်လေးပါးကို ဗုဒ္ဓဉာဏ်တော် လို့ အမည်ပေးထားတာပါ။

## ဗုဒ္ဓဉာဏ်တော် (၁၄) ပါး

ဆလိုင်း ။ ကျေးဇူးတင်ပါတယ် အဘရယ်၊ ကျနော်တို့လဲ ရွှေတိဂုံစေတီအကြောင်း မေးဖို့ လာကြတာ၊ နီဒါန်းနဲ့ပဲ အတော်များနေပြီ။

ကျနော် ။ အေးပါ ကိုဆလိုင်းတို့က အချိန်ရပါတယ်၊ ပြောသာပြောပါဆိုလို့ ဦးလဲ ပြောရတာပါ။ နောက်နေ့တော့ ရွှေတိဂုံစေတီတော်ရဲ့အကြောင်းကို ပြောကြသေးတာပေါ့။

လျာလျှန်း။ ကျေးဇူးတင်ပါတယ်ဦး၊ ဦးမို့သာ အခြားသူဆို ဒီလောက်အပင်ပန်းခံပြီး ပြောချင်မှ ပြောမှာပါ။ သိပ်ကျေးဇူးတင်ပါတယ်။

ကျနော် ။ အပင်ပန်းခံ ဖြေရတာပေါ့၊ မတော် အမှတ်မှားသွားရင် ပို၍ရှုပ်ကုန်မှာ ကြောက်ရတယ်။ ဒါကြောင့် တိတိကျကျ

အပင်ပန်းခံရတာပါ။ ဒီအကြောင်းအရာတွေကို တို့ဗုဒ္ဓဘာသာတွေလဲ သိထားကြရင် ပိုကောင်းမှာပဲ၊ ဒါပေမယ့် မေးသူနည်းတယ်။

ဆလိုင်း ။ ဘယ်ဘာသာရေးမျိုးကို မဆို လေ့လာထားရင် ကောင်းကြတာချည့်ပါပဲ၊ လေ့လာထားသင့်ကြပါတယ်။ ယခု ကျနော်တို့လဲ ရွှေတိဂုံစေတီအကြောင်းကို လေ့လာရင်း ဒါတွေပါ သိရတော့ ပိုကောင်းတာပေါ့။

ကျနော် ။ နောက်နေ့တော့ ရွှေတိဂုံစေတော်ရဲ့အကြောင်းကို ဆက်ကြသေးတာပေါ့၊ ဒီနေ့တော့ အချိန်ကုန်သွားပြီ။

ဆလိုင်း၊ လျှာလျှန်း ။ ဟုတ်ကဲ့ခင်ဗျား၊ ဟုတ်ကဲ့ရှင့်။

## ဘုရားရှင်၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆလိုင်း ။ ဂေါတမဗုဒ္ဓရဲ့အတ္ထုပ္ပတ္တိ အကျဉ်းပြောပြပါလားဦး။

ကျနော် ။ တို့ဂေါတမဗုဒ္ဓဟာ ဘီစီ ၆၂၃-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကပိလဝတ္ထုမြို့တော်၌ ဘခင်သုဒ္ဓေါဒနမင်း မိခင်သီရိမဟာမာယာဒေဝီတို့မှ ဖွားမြင်တော်မူတယ်။ သာကီဝင်မင်းမျိုးဖြစ်တယ်။ သက်တော် ၁၆-နှစ်အရွယ်တွင် ဒေဝဒဟမြို့တော်မှ ဘဒ္ဒကဉ္စနာ ယသော်ဓရာဒေဝီနှင့် လက်ထပ်တယ်၊ ထီးနန်းစည်းစိမ်ခံစားတယ်၊ သက်တော် ၂၉-နှစ်ရောက်တော့ သားတော်ရာဟုလာမွေးဖွားခဲ့တယ်။ ထိုနေ့မှာပင် တောထွက်၍ ဥရုဝေလတောအုပ်၌ (၆)နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့တယ်။ သက်တော် (၃၅) နှစ်တွင် ဂယာမြို့အနီး ဗောဓိမဏ္ဍိုင်၌ လောကသုံးပါးတွင်

အတုမရှိ မြင့်မြတ်သော သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့တယ်။ ဘုရားဖြစ်တော်မူပြီး (၄၅)ဝါတိုင်ပတ်လုံး တရားတော်များကို လှည့်လည်ဟောကြားတော်မူတယ်။ သက်တော်ရှစ်ဆယ်အရွယ်တွင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုတော်မူတယ်။

ဗုဒ္ဓဟာ သတ္တဝါအများ စီးပွားချမ်းသာအလို့ငှာ ပွင့်တော်မူလာခြင်း ဖြစ်တယ်။ မြတ်ဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

He was born in Kapilavattha in 623 B.C. his parents were King Suddhodans and Queen Mahã Mãyã of Sakyan Clan. At the age of Sixteen, he married Bhaddakancana Yasodharã of Devadaha City and took the royal the throne. At the age of twentey-nine, he got a son and named him Rahula, On the day his son was born, he renownced the world, and wandered about in Uravela Grove, searching for the ultimate truth frm Barious teachers,

For six long years he praetised the Dukharacoriyã, the difficult pratice which no ordinary person can undertake, At the age of thirty five, he attained ful Enligtenment at the food of the Bodhi Tree near Gaya City. he taught th

dhamma for fortyfive years, of Buddhahook and at the age of Eighty, he realized Parinibbāna at Kusināra. For the wellfare of living beings, the Buddha appeared in this world. I take refuge in the Buddha.

လျှာလျှန်း။ ဘုရားရှင်က သတ္တဝါတွေ ကောင်းကျိုးကို ဆောင်ရွက်ခဲ့လို့ ရုပ်တုတော်တွေ လုပ်ထားတာလား။

ကျနော် ။ ဟုတ်တယ် သမီးရေ၊ ဘုရားရှင် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးရဲ့ ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်မြတ်ဖြစ်တယ်။ အစဉ်သတိရနေထိုက်သူ၊ အလေးဂရုပြုထိုက်ဆုံး ပုဂ္ဂိုလ်မြတ်လို့ ဘုရားရှင်ကို အစဉ်သတိရနေစေရန် ကိုးကွယ်ကြတာပဲ။ ပူဇော်ကြတာပဲ၊ ရှိခိုးကြတာပဲ။ ရုပ်တုတော်ကို ရှိခိုးပူဇော်ရာ၌ စေတနာထက်သန်ရင် ထက်သန်သလောက် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့်မခြား ကြီးမားများပြားသော ကောင်းကျိုးချမ်းသာတွေကို ရရှိစေနိုင်တယ်ကွဲ့။

∢ Likeness of the Buddha; Statue of the Buddha. The Buddha is the greatest benefactor of all living being including men and devas. He is one who should always be remembered, revered and paid homage to Because he is the greated benefactor and the most homage-worthy, to enable one to have him always

in one's ming one should make an image of the Buddha and have it worshipped as the Uddissa Cetiya. In performing the act of veneration. depending on the degree of one's sincerity and keenness one can have as much benefit as one would gain by paying homage to the living Buddha.

## ပုဂ္ဂိုလ်နှစ်ဦးနှင့်ရွှေတိဂုံစေတီတော်

ဆလိုင်း ။ "ဘုရားပွင့်တော်မူတဲ့အကြောင်းတော့ သိပါပြီ အဘရယ်၊ ဘုရားရှင်နဲ့တွေ့တော့ တဖုသတို့ ဘာဖြစ်သွားကြသလဲ"

ကျနော် ။ သူတို့ရဲ့အာသာဆန္ဒပြည့်ဝသွားတာပေါ့ကွဲ့၊ သူတို့ဟာ ရှေးဘဝတွေက "ဘုရားရှင်အား ဆွမ်းဦးကပ်လှူရပါလို၏" လို့ ဆုတောင်းခဲ့တာ မဟုတ်လား၊ သူတို့မှာ အဆင်သင့်ပါလာတဲ့ မုန့်ကြွက်ကျစ်နဲ့ ပျားမုန့်ဆုတ်တို့ကို ဘုရားရှင်အား လှူဒါန်းကြတယ်၊ ဘုရားရှင်က ထာဝရပူဇော်နိုင်ရန် ဆံတော်ရှစ်ဆူကို ချီးမြှင့်လိုက်တယ်။

ဆလိုင်း ။ "ဟုတ်ကဲ့ခင်ဗျာ့" ဟု ဆိုကာ သူ့စာအုပ်ထဲသို့ ရေးမှတ်နေလေသည်။

ကျနော် ။ ကုန်သည်ညီနောင်ဟာ ဆံတော်ရှင်များကို ရလာပြီးနောက် သူတို့ပါလာတဲ့ကုန်များကို လှည့်ရောင်းကြသေးတယ်၊ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့မှာ ရှိနေစဉ် သူတို့ ဘုရားရှင်ထံ နောက်တစ်ကြိမ် သွားဖူးကြတယ်။ ဘုရားရှင်က တရား

ဟောလို့ ညီငယ်ဘလ္လိကမှာ ဆဠာဘိညာ ရဟန္တာကြီး ဖြစ်တော်မူတယ်။ နောင်တော် တဖုဿကတော့ သောတာပန်ပဲ တည်တယ်။ လူဝတ်ကြောင်ပဲ၊ သူတို့ဟာ တရားထူးလဲရ၊ ဆံတော်များကိုလည်း ရခဲ့သဖြင့် ဝမ်းမြောက်စွာ မိမိရပ်ဌာန် မြန်မာနိုင်ငံသို့ သင်္ဘောလွှင့်၍ ပြန်လာခဲ့ကြတယ်။

လျှာလျှန်း။ "ပန်းချီကားချပ်ထဲမှာ ညီနောင်နှစ်ယောက်လုံး လူဝတ်ကြောင်နဲ့ ချည့်ဆွဲထားပါလား အဘရဲ့" တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေခဲ့သော "လျှာလျှန်း"က ဝင်၍ ထောက်ပါသည်။

ကျနော် ။ ဒါဟာ ထေရအပါဒါန်အဋ္ဌကထာကို မကြည့်ဘဲနဲ့ ရေးဆွဲထားတာပါ၊ အပါဒါန်ထဲမှာ ညီငယ်ဘလ္လိကဟာ ရဟန္တာ အရှင်မြတ်ကြီးဖြစ်တယ်လို့ အတိအကျ ရေးထားတာပဲ။

## မိုးလ်တစ်ထောင်ဆိပ်

လျှာလျှန်း။ "ဒီလိုဆိုတော့ သူတို့ပြန်လာတဲ့အချိန်မှာ တဖုဿက သူဌေးကြီး ဘလ္လိက က ရဟန္တာမထေရ်မြတ်ကြီး ဖြစ်မှာပေါ့နော် အဘ"

ကျနော် ။ သိပ်ဟုတ်တာပေါ့ကွယ်၊ ဘလ္လိကမထေရ်မြတ်က ရှာန်ရ ရဟန္တာကြီးဆိုတော့ "သူတို့ ဆံတော်ရှင်များကို ပင့်လာကြတယ်၊ ယနေ့ ဘယ်မြို့ရောက်ပြီ။ နောက်ဘယ်နှစ်ရက်ကြာရင် ဒဂုံမြို့ပြန်ရောက်ကြမယ်"လို့ ကြိုတင်ကြွလာပြီး ပြောထားနှင့်တယ်။ ဒါကြောင့် ဥက္ကလာပမင်းကြီးက

ဗိုလ်ခြေတစ်ထောင်နဲ့ ပင်လယ်ဆိပ်ကမ်းက ဆီးကြိုနိုင်တာပါ။ ဆံတော်ရှင်များကို ဗိုလ်ခြေတစ်ထောင်နဲ့ ကြိုဆိုလို့ ယနေ့တိုင် ဗိုလ်တစ်ထောင်ဆိပ်ကမ်းလို့ အမည်တွင်နေတယ်လေ။

ဆလိုင်း ။ "အော်ဟုတ်လား၊ ဆံတော်ရှင်များ ဒီရောက်လာတော့. ."

ကျနော် ။ အတိုချုပ်ပဲ ပြောကြစို့ကွယ်။ ဆံတော်ရှင်များ ရောက်လာတော့ ဗိုလ်တစ်ထောင်ဆိပ်မှာပဲ မဏ္ဍပ်ထိုးပြီး အပူဇော်ခံထားတယ်၊ ရပ်ဝေးရပ်နီးက လာတဲ့ လူတွေဟာ မနည်းလှဘူးတဲ့၊ လူတွေဟာ ဘုရားပွင့်တော်မူပြီဆိုတဲ့ သတင်းကြားရတော့ သိပ်ဝမ်းသာနေကြတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မဖူးရသည့်တိုင် ဆံတော်ရှင်များကို ဖူးတွေ့ရသည်နှင့် ကျေနပ်ကြရသည် မဟုတ်လား၊ ဒီတော့ ဘုရားရှင်ရဲ့ ဆံတော်တွေ ရောက်လာသတဲ့ဟေ့ ဟူသောအသံကို ကြားရကာမျှဖြင့် အကုန်ရောက်လာကြတော့တာပဲ မောင်ရာ၊ ဆံတော်ရှင်တွေကလည်း ရှစ်ရက်သီတင်းနေ့တိုင်း ညိုမောင်းသော ရောင်ခြည်တော်များ မပြတ်လွှတ်တော်မူကြသတဲ့၊ အလွန်ကြည်ညိုဖွယ်ရာ ကောင်းပါတယ် မောင်ရာ။

ဆလိုင်း ။ "ဟုတ်ကဲ့ ဒီကို ဆံတော်တွေ ပင့်လာတာ ဘယ်အချိန်လောက်က ဖြစ်မလဲ အဘ" သူတို့က ခုနှစ်၊ သက္ကရာဇ်အတိ အကျသိချင်ကြသည်။ မှတ်စုစာအုပ်ကို ဖွင့်လျက်ကျွန်တော်ပြောသည်နှင့်တစ်ပြိုင်နက် ရေးမည့်သဘော။

## ရွှေတိဂုံစေတီတော်၏သက်တမ်း

ကျနော် ။ ဘုရားရှင် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ ပွင့်တော်မူတယ်။ ပွင့်တော်မူပြီး (၄၉) ရက် လွန်မှာ ဆံတော်များကို ရလာတယ်။ ဒီရွှေတိဂုံစေတီ တော်ကို ထိုနှစ်တစ်ပေါင်းလပြည့်နေ့မှာ ပြီးတယ်ဆိုတော့ ဆယ်လအတွင်းပဲ၊ ယနေ့ သာသနာသက္ကရာဇ် ၂၅၄၁- ခုနှစ် ရှိပြီဆိုတော့ ဒီနေ့မှာ နောက်ပြန်ရေတွက်မယ်ဆို ရင် နှစ်ပေါင်း ၂၅၄၁-ခုနှစ်ကျော် လောက်ပြီပေါ့။

ဆလိုင်း ။ "ဒီစေတီကြီးဟာ အတောက်ကြာလှပြီကိုး"

ကျနော် ။ "အေး-အတော်ကို ကြာလှပြီ၊ မူလတည်ကာစကတော့ ဒီလောက်ဥာဏ်တော် မမြင့်သေးဘူးကွဲ့၊ ပေ (၆၀)လောက် ပဲ မြင့်တယ်လို့ ဆိုတယ်။ အဲဒီအချိန်က ဥက္ကလာပမင်း သား (၃၂) ယောက်ကို့လဲ ဆက်လက်စောင့်ရှောက်ခဲ့ကြ လို့ ဆိုတယ်။ ဒါပေမယ့် နှစ်ပေါင်းကြာလာတော့ စောင့် ရှောက်သူမဲ့ပြီး ခြုံနွယ်ပိတ်ပေါင်း ဖုံးလွှမ်းခံခဲ့ရသေးတယ်"

လျှာလျှန်း။ "နောက်ဘယ်လို ပြန်ပေါ်လာသလဲ အဘ"

ကျနော် ။ "ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၃၆-နှစ် ကြာတော့ အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာ သောကမင်းဟာ ကိုးတိုင်းကိုးဌာသို့ မထေရ်မြတ်များကို သာသနာပြုလွှတ်တယ်။ အဲဒီအခါမှာ အရှင်သောဏ၊ အရှင်ဥတ္တရ အမှူးပြုသော မထေရ်မြတ်ငါးပါးဟာ သုဓမ္မ ပူရ သထုံမြို့သို့ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ ကြတယ်။

လျှာလျှန်း ။ "ဈာန်ဆိုတာ က . . . ."
ကျနော် ။ ဈာန်ဆိုတာ ကသိုဏ်းစတဲ့ အာရုံတွေကို စူးစူးစိုက်စိုက် ရှုမှတ်တတ်သည့် စိတ်။

## ရေစောင့်ဘီလူးမ

မြေလျှိုးမိုးပျံနိုင်တဲ့ တန်ခိုးတော်ပေါ့။ အရှင်မြတ်များဟာ အဲဒီ တန်ခိုးတော်ဖြင့် ထန်းလေးဆင့်မျှမြင့်သော ကောင်းကင်ခရီးဖြင့် သထုံပြည်သို့ ကြွရောက်တော်မူကြတယ်။ အဲဒီအချိန်ကာလမှာလဲ သထုံပြည်မှာ နန်းတော်၌ မင်းသားလေး ဖွားတိုင်း ဖွားတိုင်း ရေစောင့်ဘီလူးမများ လာရောက်စားလေ့ရှိကြသတဲ့။

လျှာလျှန်း။ "လူတွေက မကာကွယ်နိုင်ကြဘူးလား"
ကျနော် ။ "လူဆိုတာ တတ်နိုင်သလောက်တော့ ကာကွယ်ကြတာပါပဲ၊ ဒါပေမယ့် သူတို့က ဘီလူးတွေဆိုတော့ ဘယ်နိုင်မှာလဲ၊ သူလိုချင်တဲ့သူကို အတင်းလုယူပြီး စားသွားကြတာပဲ၊ ပြီးတော့ သူတို့သဏ္ဌာန်ကလည်း ကြောက်စရာကောင်းတယ်၊ ဘီလူးခေါင်း ခြင်္သေ့ကိုယ်နှစ်ခုနဲ့ ခွေးစုတ်ဖွားကြီးတွေ။ မထေရ်မြတ်များကြွလာတဲ့ အချိန်မှာ နန်းတော်ထဲမှာလဲ မင်းသားလေးက ဖွားမြင်ပြီးစတဲ့။ ဒါကြောင့် ဘီလူးများရန်ကို ကြောက်ပြီးတပ်လှန့်ထားတဲ့အချိန်ပေါ့"

ရဟန်းတော်များ ကြွလာတော့ ဘီလူးမများရဲ့အသင်းအပင်းတွေ ထင်ပြီး ထုတ် ဓား လေး မြားတွေနဲ့ ဝိုင်းလာကြတယ်။ မထေရ်မြတ်များက "တို့ဟာ သူများကို သတ်ဖြတ်ညှဉ်းဆဲသူများ မဟုတ်ကြ၊ သတ္တဝါအပေါင်းကို သနား

ကြင်နာတော်မူသော မြတ်စွာဘုရားရှင်ရဲ့ သားတော်များ ဖြစ်တယ်"စသည်ဖြင့် တရားဟောသောအခါ ရှေးက ဘုရားရှင်ကြွလာတော်မူဖူးကြောင်းကို ပြန်ပြောင်းအောက်မေ့ကြပြီး အရိုအသေ ပေးကြသောအခါမှ မထေရ်မြတ်များလည်း ကေလာသတောင်ထိပ်ပေါ်သို့ ကောင်းကင်မှ ဆင်းသက်တော်မူကြတယ်၊ လူများက မထေရ်မြတ်များကို ဝိုင်းအုံ၍ ရှိခိုးပူဇော်နေကြစဉ် သမုဒ္ဒရာထဲမှ ဘီလူးမများကလည်း နန်းတော်တွင်းက မင်းသားကို စားရန် တက်လာကြပါလေရော။

## အရှင်သောဏနှင့် အရှင်ဥတ္တရ

ထိုအခါ ဘီလူးမတွေကို လူတွေက မြင်ပြီး၊ ပြေးသူကပြေး၊ ပုန်းသူက ပုန်းနှင့် အုန်းအုန်းကျက်ကျက် ဖြစ်နေကြတယ်။ မပြေးနိုင်သူများကလည်း မထေရ်မြတ်များကို "အရှင်ဘုရားတို့ ဘီလူးမတွေ လာကြပါပြီ ဘုရား၊ ကယ်တော်မူပါ၊ ကယ်တော်မူပါနှင့် ငိုယိုကြပြီး မထေရ်များကို အားကိုးကြတယ်။

ထိုအခါ မထေရ်မြတ်များက ထိုဘီလူးမများထက် နှစ်ဆများသော၊ နှစ်ဆကြီးသော လူ့ခေါင်းနှင့် ခြသေ့်ကိုယ်နှစ်ကိုယ်သဏ္ဌာန် အဓိဋ္ဌာန်၍ ဘီလူးမများကို ဝိုင်းထားလိုက်ကြတယ်။ ထိုအခါ ဘီလူးမတွေက ဒီတစ်ကြိမ်တော့ ငါတို့ အစားခံရမည့် အလှည့်ပဲဟု သူတို့အချင်းချင်း အချက်ပေးပြီး ပင်လယ်ထဲသို့ ဆင်းပြေးကြတယ်။ အဲဒီလို မထေရ်မြတ်များဟာ သထုံပြည်မှာ ဘီလူးမများ၏ အန္တရာယ်ကို ကာကွယ်ခဲ့ရတယ်။ နောက်ထပ် ဘီလူးမများ မလာဝံ့အောင်လည်း ကေလာသတောင်ပေါ်မှာ မထေရ်မြတ်များ ဖန်ဆင်းတဲ့ မနုသီဟရုပ်ကို ထုလုပ်ထားကြတယ်။

ဘီလူးတွေရဲ့ ရန်ကိုလဲ နှိမ်နှင်းပေးခြင်း၊ ဗြဟ္မဇာလသုတ် တရားတော်ကို ဟောခြင်းတို့ကြောင့် လူတွေဟာ သံဃာတော်နှင့် တရားတော်များကို ကိုးကွယ်ကြရတယ်။ ဘုရားရှင်ကို ကိုးကွယ်စရာမရှိ၍ မထေရ်မြတ်များကို ဆောင်ရွက်ပေးပါရန် လျှောက်ထားကြတဲ့အခါ-

မထေရ်မြတ်များက ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းခံနေရသော ရွှေတိဂုံစေတီတော်ကို ညွှန်ပြကြတယ်။ ထိုအခါ ခြုံနွယ်ပိတ်ပေါင်းကို ရှင်းလင်းပြီး ရွှေတိဂုံစေတီတော်ကို ပြုပြင်မွမ်းမံ၍ ကိုးကွယ်ကြတယ်။ ထိုအချိန်မှစပြီး ပြန်ပေါ်လာတယ်လို့ ပြောရမှာပဲ။ နောက်တော့ ယနေ့အထိ မတိမ်မြုပ်တော့ပါဘူး။

**ဆလိုင်း။** ဒီစေတီတော်ကြီးက အဲဒီအချိန်က ရှိခဲ့တာလား။

## ရှင်စောပုတို့ မိသားစုမြင့်ခဲ့

**ကျနော်။** ဟုတ်တယ်လေ အဲဒီအချိန်က ပြန်လည်ထင်ရှားလာတာပဲ ဒါပေမယ့် အဲဒီအချိန်ကတော့ ခုလက်တွေ့ ဖူးမြင်နေရတဲ့ ပမာဏလောက် မကြီးသေးဘူး။ နောက် ဟံသာဝတီမင်းဆက် အုပ်စိုးသော အချိန်ရောက်မှ ဉာဏ်တော်မြင့်လာတာပါ။

**ဆလိုင်း။** "သက္ကရာဇ် ဘယ်အချိန်လောက်ကျမှ ဒီအခြေအနေရောက်လာသလဲအဘ"

**ကျနော်။** မြန်မာသက္ကရာဇ် "၈၁၅"ခုနှစ်မှာပဲ နန်းတက်သော ဘုရင်မကြီး ရှင်စောပုနဲ့ သူ့မောင်တော် ဟံသာဝတီဘုရင် ဗညားဒေါတို့ လက်ထက်ကျမှ ဉာဏ်တော် ၃၀၂ပေအထိ မြင့်တက်လာခဲ့တာပါ။

ဆလိုင်း။ "ဒီစေတီကြီးကို ဘယ်လိုရှိခိုးပူဇော်သလဲအဘ" သူမေးလိုတာ ဒီအုတ်ပုံစေတီကြီးကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရှိခိုးတာလဲလို့ မေးလိုပုံရပါသည်။

ကျနော်။ ဒီစေတီတော်ကြီးဟာ များသောအားဖြင့် အုတ်၊ ကျောက်တို့ဖြင့် တည်ဆောက်ခဲ့တော့ အုတ်ပုံသဘောမျိုး ဖြစ်နေပါတယ်။ ဒါပေမယ့် ဘုရားရှင်ကို ရည်စူး၍ တည်ထားသော စေတီတော်ဖြစ်လို့ ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုပြီး ရှိခိုးပူဇော်ကြရပါတယ်။ ပုံနှိုင်း ပြောရမယ်ဆိုရင်တော့ လူတိုင်းမှာ မွေးမိခင် မွေးဖခင်များ ရှိကြတယ်။ မိဖများဟာ သားသမီးတို့အပေါ်မှာ ကျေးဇူးများခဲ့ကြတယ်။ ဒါကြောင့် မိဖများ ကွယ်လွန်သွားကြတော့ သူတို့ရဲ့ ရုပ်တုများကို ထုလုပ်ပြီး ကိုးကွယ် ပူဇော်ကြတယ် ဆိုပါစို့။ ထိုအခါ ရုပ်တုပြုလုပ်ထားတဲ့ သစ်သားကို အာရုံပြု၍ ပူဇော်မှာလား။ သို့မဟုတ် မိဘများရဲ့ မိမိတို့ အပေါ်. . .

## သာမာန်အုတ်ပုံမဟုတ်

ကောင်းခဲ့တဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး ရှိခိုးပူဇော်ကြမှာလား။ ဘယ်လိုသဘောထားကြမလဲ။ သူတို့ကို ပြန်မေးမိပါသည်။

ဆလိုင်း။ "ဒါတော့ မိဘတွေရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး အလေးပြုကြရမှာပါ"

ကျနော်။ အဲဒီလိုပါပဲ ဒီစေတီတော်ကြီးဟာ အုတ်ပုံကြီးဖြစ်ပေမဲ့ သာမာန်အုတ်ပုံ မဟုတ်ပါဘူး။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရည်စူးပြီး အဆင့်လိုက် အဆင့်လိုက် တည်

ဆောက်ထားတာဖြစ်လို့ ဂူဏ်တော်တွေ ကို ရည်စူးပြီး ပူဇော်ကြရမှာပါ။

ဥပမာ ဒီစေတီတော်ကြီးရဲ့ ထိပ်ဆုံး စိန်ဖူးတော်ဟာ ဘုရားရှင်ရဲ့ အရဟတ္တမဂ်ဉာဏ်တော်ကို ရည်စူး၍ တင်ထားတာဖြစ်လို့ စိန်ဖူးတော်ကို ရှိခိုးရင် ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကို အာရုံပြုရမှာပါ။ ဒြပ်မှ ဂုဏ်တော်သို့ရောက်အောင် အာရုံပြုပြီး ပူဇော်ကြရမှာပါ။

**ဆလိုင်း။** ဒီစေတီတော်မြတ်ကြီးကို ဘယ်လိုတည်ဆောက်ခဲ့သလဲ ဦး။

**ကျနော်။** တဖုဿ, ဘလ္လိက ကုန်သည်ညီနောင်နဲ့ ဥက္ကလာပ မင်းကြီးတို့ဟာ ဒီသိင်္ဂုတ္တရကုန်းတော်ပေါ်မှာ လေးဆယ့်လေးတောင်နက်သော ဥမင်ကြီးကို တူးစေပြီး စိန်အဆင်းရှိသော ကျောက်ဖျာကြီးကို အောက်မှခင်း၍ ငွေအဆင်းရှိသော ကျောက်ဖျာကို အရှေ့မျက်နှာ, ဖန်ပုလဲအဆင်းရှိသော ကျောက်ဖျာကြီးကို အနောက်မျက်နှာ, ရွှေအဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်မျက်နှာ, နီလာကြယ်ပြာရောင် အဆင်းရှိသော ကျောက်ဖျာကြီးကို တောင်မျက်နှာတို့၌ အသီးသီး ရန်စေတယ်။ အဲဒီလို စနစ်တကျ ခင်းပြီး ဥမင်ကြီး၏ ထောင့်လေးထောင့်တွင် ဖရောင်းတိုင်ကြီးလေးတိုင်ကို အဓိဋ္ဌာန်ပြု၍ ထွန်းထားတယ်။

## ရွှေတိဂုံတည်ဆောက်ခဲ့ပုံ

ထို့နောက် ဥမင်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်ထိ မြုပ်အောင် ထည့်တယ်။ ထိုရတနာ (၇)ပါးပေါ်တွင် ရတနာအတိပြီးသော သဘော်

ထက်၌ ပတ္တမြားပြသာဒ် လေးဆောင်ကို ထားတယ်။ ပတ္တမြားပြသာဒ် တစ်ဆောင်စီ၌ ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်, ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်, ကဿပဘုရားရှင်၏ ရေသနှုတ်တော်တို့ကို ထည့်သွင်းထားတယ်။ ကျန်တစ်ဆောင်တွင် ဒီဘုရားရှင်၏ ဆံတော်ကို ပတ္တမြားကြုပ်၌ ထည့်၍တင်ထားတယ်။ ပတ္တမြား, မြ, စိန်ပန်းခက် တို့ဖြင့် ဘေးမှ ပူဇော်ထားတယ်။ ဥမင်ရဲ့ လေးဘက်, လေးတန်မှ မီးစက်, ရေစက်, လှံဓား ယန္တယားနှင့် ထားပြီး သံကွန်ချာ ခုနစ်ထပ် အုပ်ထားတယ်လို့ သမိုင်းကဆိုတယ်။ သံကွန်ချာ အုပ်ပြီးမှ သိကြားမင်းကိုယ်တိုင် ပတ္တမြားအဆင်းရှိသော ကျောက်ဖျာဖြင့် ဖုံးအုပ်ထားတယ်။

**ဆလိုင်း။** အောက်မှာ ထားတဲ့ ဌာပနာတိုက်က အတော် လုံခြုံတာပဲ နော်ဦး။

**ကျနော်။** အဲဒီလို လုံလုံခြုံခြုံ ဖုံးအုပ်ထားသည့်တိုင် လင်းနေတယ်လို့ ဆိုတယ်၊ လူမျိုးခြားတစ်ယောက်က ဌာပနာတိုက်ထဲ ရောက်သွားတော့ သူတော်စင်တွေကိုလည်း တွေ့တယ်၊ ရတနာတွေ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတာလည်း တွေ့ခဲ့ရတယ် ဆိုတယ်။ ဒါကတော့ ဆောင်းပါးဖတ်ဖူးတာပါ။

**လျာလျန်း။** အဲဒီလို ဌာပနာတိုက်ဆောက်ပြီးတော့ . . . .

**ကျနော်။** ဌာပနာတိုက်ရဲ့ အထက်ကျောက်ဖျာပေါ်မှာ ရွှေစေတီတည်တယ်။ နောက်စေတီကို ငွေစေတီငုံ၍ တည်တယ်။ ဤနည်းအတိုင်း ကြေးဖြူစေတီ ကြေးနီစေတီ, သလွဲစေတီ, ကျောက်ဖြူစေတီ, သံအုပ်စေတီတို့ကိုအဆင့်ဆင့် မျို၍ တည်ပြီး၊ စေတီတော်ကို ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာခုနစ်ပါးဖြင့် မွမ်းမံတယ်။ ထိုစေတီမှာ ဉာဏ်တော်

(၄၄)တောင်ရှိတယ်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပေါင်းလပြည့်နေ့ (ဗုဒ္ဓဟူး)နေ့တွင် ပြီးတယ်။ ဆံတော်ရသော ဝါဆိုလဆန်း (၅)ရက်၊ ဗုဒ္ဓဟူးနေ့မှ တပေါင်းလပြည့်နေ့အထိ ရှစ်လခွဲကြာတယ်။

ဆလိုင်း။ ယခုထက် ရင်ပြင်တော်ဟာ ဘယ်လောက်ကျယ်ဝန်းသလဲဦး။

ကျနော်။ အရှေ့အနောက် ပေ(၉၀၀)။ တောင်နှင့်မြောက်ပေ (၆၃၅) ပေကျယ်တယ်။

ဆလိုင်း။ ရှေးက ခုလောက်ဉာဏ်တော် မမြင့်သေးဘူးနော်ဦး။

ကျနော်။ ဟုတ်တယ် ခုလောက် မမြင့်သေးဘူး။ ဒါပေမယ့် မင်းအဆက်ဆက်တို့က ပြုပြင်ခဲ့လို့ ဒီလောက်မြင့်လာတာ။

ဆလိုင်း။ ဘယ်လို ပြုပြင်ခဲ့သလဲဦး။

ကျနော်။ စေတီတော်ကို စနစ်တကျ တည်ထားပြီး ဥက္ကလာပမင်း (၃၂)ဆက်တို့က ဆက်လက်ထိန်းသိမ်းထားခဲ့ကြတယ်။ ထိုဥက္ကလာပမင်းဆက်ပြတ်သွားတဲ့အခါ စောင့်ရှောက်မယ့်သူမရှိလို့ ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းခံခဲ့ရတယ်လို့ ပြောခဲ့ပြီလေ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၂၃၆-ခုနှစ်ကြာသောအခါ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ သုဝဏ္ဏဘုမ္မိတိုင်းသို့ သာသနာပြု ရောက်ရှိရာတွင် ဗုဒ္ဓသာသနာတော်၌ သက်ဝင်ယုံကြည် လာကြသော ရဟန်းရှင် လူများရှိလာပြီး စူဠသီရိမာသောကမင်းက သာသနာပြု မထေရ်မြတ်တို့အား "တပည့်တော်တို့မှာ ဘုရားရှင်၏ တရားဓမ္မ

နှင့် သံယာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရန် ရှိပါပြီ။ ဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကို အားကိုးရန် မရှိသေးပါ။ ကိုးကွယ်ပါရစေဘုရား"ဟု လျှောက်ထားသဖြင့် မထေရ်မြတ် (၂)ပါးက တဖုဿ, ဘလ္လိကတို့ ပင့်ဆောင်လာသော ဆံတော်ရှင်များမှာ တမ္ဗကုတ္တ တောင်ထိပ်တွင် ဌာပနာ၍ထားကြောင်း၊ သစ်ပင်ခြုံနွယ်တို့ ဖုံးနေကြောင်း ညွှန်ပြတော်မူကြသဖြင့် စူဠသီရိမာသောကမင်းက စေတီတော်ကို ပြုပြင်ပြီး ကိုးကွယ်တယ်လို့ ရွှေတိဂုံ မွန်ကျောက်စာတွင် ကဗ္ပည်းတင်ထားတယ်။

လျှာလျှန်း။ တိမ်မြုပ်ပြီးမှ ပြန်ပေါ် လာတာပေါ့နော်။

ကျနော်။ ဟုတ်တယ် သမီး၊ အဲဒီနောက်တော့ ယနေ့တိုင် တိမ်မြုပ်တယ်လို့ မရှိတော့ဘူး။ ဒါပေမယ့် ဘာသာခြားတို့ရဲ့ အဖျက်အဆီးတော့ ခံခဲ့ရသေးတယ်။

**ဘုရင်မကြီး ရှင်စောပု ကိုယ်အလေးချိန်စက်၍ ရွှေ၂၅ပိဿာလှူခဲ့**

လျှာလျှန်း။ နောက်ဘယ်မင်းတွေက ဆက်လက် ထိန်းသိမ်းခဲ့ရသလဲ အဘ။

ကျနော်။ ထို့နောက် ဟံသာဝတီဘုရင် ဗညားဦးက ခရစ် ၁၃၇၂-ခုနှစ်တွင် ဒဂုံသို့လာ၍ ပျက်စီးနေသော စေတီကို ပြုပြင်ရာ စေတီ၏ ဉာဏ်တော်ပေ (၆၀)၊ အတောင် (၄၀)ရှိတယ်လို့ ဆိုတယ်။ ခရစ် ၁၄၃၆-ခုနှစ်တွင် လျှောင်လှုပ်၍ စေတီတော်မှာ ခေါင်းလောင်းအထိ ပြိုကျတယ်။ ထိုအခါ မွန်ဘုရင် ရာဇာဓိရာဇ်ရဲ့ သားတော် ဗညားရန်ခေါ် ဗညားရန်

ခိုက် မင်းက (၈၁၅) ခရစ် ၁၄၄၃-ခုနှစ်တွင် ကုန်းတော်ကို ဖြို၍ မြေညှိတယ်၊ ကုန်းတော်ရင်ပြင်ကို အဆင့် (၅)ဆင့် ပြုပြင်ပြီးနောက် ပထမစေတီတော်၏ ပန်းခုံတော် (၂၂) တောင်တွင် တဖက်တဖက်၌ ငါးဆယ်တောင်စီ ထပ်ဖွင့် သဖြင့် တစ်ရာ့ရှစ်တောင်၊ မူလ နှစ်ဆယ့်နှစ်တောင်နှင့် အတောင် တစ်ရာ့သုံးဆယ် ပန္နက်ချပြီး ဆက်လက်တည် ထားရာ ပစ္စယာ နှစ်ဆင့်သာ ပြီးပါတယ်။ အပြီးမသတ်မီ ဘုရင်ကြီး နတ်ရွာစံရှာတယ်။

ထိုအပြီးမသတ်သေးသော စေတီတော်ကြီးကို ဘုရင်မ ရှင်စောပု၏သား ဗညားပသျှူးမင်းက ဆက်လက် တည် ပြန်ရာ ပစ္စယာ နှစ်ဆင့်မှ ငါးဆင့်အထိသာ ပြီးတယ်။ အပြီးမသတ်မီ သူလဲ နတ်ရွာစံပြန်တယ်ကွဲ့။

ခရစ် ၁၄၃၆-ခုနှစ်တွင် ဗညားရန်စိုက်မင်း၏ ညီ တော် ရှင်စောပု၏ မောင်တော် ဗညားကျန်းဒေါ (ဗညား ကျန်း)က ပစ္စယာ (၅)ဆင့်မှ ဆက်၍ တည်ရာ ရောင်လျှံ တော်အထိ (၃၀၂)ပေ မြင့်တယ်။ ဘုရင်မ ရှင်စောပုရဲ့ အကူအညီပါတယ်လို့ ဆိုတယ်။

ဗညားကျန်းဒေါ၏ နောက်ဆက်ခံသူ ဘုရင်မကြီး ရှင်စောပုဟာ သက်တော် (၅၃)နှစ်၊ သက္ကရာဇ် ၈၁၅- ခုနှစ်တွင် "ဗညားထော"ဟူသော ဘွဲ့ကိုခံ၍ ဟံသာဝတီ နန်းကို စံတယ်။ စေတီတော်မြတ်အား ဆက်လက်မွမ်းမံ တယ်။ ရွှေကို ကိုယ်အလေးချိန်နှင့် စက်၍ (၂၅)ပိဿာ ကို ရွှေသင်္ကန်း ကပ်လှူခဲ့တယ်။ ဝတ္တကမြေများကိုလည်း လှူခဲ့တယ်။

## အင်္ဂလိပ်စစ်တပ်ဌာပနာဖောက်ကြ

ထို့နောက် ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းလည်း ခေါင်းလောင်းတော်ကြီးကို လှူခြင်း, ကျောက်စာတိုင် စိုက်ထူခြင်း စသည်ဖြင့် ကောင်းမှုများကို ပြုစုခဲ့တယ်။

**ဆလိုင်း။** မွန်ဘုရင်များလက်ထက်ကျမှ ဒီစေတီဟာ (၃၀၂)ပေ မြင့်ခဲ့တာပေါ့နော်ဦး။

**ကျနော်။** ဟုတ်တယ်၊ ဘုရင်မကြီး ရှင်စောပုတို့ မိသားစုလက်ထက်မှ ဉာဏ်တော် (၃၀၂)ပေ မြင့်တာပါ။ ဒါပေမယ့် ခရစ် ၁၇၆၈-ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် သပိတ်မှောက်အထက်ပိုင်း ပြိုကျရာ ပစ္စယာ, ပန်းတင်ခုံတို့ပါ ပျက်စီးတယ်၊ အလောင်းဘုရား၏ သားတော် ဆင်ဖြူရှင်မင်းဟာ ပစ္စယ ၂ ပန်းတင်ခုံကို သံတောင်ကိုးရာဖွင့်၍ ပြင်ဆင်စေပြီး ထီးတော်သစ်တင်ရာ ဉာဏ်တော် (၃၂၆)ပေ အထိ မြင့်လာတယ်။ ယနေ့ ဖူးတွေ့ရတဲ့ ဉာဏ်တော် အတိုင်းပါပဲ။

ခရစ် ၁၈၂၆-ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့တွင် အင်္ဂလိပ်တို့ သိမ်းပိုက်ထားတဲ့ ကုန်းတော်ကို ပြန်ရလို့ ဟံသာဝတီစစ်တပ်က ဌာပနာတိုက်ကို ဖောက်ယူလို့ အကြီးအကျယ် ပျက်စီးခဲ့တယ်။ ဒါတွေကိုလဲ ပြင်ရတယ်။ ဒါတွေဟာ လူမျိုးခြားတို့ရဲ့ အပြုအမူတွေပဲ။

**မှတ်ချက်**

စေတီတော်၏ ပထမပလ္လင်အထက် အရှေ့ဖက် အလယ်တည့်တည့်မှ အစောက် လေးတောင်၊ အနံ တစ်

တောင်၊ အလျား ခြောက်ဆယ့်ခြောက်တောင် နှစ်မိုက် အထိ ဖောက်ထွင်း၍ အတွင်းရှိ ဌာပနာပစ္စည်းများကို တူးယူကြသည်။ သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် ဖြစ်သည်။

ဆလိုင်း။ ဒီရွှေတိဂုံဘုရားကြီးရဲ့ သမိုင်းက အတော်များများ ရှိသလားဦး။

ကျနော်။ ဒီမြတ်ဘုရားရွှေတိဂုံနဲ့ ပတ်သက်ပြီး ရေးသားမှတ်တမ်းတင်ထားကြတဲ့ သမိုင်း, ကျောက်စာ, ပေစာ, စာအုပ်စာတမ်းတွေဟာ အလွန်များပါတယ်။ ဦးသိရသလောက်ဆိုရင် စာအုပ်ပေါင်း (၃၀)ကျော်လောက် ရှိမယ် ထင်တယ်။ ဟောဒီနှစ်ချုပ်သမိုင်းဖတ်ရင် ဘယ်ခုနှစ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သိရမှာပါ။ ကဲ အဲဒီ အကြောင်းအရာတွေကို ကူးရေးပေတော့။ (နှစ်ချုပ်သမိုင်းကို ပေးသည်၊ နောက်ဆက်တွဲကြည့်ပါ။)

**စေတီလေးမျိုးနှင့် ပုဂ္ဂိုလ် (၂) ဦး**

ဆလိုင်း။ "အဘ-ဒီစေတီတော်ကြီးကို ဘယ်စေတီအမျိုးအစားလို့ခေါ်မလဲ စေတီလေးမျိုးဆိုတာ" ရောက်မဆိုက်ပင် ကို ဆလိုင်းက စ၍မေးပါတော့သည်။

ကျနော်။ စေတီလေးမျိုးဆိုတာ -

၁။ ဥဒ္ဒိဿစေတီ = ဘုရားရှင်ပဲဟု ရည်မှတ်၍ ကိုးကွယ်သောစေတီ၊ ဥပမာ - ဆင်းတုတော်များဖြစ်တယ်။

၂။ ဓာတုစေတီ = ဓာတ်တော်, မွေတော်များကို ဌာပနာ၍ တည်ဆောက်ထားသော စေတီ - ဥပမာ ဒီရွှေတိဂုံစေတီတော်ကြီးမျိုး။

၃။ ဓမ္မစေတီ ▪ ပိဋကတ်တော်ကျမ်းစာများ, ပိဋကတ်တော်ကျမ်းစာများကို ဌာပနာ၍ တည်ထားသော စေတီများ ဖြစ်တယ်။

၄။ ပရိဘောဂစေတီ ▪ ဘုရားရှင်၏ အသုံးအဆောင် ပရိဘောဂများ၊ ဥပမာ - မဟာဗောဓိပင်, သင်္ကန်း, သပိတ် စသော ပရိက္ခရာများ, ထိုအသုံးအဆောင်များကို ဌာပနာ၍ တည်သော စေတီများ ဖြစ်တယ်။

ဒီစေတီမျိုးတွင် ရွှေတိဂုံစေတီတော်ကြီးမှာ ရှေးဘုရားရှင် သုံးဆူတို့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ ရေစစ်, ရေသနုပ်, တောင်ဝှေးများနှင့် ယခု မျက်မှောက်ပွင့်တော်မူသော ဘုရားရှင်၏ ဆံတော်များကို ဌာပနာ၍ တည်ထားသဖြင့် ပရိဘောဂစေတီ, ဓာတုစေတီဟု ခေါ်ဆို နိုင်ပါတယ်။ ဘုရားရှင်ရဲ့ ခြေတော်ရာကို ပဒစေတီတော်လို့ ခေါ်တာလဲ ရှိသေးတယ်။ စေတီငါးမျိုးပေါ့။

**ဆလိုင်း။** စေတီဆိုတာ ဘယ်လိုအဓိပ္ပါယ်ရှိပါသလဲ အဘ။

**ကျနော်။** စေတီဆိုတာ စေတီယမှ စေတီဖြစ်လာတယ်။ ပြီးတော့ သက္ကတဥလို "စဲတျ"ဆိုတာ မို့မောက်သောအရာ, အစုအပုံလို့ အဓိပ္ပါယ်ရတော့ စေတီဆိုတာ သဲ, ကျောက်, အုတ်တို့ဖြင့် ပုံဖော်ထားသော ဘုရားရှင်၏ ကိုယ်စားတော် အဖြစ် ပူဇော်ရာ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်ရာ ဓာတ်တော်တိုက်လို့ အဓိပ္ပါယ်ရတယ်။

န ဟိ သဗ္ဗမ္မောန် ပညတ္တိကုသလော သဗ္ဗညုသတ္ထာ သက္ကရဘာသာ တော နယံ ဂဟေတွာ ဝါစံ ဘာသတိ-

## စေတီနှင့်ပုထိုး

ဆလိုင်း။ ပုထိုးဆိုတာကော ဘယ်လိုအဓိပ္ပါယ်လဲ အဘ။

ကျနော်။ ဆရာတော် အရှင်ဇနကာဘိဝံသက - ပုထိုးဆိုတာ ယိုးဒယားမှ ကူးစက်လာသည်ဟု ယူဆရကြောင်း၊ ဝရားဗုဒ္ဓါမှ ဗရားဗုတ်ထို၊ ၎င်းမှ ဘုရားပုထိုး ဖြစ်လာကြောင်း၊ ထို့ကြောင့် ဝရ = ဗရား = မြတ်ဟု အဓိပ္ပါယ်တူကြောင်း။ ဗုဒ္ဓါ = ဗုတ်ထိုး = ပုထိုး = ဘုရားရှင်ဟုပင် ဖြစ်ကြောင်း ပြောခဲ့ပါသည်။ ထို့ကြောင့် ပုထိုးဆိုသည်မှာလည်း "ဘုရား" ပင်ဖြစ်ကြောင်း သိရပါတယ်။

လှာလျှန်း။ "ဒီလိုဆိုတော့ စေတီနဲ့ ပုထိုးအတူတူပေါ့နော် အဘ"

ကျနော်၊ အတူတူပါပဲ သမီးရဲ့။ ဒါပေမယ့် ပညာရှိများကတော့ မုခ်လိုဏ်မပါရင် စေတီခေါ်၍, မုခ်လိုဏ်ပါရင် ပုထိုးခေါ်ကြောင်း ခွဲခြားထားခဲ့ကြတယ် - သူ့လင်္ကာလေးတောင် ရှိသေးတယ်။

"မုခ်လိုဏ်မထုတ်၊ သမုတ်ရှင်ဦး၊ ပွတ်နှယ်ညီသာ၊ စေတီဖြိုးမြိုင်၊ အဆိုင်ဆိုင်နှင့်၊ မုခ်လိုဏ်ရှိခဲ့၊ ထူးဘွဲ့သညာ၊ ဝေါဟာခေါ်ဆို၊ ပုထိုးထူပ၊ များလှရည်တူ၊ အဆူဆူဝယ် ကြည်ဖြူကော်ရော်၊ ရှိခိုးပူဇော်၍"ဟု မာန်လည်ဆရာတော်က ခွဲခြားထားခဲ့တယ်။

ကံတော်မင်းကျောင်း ဆရာတော်ကတော့ "မိခင်ဖခင်၊ ကျေးဇူးရှင်ကို၊ ချင်ခင်မြတ်နိုး၊ ဂူပုထိုးသို့"ဟူ၍ လောကသာရပျို့မှာ လိုဏ်ဂူပါလျှင် "ပုထိုးမည်ကြောင်း ငြိနှံဆိုခဲ့ပြန်တယ်။ အမှန်တော့ စေတီနဲ့ ပုထိုးဟာ ဘုရား [illegible]အား ရည်စူး၍ တည်ထားကြတဲ့ အရာတွေချည်းပါပဲ။

လှာလျှန်း။ ဗဟုသုတပေါ့ အဘရယ် - ဒါတွေလဲ သိသင့်တာပဲ။
ကျနော်။ သမီးတို့က ဒီလောက်လေ့လာကြရင် တို့ ဗုဒ္ဓဘာသာတွေက ဒီထက်ပိုလေ့လာသင့်ကြကာပေါ့ကွယ်။

## နတ်သာဖူးထိုက်သောစေတီ

ဆလိုင်း။ "လူတွေ မဖူးထိုက်တဲ့ စေတီတွေရှိသေးတယ်ဆို မဟုတ်လား အဘရဲ့"
ကျနော်။ "ဟာကွာ - မင်းတို့ကတော့ကြာရင် ကမ္ဘဝါဖတ်မဲ့သူတွေပဲ အဲဒါ ဘယ်သူတွေက ပြောလိုက်ပြန်ပြီလဲ"
ဆလိုင်း။ သိချင်လို့ပါ အဘရဲ့။ အဘလေ့လာ မထားမိဘူး ဆိုရင်လဲ ရပါတယ်။
ကျနော်။ အဘကတော့ သိပါတယ် - အမောင်တို့ကို ချီးကျူးမဆုံးဖြစ်မိလို့ပါ - ဒီအကြောင်းက ဘုရားလောင်း ဆံပယ်တော့ သံလျက်နဲ့ ဆံတော်များကို ဖြတ်ပြီး - "ငါ ဘုရားစစ်စစ်ဖြစ်မည်မှန်လျှင် ဆံတော်များကောင်းကင်၌ တည်စေသားလို့"အဓိဋ္ဌာန်ပြီး ကောင်းကင်သို့ ပစ်လိုက်ရာ ဆံတော်များပြန်ကျမလာဘူး။ အဲဒီ ဆံတော်တွေကို နတ်တွေက ယူသွားပြီး တာဝတိံသာနတ်ပြည်မှာ "စူဠာမဏိ" စေတီတည်ထားတယ်။ နတ်ပြည်မှာဆိုတော့ လူတွေ ဘယ်လိုဖူးလို့ရတော့မလဲ။ နောက်တစ်ဆူက ဘုရားအလောင်းတော်ရဲ့ ဝတ်လဲပုဆိုးကို ဃဋိကာရဗြဟ္မာကြီးက ကြာသက်န်းတော်နဲ့ လဲယူသွားတယ်။ ဘုရားအလောင်းတော်ကို ကြာသက်န်းတော် ကပ်လှူပြီး အလောင်းတော်ရဲ့ ဝတ်လဲပုဆိုးကို ယူသွားတယ်။ နောက် အကနိဋ္ဌဗြဟ္မာဘုံရောက်တော့ ဒုဿ

စေတီဆိုပြီး စေတီတစ်ဆူတည်ထားတယ်။ ဒီစေတီကိုလဲ လူတွေဘယ်နည်းမျှ ဖူးတွေ့လို့ မရဘူး။ ဒီအကြောင်းကို ကျည့်ကန်ရှင်ကြီးက "နတ်သာဖူးအပ်၊ လူမစပ်၊ ရောင်လျှပ်ဘုရား ဘယ်မျှနည်း"လို့ မေးထားတယ် - ဒါကိုတို့က "တာဝတိံသာ၊ မြတ်စူဠာ၊ အက်ကာဒုဿတည်း"လို့ ဖြေထားတယ်။ တာဝတိံသာမှာ စူဠာမဏိစေတီ၊ အကနိဋ္ဌဘုံမှာ ဒုဿစေတီလို့ ဆိုတာ၊ ကဲ ရှင်းပလား။

## မကိုဋ်သရဖူဆောင်းခြင်းမှာ

## ဘုရားရှင်၏ အလိုတော်ကျ မဟုတ်

ဆလိုင်း။ "ရှင်းပါတယ်အဘ - ကျနော် တစ်ခုမေးချင်တာက ဘုရားလောင်းဟာ ဆံတော်ကို သန်လျက်နဲ့ ဖြတ်ချလိုက်တော့ ဘယ်လောက်ကျန်ရစ်ခဲ့သလဲဆိုတာပါ"။

ကျနော်။ ဘုရားလောင်းဟာ ဆံတော်များကို သန်လျက်နဲ့ ဖြတ်ချလိုက်တော့ လက်နှစ်သစ်လောက် ကျန်ခဲ့တယ် - ဒီကျန်ခဲ့တဲ့ ဆံတော်တွေဟာ လက်ျာရစ်လှည့်ကာ ဦးခေါင်းတော်ပေါ်က မို့မို့လေးဟာ ဆံတော်တွေပေါ့။ ပရိနိဗ္ဗာန် စံဝင်သည့်အထိ ဒီထက်မရှည်တော့ဘူး။ မုတ်ဆိတ်ကြင်စွယ်တို့လဲ ရိပ်စရာမလိုတော့ဘူး။ ပင်ကိုအတိုင်းပဲ တည်ရှိကြတယ်။ ရှည်တယ်၊ တိုတယ်ရယ်လို့ မရှိတော့ဘူး။

ဆလိုင်း။ "အဘ - ဘုရားရှင်က နောက်ထပ် မကိုဋ်သရဖူ ဆောင်းသေးလား"

ကျနော်။ ကိုဆလိုင်းရဲ့ လူဝတ်ကြောင်မုန်းလို့ ခေါင်းတုံးပင် တုံးပြီးဆိုတော့၊ ဘယ်မှာ မကိုင်ရှိသရဖူ ဆောင်းတော့မှာလဲ၊ လူဝတ်ကြောင်နဲ့ တူတဲ့ အဝတ်ဟူသမျှ ဘာကိုမှ မဝတ်ဆင်တော့ဘူး။

လျှာလျှန်း။ "အဘ - ဒါဖြင့် တစ်ချို့ ဆင်းတုတော်တွေမှာ စလွယ်တွေ၊ မကိုင်ရှိသရဖူတွေ ဆောင်းလို့တွေ့ရပါလား၊ အဘရဲ့ ဒါတွေ ဘယ်လိုဖြစ်ကြပြန်တာလဲ၊ တစ်ချိန်လုံး ငြိမ်သက်၍ နားထောင်နေခဲ့သော လျှာလျှန်းဒိန်မန်းက မေးပါလေတော့သည်။ မေးလည်း မေးစရာပါ - လောကီကို ပယ်၍ တောထွက်ပြီး ရဟန်းဝတ်ပါလျက် - ဘုရားဖြစ်တော့မှ မကိုင်ရှိသရဖူတွေ စလွယ်တွေနဲ့ဆိုတော့ သဘာဝနဲ့ အတော်ဆန့်ကျင်နေသည် မဟုတ်ပါလား - ဘုရားဖြစ်မှ ဒါတွေကို ငြိကပ်နေသယောင်ယောင် ထုလုပ်ထားခြင်းမှာ အလုပ်နှင့် အပြော သဘောမတူသလို ဖြစ်နေသည် မဟုတ်ပါလား။ ထို့ကြောင့် သူ့မေးခွန်းက မေးထိုက်သည့် မေးခွန်း။

ကျနော်။ "ဒီမေးခွန်းက အတော်မေးထိုက်တဲ့ မေးခွန်းပါ သမီးရယ် နောင်လဲ မျက်စိနှင့် အမြင်မတော်ရင် မေးပါ။ ဒါမှလဲ ရှင်းမှာပါ"

ဆလိုင်း။ ဟုတ်တယ် အဘရဲ့။ တချို့ဆင်းတုတွေမှာ မကိုင်ရှိသရဖူတွေ၊ စလွယ်တွေနဲ့မို့ နတ်လား၊ ဘုရင်လား၊ ဘုရားလား ဟုပင် ခွဲမရအောင် ဖြစ်နေတယ်။ တချို့ပြပွဲဘာရုပ်တွေကလဲ ဒီလိုပဲ မဟုတ်လား။

ကျနော်၊ ကိုဆလိုင်းတို့ မေးခွန်းက မေးထိုက်တဲ့ မေးခွန်းတွေပါ။ ဒီလို မကိုင်ရှိသရဖူတွေ၊ စလွယ်တွေ ဝတ်ဆင်ပြီး ထုလုပ်ကြတဲ့ အကြောင်းက

"ဘုရားရှင် အသက်တော် ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန်ဝင်စံကာနီးမှာ - အရှင်အာနန္ဒာက ပရိနိဗ္ဗာန် မပြုရန် လျှောက်ထားတယ်။ တစ်ကမ္ဘာလုံး ဘုရားရှင်ရဲ့ သာသနာ မပြန့်ပွားသေး၍ ပြန့်ပွားအောင် ဆောင်ရွက်ရန် လျှောက်ထားတော်မူတယ်။ ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ တစ်လောကလုံးရှိ မင်းပရိသတ်, ပုဏ္ဏားပရိသတ်, လူပရိသတ်, ရဟန်းပရိသတ်, စတုမဟာရာဇ်နတ်ပရိသတ်, တာဝတိံသာနတ် ပရိသတ်, မာန်နတ်ပရိသတ်, ဗြဟ္မာပရိသတ်, ဤ ပရိသတ် ရှစ်မျိုးလုံးထံသို့ ငါဘုရား ကြွရောက်ဖူးပြီး ထိုပရိသတ်အပေါင်းအား တရားစကား ဟောကြားခဲ့ပြီးပြီ။ တရားတော်ဖြင့် ကောင်းစွာ ချွင်စေခဲ့ပြီ။ တရားဟောသော ငါ့ကိုမူ လူလော နတ်လောဟု မသိကြကုန်။ မင်းပရိသတ်တို့ ရောက်တဲ့အခါ မင်းပရိသတ်က တို့မင်းပဲဟု ထင်ကြတယ်။ နတ်ပရိသတ်သို့ ရောက်တဲ့အခါ နတ်တို့က တို့နတ်မင်းလို့ ထင်ကြတယ်။ မာရ်နတ်ပရိသတ် ရောက်တဲ့အခါ တို့မာရ်နတ်သားလို့ပဲ ထင်ကြတယ်။ ဗြဟ္မာကြီးများရဲ့ ပရိသတ်သို့ ရောက်တဲ့အခါ ဗြဟ္မာများကလဲ တို့ဗြဟ္မာမင်းကြီးပဲလို့ ထင်ကြတယ်"လို့ မိန့်ပါတယ်။ ဘုရားရှင်ကတော့ မင်းမြောက်တန်ဆာတွေ, နတ်အဝတ်, ဗြဟ္မာအဝတ်တွေကို မဝတ်ပါဘူး။ လူတွေက ဝတ်တယ်လို့ ထင်ကြတာပါ။ အဲဒီလို ပရိသတ်ဘက်က

မြင်တဲ့ အမြင်နဲ့ ကြည့်ပြီး ပုံတော်များကို အဆန်းထွင် လုပ်ကြတာပါပဲ မောင်ရာ။

ဆလိုင်း။ ဒီလိုဆိုတော့ - ဗေါင်းတွေ, နားတောင်းတွေနဲ့ ရုပ်တုက ဘုရားရှင်ရဲ့ ပင်ကိုရုပ်တု မဟုတ်ဘူးပေါ့နော် အဘ"

ကျနော်။ ဘယ်ဟုတ်မလဲ မောင်ရာ - ပရိသတ်ရှစ်မျိုးက မြင်တဲ့ အမြင်နဲ့ ထုလုပ်ထားတဲ့ ဆင်းတုတော်တွေလို့ပဲ ဆိုရမှာပါ။

လျာလျှန်း။ နှုတ်ခမ်းမွေးကြိုက်တဲ့သူက - ဘုရားရှင်ကို နှုတ်ခမ်းမွေး တပ်ပေးဆိုပဲ အဘရဲ့။

ကျနော်။ မျက်မှန်နဲ့မှ ကြည်ညိုစရာကောင်းတယ်ဆိုပြီး ရွှေမျက်မှန် တပ်တဲ့ ဆင်းတုတော်ကို ထုတယ်လို့ ကြားဖူးတယ်ကွဲ့။ ဒါတွေက ဘုရားရှင်နဲ့ မဆိုင်ပါဘူးကွယ်။ ဘုရားရှင်ကို ကြည်ညိုတဲ့သူတွေက ဖန်တီးကြတာတွေပါ။ တချို့ လူတွေကလဲ - ဇမ္ဗုပတိမင်း ချွတ်ခန်းကို ရည်ရွယ်ပြီး ဘုရားရှင်ကို မင်းမြောက်တန်ဆာဝတ်ဆင်ပြီး ထုလုပ်တယ် လို့ ဆိုကြသေးကွဲ့။

## ဇမ္ဗုပတိချွတ်ခန်း

ဆလိုင်း။ ဇမ္ဗုပတိချွတ်ခန်းက ဘယ်လိုလဲ အဘ။

ကျနော်။ ဘုရားရှင်ရဲ့ လက်ထက်တော်က ဇမ္ဗုပတိမင်းဟာ စကြာ မင်းတဲ့။ သူက ကောင်းကင်ပျံနိုင်တယ်။ သူ့ထက်တန်ခိုး ကြီးတဲ့သူ မရှိဘူးလို့ ထင်နေတယ်။ ဘုရားရှင်က ဒါကို သိလို့ သူထက်တန်ခိုးရှိတဲ့မင်း လောကမှာ ရှိသေးတယ် ဆိုပြီး မင်းမြောက်တန်ဆာဝတ်ဆင်ပြီး အဲဒီ ဇမ္ဗုပတိမင်း ကို ချွတ်တဲ့ အခန်းကို ရည်စူးပြီး ဘုရားရှင်ကို မင်းမြောက်

တန်ဆာနဲ့ ထုလုပ်တယ်လို့လဲ ဆိုကြသေးတယ်။ အဂ္ဂျယ် သိချင်ရင်တော့ မဟာယာန ဗုဒ္ဓဝင်ကြည့်ပေါ့။ တို့ ထေရဝါဒ ဗုဒ္ဓဝင်မှာတော့ မပါဘူးကွဲ့။

ဆလိုင်း။ ဦးနဲ့တွေ့ရတာ သိပ်ကျေနပ် ဝမ်းမြောက်ပါတယ် ဦးရယ်။ နောက်နေ့ လာကြသေးတာပေါ့။

ကျနော်။ စေတီပုံကြမ်းများကိုပြလျက် စေတီပုံ ဘယ်နှစ်မျိုးရှိလဲဦး။

ဆလိုင်း။ စေတီပုထိုး ပုံသဏ္ဍာန်များကတော့ အတော်များပါတယ်။

ကျနော်။ အဝိုင်းပုံ (ဆန်ချီ)၊ အမြောက်ပုံ မဟာဗောဓိ၊ ပြောင်းတိုင်ပုံ (ဘောဘောကြီး)၊ ငှက်ပျောဖူးပုံ (ဘုရားကြီးစေတီ)တို့ ဖြစ်တယ်။ အကြမ်းအားဖြင့် လေးမျိုးလောက် ခွဲလို့ရပါတယ်။

၁။ ဆန်ချီစေတီ (အဝိုင်းပုံ)တွင်

- ပထမဆင့် အောက်ခံပစ္စယာ အုတ်ခုံဝိုင်း (မေဓိ)၊
- ဒုတိယအဆင့် စက်ပိုင်းအခြမ်းပုံ စေတီတိုက်၊ ခေါင်းလောင်းသပိတ်မှောက် ပုံသဏ္ဍာန်ရှိ ကိုယ်လုံး (အဏ္ဍာ)
- တတိယအဆင့် လေးထောင့်အုတ်ခုံ ဓာတ်တော်တိုက် (ဟာမိက)
- စတုတ္ထအဆင့် အထက်ဆုံး ထီးသုံးဆင့် အဆင့်လေးဆင့် ရှိတယ်။(ဆတ္တဝလိ) အဆင့်လေးဆင့် ရှိတယ်။

သရေခေတ္တရာမြို့ဟောင်းမှ ဘုရားကြီး, ဘုရားမာ, ဘောဘောကြီး။ စစ်ကိုင်းမြို့မှ ကောင်းမှုတော်စေတီတို့မှာ ဤဆန်ချီစေတီပုံများ ဖြစ်တယ်။ ရဟန္တာ အရှင်မြတ်များက

ငလျှင်ဒဏ်ခံနိုင်ရန်အတွက် စပါးပုံသဏ္ဌာန်တည်ဟု မိန့်တော်မူ၍ တည်ခြင်းဖြစ်သည်ဟု ဆိုကြတယ်။

၂။ မဟာဗောဓိ (အမြောင့်ပုံ)တွင် လေးမြောင့်ပုံ၊ ငါးမြောင့်ပုံ၊ ရှစ်မြောင့်ပုံများ ရှိသည်။ ပစ္စယာ သုံးဆင့်ပေါ်၌ ဓာတ်တော် ကြုပ်ပုံတည်ထားသည်။

၃။ ပြောင်းတိုင်ပုံမှာ ပစ္စယာ၏ အထက်ရှိ ရှည်မျောမျောတည်သောစေတီဖြစ်သည်။ မိဂဝါဒုန် ဓမ္မေခစေတီ, ပုဂံဒေသ ငကြွဲနားတောင်း၊ သရေခေတ္တရာ ဘောဘောကြီးတို့မှာ ပြောင်းတိုင်ပုံများ ဖြစ်သည်။

၄။ ငှက်ပျောဖူးပုံ-သပိတ်မှောက်အထက် ဖောင်းရစ်များကြာမှောက်, ကြာလှန်ငှက်ပျောဖူးများနှင့် တည်ထားသောစေတီများ ဖြစ်သည်။ အောက်ကား အထက်ရှူးပုံများ ဖြစ်သည်။ ဤသည်တို့မှာ အကြမ်းအားဖြင့် ပုံသဏ္ဌာန်များကိုပြခြင်းသာ ဖြစ်သည်။

## စေတီတော်အစိတ်အပိုင်းများ

ဘုရားတည်သော ဒါယကာတို့ရဲ့ ဆန္ဒအရ - သာသနာတော် ငါးထောင်ပတ်လုံး ခိုင်မြဲအောင်ဆိုတဲ့ သဘောနဲ့ တည်ထားကိုးကွယ်ကြတာဖြစ်တယ်။ မိမိတို့ရဲ့ ဆန္ဒအလျှောက် ပုံတော်တွေ ကွဲပြားတယ်လို့ ဆိုရမှာပဲ။

ဒီရွှေတိဂုံစေတီတော်မြတ်ကြီးကတော့ မင်းအဆက်ဆက်တို့ ပြုပြင်လာခဲ့ကြတာကြောင့် နုပျိုသစ်လွင်နေတယ်။ မကိုဋ်ပုံ သင်းတိုင်းပုံလို့ ဆိုကြတယ်။

ဆလိုင်း။ အဲဒီ စေတီတော် တည်ဆောက်ပုံနဲ့ - အခေါ်အဝေါ်တွေထဲက ဖိနပ်တော်ဆိုတာ ဘာကိုခေါ်တာလဲဆိုတာ သိပါရစေတော့ အဘ။

ကျနော်။ ဖိနပ်တော်ဆိုတာ စေတီတော် ပန္နက်ချတဲ့ဒ ့ဘိုင်း မြေဝင်အုတ်မြစ်နဲ့ ဖောင်းခံထားတဲ့ ပန်းတင်ခုံကြားရှိ အုတ်ခုံအမြင့်ကို ခေါ်တာပါ။ ဒီစေတီတော်ကြီးကို ဖိနပ်တော်ဟာ (၁၄၂၀)ပေ၊ (၄၃၂. ၈) မီတာကျယ်ဝန်းတယ်။ အမြင့်က (၂၁)ပေ ရှိတယ်။

ဆလိုင်း။ ပန်းတင်ခုံ ဆိုတာကော အဘ။

ကျနော်။ ဖိနပ်တော်နဲ့ ပထမ ပစ္စယာအကြား ဖောင်းခံထားသော အုတ်ခုံကို ပြောတာပါ။ စေတီတော်အား ကပ်လှူသည့် ပန်းတို့ကို တင်လှူရာဖြစ်လို့ ပန်းတင်ခုံ ခေါ်တာပဲ။ ဒီ ပန်းတင်ခုံပေါ်မှာ စေတီရံများလဲ တည်ထားလေ့ ရှိကြတယ်။

လှာလျှန်း။ ပစ္စယာဆိုတာ ဘယ်ဟာကို ခေါ်ပါသလဲ အဘ။

ကျနော်။ ပစ္စယာဆိုတာ ပန်းတင်ခုံပါပဲ။ ဘာကြောင့်လဲဆိုတော့ ပစ္စယာကို ပ+စယ ဟု (၂)ပုဒ်ခွဲ၍။ ပ=ပုပ္ဖ=ပန်း၊ စ=စယ=စုဝေးထားခြင်းလို့ အဓိပ္ပါယ်ရတော့ ပစ္စယာလို့ (၂)ပုဒ်တွဲလိုက်တော့အခါ ပန်းများစုဝေးရာ, ပန်းတင်ခုံလို့ပဲ အဓိပ္ပါယ် ထွက်ပါတယ်။ တချို့ကလဲ ပစ္စယာဆိုတာ ဥပကာရက - အထောက်အပံ့ကောင်းလို့ အဓိပ္ပါယ်ယူပြီး စေတီကို ခိုင်မာအောင် ပြုလုပ်တဲ့ အစိတ်အပိုင်းကို ပစ္စယာခေါ်တယ် ဆိုကြတယ်။ ဘယ်ဟာမှ မမှားပါဘူး။ အဲဒီ ပစ္စယာကို ၃-ဆင့် ပြုလုပ်လေ့ရှိတယ်။

ဒီစေတီတော်ကြီးမှာ ပထမပစ္စယာပေါ်တွင် ဟံသာဝတီဘုရင် ဗညားရန်စီမင်းက စေတီရံ (၆၈)ဆူ တည်ထားခဲ့တယ်။ ပင်မစေတီတော်ကြီးနဲ့ ပေ (၂၀)မျှ ကွာဝေးသဖြင့် ထိုနေရာမှ စေတီတော်ကြီးကို ဝတ်ပြုလို့ရတယ်။ ခွင့်ပြုမိန့်ယူပြီးတက်ရင် ရတယ်။ အဲဒီ ပထမ ပစ္စယာရဲ့ အထက်မှ (၆၂)ပေ၊ (၃၈)ပေ မြင့်တဲ့ ပစ္စယံ ၃-ဆင့်ကို စေတီတော်ကြီး ခိုင်ခန့်အောင် တည်ဆောက်ထားတယ်။ အဲဒီ ပစ္စယာ ၃-ဆင့်မှာ စတုရန်းပေပေါင်း (၃၇၉၀. ၇၈) စတုရန်းပေရှိလို့ ရွှေဆိုင်းပေါင်း (၁၆၈၄၇) ဆိုင်း ကပ်လှူကြရတယ်။

လှာလျှန်း။ ဒီရွှေတိဂုံစေတီတော်ကြီးမှာ ခိုနန်းချိုးဆိုတာ ဘာလဲအဘ။

ကျနော်။ ခုပြောခဲ့တဲ့ ပစ္စယသုံးဆင့်မှ ချွန်းထွက်နေတဲ့ အပိုင်းကို ခိုနန်းချိုးလို့ ခေါ်တာပါပဲ။

လှာလျှန်း။ "ရှစ်မြှောင့်ဆိုတာကော အဘ။" အားလဲ နာပါတယ် အဘရယ်၊ သူတကာမေးရင် ပြောနိုင်အောင်လို့သာ မေးရတာပါ။

ကျနော်။ ပြီးလျှက် ခုပြောခဲ့တဲ့ ပစ္စယံ သုံးဆင့်အထက်မှာ ကြာပန်းငါးပွင့်ခံသည့် သဘောဖြင့် ရှစ်မြှောင့် ငါးဆင့်ခံထားတယ်၊ (၂၅. ၈၅)ပေမြင့်၍ (၁၅၈၇၃. ၆၈) စတုရန်းပေရှိလို့ ရွှေဆိုင်းပေါင်း (၇၀၅၅) ဆိုင်း ကပ်လှူရတယ်။

ဆလိုင်း။ ကျည်းဝန်းဆိုတာ။

ကျနော်။ အဲဒီရှစ်မြှောင်ရဲ့အထက်မှာ ကျည်းဝန်းခေါ် ကြာပွင့်ကြီးငါးပွင့်ခံ၍ တက်ပြန်တယ်။ ထိုငါးဆင့်မှာ (၂၅. ၈၅) ပေမြင့်၍ စတုရန်းပေပေါင်း (၇၂၃၄. ၅၆) စတုရန်းပေ ရှိသဖြင့် ရွှေဆိုင်းပေါင်း (၃၂၁၅) ဆိုင်း ကပ်လှူရပါတယ်။

မင်းတို့က ရွှေဆိုင်း ကပ်လှူရတာကိုလဲ သိချင်တော့ ပြော ရတာ များတယ်လို့ မအောက်မေ့နဲ့။

ဆလိုင်း။ ဒီလို ပြောပေးတာကိုပဲ ကျေးဇူးတင်တာပါ အဘရယ်။

လှာလျှန်း။ "ခေါင်းလောင်း၊ ရင်စီး၊ သပိတ်မှောက် ဆိုတာကော အဘ"

ကျနော်။ ကျည်းဝန်း၏ အထက်တွင် ခေါင်းလောင်း၊ ရင်စီး၊ သပိတ်မှောက် ဟူ၍ရှိရာ ခေါင်းလောင်းပုံ၏ အလည် ခါး စီးတော်ကို ရင်ဖွဲ့တော်ဟု ခေါ်သည်။ ရင်ဖွဲ့တော် အထက် ပိုင်းမှာ သပိတ်မှောက်ထားသည်နှင့် တူ၍ သပိတ်မှောက် ဟု ခေါ်သည်။ ဒီစေတီတော်တွင် ယင်းသုံးမျိုး၏ အမြင့်မှာ (၄၅)ပေ၊ (၁၁) လက်မ ရှိသည်။ စတုရန်း ပေပေါင်း (၈၄၁၄. ၈၈) ပေရှိ၍ ရွှေဆိုင်း (၃၇၄၀) ဆိုင်း ကပ်လှူ ရသည်။

လှာလျှန်း။ ပန်းဆွဲကို ဘာအဓိပ္ပာယ်နဲ့ ထည့်ထားတာလဲ အဘ။

ကျနော်။ ခေါင်းလောင်းတော်ထိပ်မှ ကနုတ်ပန်းနွယ် (၁၆)ကို အောက်ဖက်လှည့်၍ ဆွဲထားသဖြင့် ပန်းဆွဲလို့ ခေါ်တာပဲ၊ ရည်ရွယ်ချက်ကတော့ အောက်ဌပနာတိုက်ရှိ ဓာတ်တော် မွေတော်များကို ပူဇော်ထားသည့် သဘောပါပဲ။

ဆလိုင်း။ ဖောင်းရစ်တွေကိုကော ဘာအဓိပ္ပာယ်နဲ့ ထည့်ထားသလဲ အဘ။

ကျနော်။ ခေါင်းလောင်းပုံမှာ ဓာတ်တော်တိုက်ဖြစ်တယ်။ ထိုဓာတ် တော်များကို ထီးအဆင့်ဆင့် ဖြန့်မိုးထားသည့် အနေဖြင့် ဖောင်းရစ်များကို ပြုလုပ်ထားတယ်လို့ ဆိုတယ်။ ဒီရွှေတိဂုံ စေတီတော်မြတ်တွင် (၄၃)ပေ၊ (၄)လက်မမြင့်သော

ဖောင်းရစ် (၇) ရစ်ရှိတယ်။ ထိုဖောင်းရစ်များမှ အစပြု၍ အထက်ငှက်ပျောဖူးအထိကို အလေးချိန် (၆) ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြားအချပ်ကြီးများကို ဝက်အူစုပ်၍ တပ်ဆင်ထားတယ်။ ရွှေပြားစတုရန်းပေ အကွက်ပေါင်း (၁၈၂၉၅) ကွက် ပူဇော်ထားတယ်။ ကဲကိုဆလိုင်း ဘာမေး ချင်သေးလဲ။

ဆလိုင်း။ အဘပြောပြဖို့ ဝန်မလေးဘူးဆိုရင်တော့ ဒီစေတီတော် ကြီးနဲ့ ဆိုင်တာတွေ အကုန်သိချင်တာပဲ အဘ။

ကျနော်။ ကဲ ဒါဖြင့် ကြာနုအကြောင်း ဆက်မယ်။ ဖောင်းရစ်ရဲ့ အထက်မှာ ပွင့်ချပ် (၁၀၉) ခုပါသော ကြာနုကို အောက် ဖက်လှည့်၍ ပူဇော်ထားသဖြင့် ကြည်ညိုဖွယ်ရာကို ဆောင်ပါတယ်။ ပွင့်ချပ်အဖတ်ပေါင်း (၁၁၅) ဖတ်ရှိ၍ ရွှေပြားအကွက်ပေါင်း (၁၁၅၀) ကွက် ကပ်လှူရတယ် ကိုဆလိုင်းရဲ့။

ဆလိုင်း။ ကြာမှောက်ဆိုကော ဘာအဓိပ္ပာယ်လဲ အဘ။

ကျနော်။ ဒီစေတီတော်ကြီးမှာ ကြာနုရဲ့အထက်တွင် ပွင့်ချပ်ကြီး (၁၉)ခုပါသော ကြာပန်းကြီးကို မှောက်လျက် အောက် ဌာပနာတိုက်ရှိ ဓာတ်တော် မွေတော်များကို ပူဇော်ထား တယ်၊ ရွှေပြားအကွက်ပေါင်း (၂၆၄၁) ကွက် လှူထား ပါတယ်။

ဗျာလျှန်း။ ဆက်သ၁ပြောပါတော့ အဘရယ်နော်၊ စိန်ဖူးတော်အထိ ရောက်တော့မှာပါ။

နော်။ သမီးတို့ အငြိမ့်ရရင် အဘကတော့ ပြောဖို့ အဆင့်သင့် ပါပဲကွဲ့။

**ဆလိုင်း။** ဟုတ်ကဲ့ အချိန်ရပါတယ် ခင်ဗျာ။

**ကျနော်။** အဲဒီကြာမှောက်ရဲ့အထက်မှာ ရွဲလုံးကြီး (၁၉)လုံး ရှိတယ်။ ရွဲတစ်လုံးတစ်လုံးမှာ စတုရန်း ပေကွက် (၃၀)စီ ရှိ၍ ရွှေပြားစတုရန်းတစ်ပေ အကွက်ပေါင်း (၃၀) ကို ကပ်လှူရတယ်။ သို့ဖြစ်၍ ရွဲလုံး (၁၉)လုံးအတွက် ရွှေပြားအကွက်ပေါင်း (၅၇၃)ကွက် ကပ်လှူရတယ်။ ဒါကြောင့် ရွဲလုံး (၁၉) လုံး၏တန်ဖိုးမှာ (၁၇၁၀၀၀၀) တစ်သန်းခုနစ်သိန်း တစ်သောင်းကျော်တန်သည်ဟု ဆိုပါတယ်။

ကြာလန် - ရွဲလုံးကြီး (၁၉)လုံး၏ အထက်တွင် ပွင့်ချပ်ကို (၁၉)ခုပါသော ကြာပန်းကြီးကို အထက်လှန်၍ ပူဇော်ထားသဖြင့် ကြာလန်လို့ ခေါ်ပါတယ်။ ယင်းကြာလန်ကို ရွှေပြားစတုရန်းပေ အကွက်ပေါင်း (၁၅၆၆) ကွက် ကပ်လှူရတယ်။

အထက်ကြာနု-ကြာလန်ရဲ့အထက်တွင် ပွင့်ချပ် (၆၈)ခုပါသော ကြာနုကို ရွှေပြားစတုရန်းပေ အကွက် (၂၇၂)ကွက် ကပ်လှူပူဇော်ရတယ်။

ထိုကြာနုကြာမှောက် ကြာလှန်တို့၏အမြင့်မှာ (၂၈)ပေ၊ (၁၀) လက်မ ရှိတယ်။ "ကြာ"သည် ကမ္ဘာ့တန်ဆာ နိမိတ်ကို ဆောင်သောပန်းဖြစ်လို့ ဘုရားစေတီတော် ပုထိုးတည်ဆောက်ရာ၌ အမြတ်တနိုး အသုံးပြုထားခြင်းဖြစ်ပါသည်။

**ငှက်ပျောဖူး (ချရားသီး)**

ကြာပွင့်တို့ရဲ့အထက်တွင် ငှက်ပျောဖူးခေါ် ချရားသီး ရှိတယ်၊ ဤစေတီတော်ကြီးတွင် ငှက်ပျောဖူးမှာ (၅၁)ပေ၊ (၁၁)လက်မ မြင့်တယ်၊ သို့ဖြစ်၍ ရွှေပြားစတုရန်းပေ အကွက်ပေါင်း (၂၆၁၄) ကွက် ကပ်လှူရတယ်၊ ငှက်ပျောဖူး၏ အောက်ခါးစည်းတွင်မူ ရွှေပြားအကွက်ပေါင်း (၁၆၀) ကွက် ကပ်လှူတယ်။

မြန်မာဗိသုကာများက ပထမပစ္စယာမှ ငှက်ပျောဖူးအထိကို လောကီနယ်ဟု သတ်မှတ်၍ ငှက်ပျောဖူး၏ထိပ်မှာ ထီးတော်၏အောက် နယ်မိတ်ကို ဂေါတြဘူနယ်ဟု သတ်မှတ်ကြတယ်။

**ကြေးစလောင်းကြီး**

ဒီစေတီတော်ကြီးငှက် ငှက်ပျောဖူး၏ထိပ်တွင် တပ်ဆင်ထားသော ကြေးစလောင်းကြီးမှာ တစ်တန်နှင့် တစ်မတ်မျှလေးသော ထီးတော်ကြီး၏ အလေးချိန်ကို ထိန်းမတ်ပေးထားတယ်။

**ပိနဲ့တိုင် (ပန်းလည်တိုင်)**

ထီးတော်ကြီးစွပ်ထားသော ပိနဲ့တိုင်ကြီး၏အလျားမှာ (၄၃)ပေ၊ (၆) လက်မရှည်၍ အောက်ခြေအချင်းမှာ (၁၀ ½ ) လက်မရှိသော သံမဏိတိုင်လုံးကြီးပဲ၊ ဒီပိနဲ့တိုင်ကြီးကို ကြေးစလောင်းအတွင်းရှိ ကြေးဘွတ်အတွင်းတွင် ထည့်၍ စွပ်ထားတယ်၊ ထီးတော်ရဲ့အောက်ခွေမှ ငှက်ပျောဖူးအထက်ပတ်လည်ကို သံထောက်အချောင်း (၆၀)ဖြင့် ထောက်ထားတယ်။ ယင်းထောက်များကို ရွှေအလေးချိန် (၅၂)ကျပ်၊ နှစ်မူးတစ်ပဲဖြင့် ကွပ်ထားသည်။

**ထီးတော်ကြီး**

ဗောဓိရွှင့် (၇) ပါးကို ရည်စူး၍ ဘုံခုနစ်ဆင့်ထီးတော်ကို တင်လှူထားတယ်။ ပုံတော်မှာ မင်းတုန်းမင်းကြီး၏ မကိုဋ်သရဖူပုံဖြစ်၍ အောက်မှ အထက်သို့ ကြီးစဉ်ငယ်လိုက် သေးသွားတယ်။ ထီးတော်အမြင့်မှာ (၁၆) ပေ၊ (၃) လက်မ ရှိ၍ အောက်ဆုံးဘုံ၏အမြင့်မှာ (၃)ပေနှင့် (၃) လက်မ၊ အချင်း (၁၄)ပေ၊ (၁၁ ½ ) လက်မရှိတယ်။ အထက်ဆုံးဘုံ၏ အမြင့်မှာ တစ်ပေ၊ (၆)လက်မ၊ အချင်း (၃)ပေ၊ (၆¼) လက်မ ရှိတယ်။ သံခွေကြီးများမှာ လက်မဝက်ခန့်ထူပါတယ်။ သံခွေများကို ကြေးပြားအုပ်၍ ထားတယ်။ ကြေးပြားပေါ်မှာ ရွှေပြားများဖြင့် ထပ်၍အုပ်ထားသည်

ထီးတော်ရဲ့တန်ဖိုးပမာဏမှာ ဆင်ဖြူရှင် မြေဒူးမင်း လှူဒါန်းထားသော ထီးတော်ဟောင်းမှ (၁၂၆၃၈) ကျပ် (၅) မူး၊ တစ်ပဲ၊ မင်းတုန်းမင်းကြီးလှူဒါန်းသော ငွေဒင်္ဂါပေါင်း (၉၄၁၄၅၂) ကျပ်၊ (၆)မူးနှင့် ပြည်သူလူထုလှူသော ငွေ (၃၃၂၆၈၉) ကျပ်၊ (၇)ပဲကို ပေါင်းသော် ငွေဒင်္ဂါပေါင်း (၁၄၀၀၄၇၀) ကျပ်၊ (၉) မူး တန်ဖိုးရှိတယ်။ (၁၂၃၃-ခုနှစ်က ငွေဒင်္ဂါးတန်ဖိုးဖြစ်တယ်။ ယနေ့ စေတီပေါ်တွင် တွေ့မြင်ရသော ထီးတော်ကြီးမှာ မင်းတုန်းဘုရင်ကြီးရဲ့ ကုသိုလ်တော်ဖြစ်တယ်။

"အောက်က ငြမ်းဆင်၊ ထီးတော်တင်"ဟူသော စကားအရ ၁၂၃၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် တင်လှူခဲ့သော ထီးတော်ဖြစ်ပါတယ်။ ဒီထီးတော်၏ အလေးချိန်မှာ (၁ ¼ )တန်မျှ လေးတယ်။

**ဆပ်သွားဖူး**

ထီးတော် ခုနစ်ဆင့်၏အထက်တွင် ကြေးခွေပြားပေါင်း ၂၁-ဆင့်ကို အချိုးအစားအလိုက် တပ်ဆင်ထားတဲ့ ဆပ်သွားဖူး ရှိတယ်၊ ယင်းမှာ အောက်သိမ်၊ အလယ်ကား၊ အထက်ရှူးပုံ ဖြစ်တယ်၊ အမြင့် (၈) ပေ၊

(၂)လက်မ ရှိတယ်၊ အတွင်းက ငွေသားအမာခံ၍ အပြင်က ရွှေပြားကွပ်ထားတယ်။ စိန် မြ ပုလဲ အစရှိသော ရတနာအမျိုးမျိုးခြယ်ထားသော နားပန်း၊ နားပွင့် ရွှေဆည်းလည်းပေါင်း များစွာ တပ်ဆင်ထားတယ်။ ၎င်း ဆပ်သွားဖူး၏ အတွင်းကြေးလင်ပန်းအထက်၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူကို ငွေသားဘော်ဖြူဖြင့် ရတနာဦးသွင် မိသားစု ပူဇော်ထားတယ်။

ဆပ်သွားဖူးကြီးတွင် ကျောက်မျိုးစုံ (၈၈၆) လုံး၊ အလေးချိန် (၂) ပိဿာ၊ (၅၈) ကျပ်၊ (၁) မူး၊ (၂)ပဲ (၂) ရွေးကို ပူဇော်ထား၍ တန်ဖိုးများလှတယ်။

**ဇွန်း (စိန်လေးပွင့်)**

ဆပ်သွားဖူး၏ အထက်တွင် "ဇွန်း"ခေါ် စိန်လေးပွင့် တပ်ဆင်ထားတယ်။ ထိုဇွန်းလေးဘုံကို ရွှေသား (၃) ပိဿာ (၆)ကျပ်၊ (၆) မူးသားဖြင့် ပြုလုပ်ထားတယ်။ ဘုံလေးဆင့်ရှိ၍ အောက်ဆုံးဘုံသည် အထက်ဘုံများနှင့် တစ်ပေခွဲမျှ ကွာဝေးကြတယ်။ အထက်ဘုံများမှာ တစ်ဘုံနှင့်တစ်ဘုံ တစ်ပေစီ ကွာဝေးတယ်။ ထိုဇွန်းလေးဘုံတွင် ရွှေဆည်းလည်း (၁၀၆၅) လုံး အလေးချိန်အားဖြင့် (၂၁၁) ပိဿာ၊ (၁) ကျပ်၊ (၁) မူးနှင့်အတူ ငွေဆည်းလည်းများနှင့်ကျောက်မျက်ရတနာများကိုလည်း တပ်ဆင်ပူဇော်ထားတယ်။

**ငှက်မြတ်နား (ကြက်လျှာတံခွန်ပြား)**

စိန်လေးပွင့်၏ အထက် (၃) ပေ၊ (၂) လက်မ အကွာတွင် ငှက်မြတ်နားခေါ် သာသနာ့ အောင်လံကြက်လျှာ တံခွန်ပြားကြီး ရှိတယ်။ ယင်းမှာ အလျား (၄) ပေ၊ (၈) လက်မ ပြက်အကျယ်ဆုံးနေရာမှာ (၂) ပေ၊ ၅½ )

လက်မရှိသော ရွှေပြားကြီး ဖြစ်တယ်။ ယင်းမှာ အလေးချိန် (၃၃) ပိဿာ ရှိတယ်။

ထိုငှက်မြတ်နား ရွှေသားပေါ်တွင် ရွှေပန်းခက်၊ ကျောက်မျက်ရတနာ ပန်းခက်၊ စိန်ဒေါင်းနှင့် ကျောက်စီရုပ်ပွားတော်များ၊ ပတ္တမြား၊ နီလာ၊ မြ လုံးကြီးများ မြှုပ်ထားတယ်။ စိန်လုံးရေ (၁၀၉၈) လုံး၊ ရတီချိန် (၂၄၀) ကျော်နှင့် ကျောက်မျက်လုံးရေ (၁၃၃၈) လုံး ပါဝင်သဖြင့် (၁၁၁၇၂၇၇) ကျပ်၊ (၇) ပဲကျော် တန်ဖိုးရှိတယ်။

ထိုကြက်လျှာတံခွန်တွင် လင်း၊ ဟင်း၊ ကြက်၊ ကျေး ဟူသော ငှက်မြတ်လေးကောင်တို့၏ အရုပ်များကို ထုလုပ်ထားသဖြင့် "ငှက်မြတ်နား"ဟု ခေါ်ကြတယ်။

ယင်းငှက်မြတ်နားမှာ ပိန္နဲတိုင်တွင် တပ်၍ စွပ်ထားသဖြင့် အလွယ်တကူ လှည့်နိုင်သည်။ ယင်းမှာ (၃၃) ပိဿာလေးသဖြင့် ထိုအလေးချိန်ကို ထိန်းထားရန်အတွက် တစ်ဖက်တွင် (၁၅)ပိဿာခန့်ရှိသော ချိန်သီးကို တပ်၍ သံမဏိချောင်းဖြင့် ထိန်းထားရတယ်။ ယနေ့ ထီးတော်တွင် တွေ့မြင်ရသော ငှက်မြတ်နားမှာ ၁၂၉၃-ခုနှစ်၊ ကဆုန်လဆန်း (၁၃) ရက်နေ့တွင် တင်လှူသော ငှက်မြတ်နားဖြစ်တယ်။ အသစ်ပြုလုပ်သော လက်ခမှာ ထိုစဉ်က (၅၀၀၀ိ) ကျော်တယ်။

**စိန်ဖူးတော်**

ပိန္နဲတိုင်ထိပ်တွင် အမြတ်ဆုံး သဗ္ဗညုတရွှေဉာဏ်တော်အား ရည်စူး၍ စိန်ဖူးတော် တပ်ဆင်ထားတယ်။ စိန်ဖူးတော်ရဲ့အမြင့်မှာ (၁) ပေ၊ ၁၀½ )လက်မ၊ အချင်း (၁၀½ ) လက်မရှိ၍ အဝန်းမှာ (၃၁. ၄)လက်မ ရှိတယ်။ ကြက်ကဲ့သို့ လုံးဝန်းတယ်။

စိန်ဖူးတော်ရဲ့ခါးလယ်တွင် စိန်ပွင့် သုံးတန်း တပ်ဆင်ထားတယ်။ စိန်များ၊ ကျောက်မျက်များနှင့် စီခြယ်ထားသည့်အပြင် ရွှေစေတီပုံ၊ ပန်း

ပွင့်ပုံ၊ သရဖူပုံတို့ကို နေရာမလတ်အောင် တပ်ဆင်ထားတယ်။ စိန် (၄၃ ၅၁) လုံး၊ ပတ္တမြား (၂၀၀၀) နှင့် အခြားရတနာကျောက်မျက်မျိုးစုံ (၉၃)လုံး၊ ရတီချိန် (၄၇)နှင့် စိန်ဖူး၏ထိပ်တွင် (၇၆) ကာရက်၊ (၈၃-ရတီ ၁၂-ဘီဇ္ဇာ) ရှိသော စိန်ကြီးတစ်လုံးကို မြှုပ်ထား၍ ထိုစိန်ကြီးကို စိန်တန်းဖြင့် မိုးကုတ်ထားတယ်။ ဤစိန်ဖူးတော်ကြီးကို သက္ကရာဇ် ၁၂၉၃-ခုနှစ်တွင် ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြည်သူလူထုရဲ့ ကုသိုလ်တော်များ ပါဝင်ကာ တပ်ဆင်လှူဒါန်းထားခြင်း ဖြစ်တယ်။

မြတိုက်တွင် ခင်းကျင်းပြသထားသော စိန်ဖူးတော်နဲ့ငှက်မြတ်နားမှာ မင်းတုန်းမင်းကြီးရဲ့ ကုသိုလ်တော်ဖြစ်တယ်၊ ယနေ့ စေတီတော်ပေါ်မှာ ဖူးတွေ့ရသော ငှက်မြတ်နားနှင့်စိန်ဖူးတော်မှာ အများကုသိုလ် ဖြစ်တယ်။ ဤအကြောင်းကို

"ဆန်းကြယ်တင့်ထူး၊ ထွတ်စိန်ဖူးနှင့် တိမ်ဦးပျံလွှား၊ ငှက်မြတ်နားကိ၊ အများကုသိုလ်၊ မိုးလုံးပြိုမျှ၊ စိမ်းညိုနီမြန်း၊ လျှပ်စီးပန်းသို့၊ တစ်သန်းကျော် ၁ကျော်၊ တန်ဖိုးတော်ဖြင့်၊ အဟောဝတ၊ ပြုပြီးမှလျှင်၊ ကေနှင့်ဒွ၊ နောတြဟု၊ ရောက်ရှိကောဇာ၊ ဝိသာခါနှင့်၊ ပဏောလျှံကြွ၊ ကဆုံလ၏၊ ပုဏ္ဏဝန်းရှိန်၊ ပြည့်သောချိန်ဝယ် . . . စသည်ဖြင့် ၁၂၉၃-ခုနှစ် တင်လှူခဲ့ကြောင်း စပ်ဆိုထားတယ်။ ဒါကြောင့် လူထုရဲ့ကုသိုလ်ဟု သိရတယ်။

ဆလိုင်း။ ဒီ (၃၂၆) ပေ အမြင့်အထိ ဘယ်သူတည်ခဲ့သလဲဦး။

ကျတော်။ ဒါ အဘပြောခဲ့ပြီလေ၊ ဘဝဆင်ဖြူရှင်မင်း (ရွှေဘို အလောင်းမင်းတရား ဦးအောင်ဇေယျ၏သားတော်) က ခရစ် ၁၇၆၈-ခုနှစ်၊ ဇွန်လ ၁၃-ရက်တွင် ငလျင်ကြီးလှုပ်သဖြင့် စေတီတော်ကြီး ပြိုကျပျက်စီးရာ ပစ္စယာပန်းတင်ခုံမှာပါ ပျက်စီးသဖြင့် ပစ္စယာပန်းတင်ခုံကို သံတောင်ကိုး

ရာဖွင့်၍ ပြင်ဆင် တည်တော်မူပြီး ထီးတော်အသစ် တင်ရာ ဉာဏ်တော် (၃၂၆) ပေ မြင့်တယ်။ ယနေ့ဖူးတွေ့ရသော ဉာဏ်တော်ပဲ။

The king of Ava, Shinbyushin , son of Alompra, who visited Rangoon a litle later, repired it, and raised it to its present height; he also removed the Talaing hti in 1774 and made a new one in the Burmese style; he covered the whole pagoda with gold leaf equal to his weight, 12 stone 3lbs the value of wihch was then Rupees 94,000.

## ကယ်တင်ရှင်အစစ်

ဆလိုင်း။ ဗုဒ္ဓဘုရားရှင် တရားတော်တွေထဲမှာ ကယ်တင်ရှင်ကို မတွေ့ရဘူးလို့ "ဗုဒ္ဓဘုရား၏ တရားတော်များ" ကျမ်းပြုဆရာ ဦးကိုကိုနိုင်က ရေးသားထားပါတယ် ဟုတ်ပါသလားဦး?။

ကျနော်။ ဒီရတနာသုံးပါးမှလွဲ၍ ကိုးကွယ်စရာ မရှိဟု ခံယူထားကြပါတယ်။ ဗုဒ္ဓဘုရားရှင်က သူကိုယ်တိုင်က ကယ်တင်ရှင်အစစ်ကြီး ဖြစ်ပြီဆိုတော့ အခြားကယ်တင်ရှင်တွေကို လိုက်ရှာနေဖို့ မလိုတော့ပါဘူး၊ တွေ့စရာ အကြောင်းလဲ မရှိပါဘူး။

ကိုလည်း ကင်တင်အံ့၊ If I be crossed I shall make manking cross the whil pool of samsara. မုတ္တော မောစေယျံ-ငါသံသရာမှ လွတ်မြောက်သော် သူများ ကိုလည်း လွတ်မြောက်စေအံ့။ If I be saved I shall make mankind save from the rounds of samsara. ဗုဒ္ဓေါ ဗောဓေယျံ-သစ္စာလေးပါး မြတ်တရားကို ငါသိသော် သူတစ်ပါးကိုလည်း သိမြင်စေအံ့၊ If I be known I shall make mankind know the truth. လို့ အဓိဋ္ဌာန်တော်မူ ခဲ့တယ်။ ထို့ကြောင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး မဆုတ် မနစ် ဖြည့်ကျင့်တော်မူခဲ့တယ်။ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေ ပြည့်စုံလုံလောက်သည်နှင့် တစ်ပြိုင်နက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဘုရားအဖြစ်သို့ ရောက်တော်မူတာပဲ။ ဒါကြောင့် ဘုရားရှင်ဟာ တိဏ္ဏ မုတ္တ ဗုဒ္ဓ ပုဂ္ဂိုလ်အဖြစ် ရောက်ခဲ့ပြီး သတ္တဝါတွေကို ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက် အောင် ကယ်တင်ရှင်အစစ်ကြီး ဖြစ်တော်မူပြီ မဟုတ် လား။

## တရားဟောရုံဖြင့် သံသရာက လွတ်မြောက်နိုင်ပါသလား

ဒါကြောင့် ဗုဒ္ဓဘုရားဖြစ်ပြီ မကြာမီမှာပဲ ပဥ္စဝဂ္ဂီငါးဦးကို စ၍ တရား ဟောပြီး သံသရာဘဝ ဝဋ်ဒုက္ခမှ ကယ်တင်တော်မူခဲ့တာပဲ။ အဲဒီတရား ပွဲမှာ ပဥ္စဝဂ္ဂီငါးဦးနှင့်တကွ နတ်ဗြဟ္မာတွေ အသင်္ချေ အနန္တ ကျွတ်တန်း ဝင်ကုန်ကြပါတယ်။ ဒါဟာ အစဆုံး ကယ်တင်ခြင်းပဲ။

ဆလိုင်း။ တရားဟောလိုက်ရုံနှင့် သံသရာက လွတ်မြောက်သွားတာ ပဲလာဦး?

ကျနော်။ တရားအနည်းငယ် ဟောလိုက်ရုံနှင့် လွတ်မြောက်သွားသူ တွေလဲ အများကြီးပဲ၊ များများဟောမှ ကျွတ်ကြတဲ့သူ တွေလဲ ရှိတာပဲ။ တရားဟောခံရတဲ့ ပုဂ္ဂိုလ်ရဲ့ ဣန္ဒြေ အနုအရင့် ကြည်လင်မှု မကြည်လင်မှုအပေါ် မှာ မူတည် ပါတယ်။ ဥပမာ- ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ . . . စသည်ဖြင့် ဂါထာတစ်ပုဒ် ဟောရုံမျှဖြင့် ကျွတ်လွတ်တဲ့သူတွေ ရှိပါတယ်။ အချို့သူ များမှာတော့ လေး၊ ငါးရက် ဟောယူမှ ကျွတ်တန်းဝင် တယ်။ တချို့သူများမှာတော့ ဘုရားဟောတော်မူတဲ့ တရား တော်အတိုင်း အနှစ် (၆၀) လောက် ကျင့်မှ ကျွတ်တန်း ဝင်တဲ့သူလဲ ရှိတာပါပဲ၊ တချို့ကျတော့ ဘုရား တရားကို ယုံကြည်ယုံလောက်သာဖြစ်ပြီး နောင်အခါ အဆုံဖြစ်ရုံ လောက်သာ အကျိုးရတဲ့သူတွေလည်း ရှိတာပါပဲ။

ဆလိုင်း။ ဒီလိုဆိုတော့ ဘုရားရှင်က တရားဟောတိုင်း ကျွတ်တန်း မဝင်နိုင်ကြဘူးပေါ့နော်ဦး?

ကျနော်။ ဘုရားရှင်နဲ့တွေ့တိုင်း ဘုရားရှင်ရဲ့တရားတော်ကို နာယူ ရတိုင်း ကျွတ်တန်းမဝင်သူများလည်း ရှိပါတယ်။ ဒါပေမဲ့ ဘုရားရှင်နဲ့တွေ့လို့ ဘုရားကို မယုံကြည်သူကတော့ နည်း ပါတယ်၊ တစ်ဦးတစ်လေ့ ရှိပါတယ်။ ဥပမာ - ဘုရားရှင် လက်ထက်က ဘုရားရှင်ကို အလုပ်အကျွေး ပြုနေတဲ့ သုနက္ခတ္တရဟန်းဟာ ဘုရားရှင်က သူ့ကို တန်ခိုးပြောင့်ပြဟာ မပြကောင်းလားဆိုပြီး အဝတ်မဝတ်တဲ့ တက္ကဒွန်းကိုမှ

သွားကြည်ညိုတယ်။ ဘုရားရှင်က သူ့အား "သုနက္ခတ္တ သင် အထင်ကြီးတဲ့ တက္ကဒွန်းဟာ လာမည့် (၇) ရက်အတွင်း မှာ အစာနင်ပြီး အစာမကျေတဲ့ ရောဂါနဲ့ သေလိမ့်မယ်၊ သေတော့လဲ ပြိန်းမြက်တောထဲမှာ အသုဘချရလိမ့်မယ်၊ အသူရကာယ်ဘုံမှာ ရောက်မယ်။

နေရောင်သည် သူကန်းအတွက် အကျိုးမရှိ

"သင် သုနက္ခတ္တနှင့် စကားပြောလိမ့်မယ်"လို့ ကြိုတင်ပြီး ဟောပြော လိုက်တဲ့အခါ ဗုဒ္ဓဂေါတမဟောတဲ့ စကားတွေ မမှန်ပါစေနဲ့ ဆိုပြီး အဝတ် မပါတဲ့ တက္ကဒွန်းကို သွားပြောထားလို့ တက္ကဒွန်းကလည်း (၇)ရက်လုံး အစာကို မစားဘူး၊ (၇) ရက်စေ့တော့ အောင်ပြီဟ ဆိုပြီး တွေ့သမျှအစာ တွေကို စားလိုက်တာ၊ အဲဒီညမှာပဲ အစာမကျေလို့ သေတယ်၊ သေတော့ လဲ ဘုရားဟောတာ မမှန်အောင် ဆိုပြီး ပြိန်းမြက်တောက လွှန်အောင် ထမ်းပို့ကြသော်လဲ ဆွဲလာတဲ့ကြိုး ပြတ်သွားလို့ ပြိန်းမြက်တောမှာပဲ အသုဘချခဲ့ရတယ် စသည်ဖြင့် ဗုဒ္ဓဘုရား ကြိုတင်ဟောတာတွေဟာ အားလုံးမှန်နေပါတယ်။ ဒါပေမဲ့ သုနက္ခတ္တကတော့ ဘုရားဆီ ပြန်မလာ တော့ပါဘူး၊ တိတ္ထိဘောင်သို့ ကူးပြောင်းသွားပါတယ်။ အဲဒီလို ဘုရားနဲ့ တွေ့သော်လဲ တိတ္ထိဘောင် ကူးပြောင်းသွားတာ ရှိပါတယ်။ ယနေ့ ဗုဒ္ဓ ဘုရားရှင်နဲ့ တိုက်ရိုက်မတွေ့ရသောသူများက အခြားဘာသာဝင် ဖြစ် သွားကြတာ မဆန်းပါဘူး။

ဆလိုင်း။ ဒီလိုဆိုတော့ လူတွေအားလုံးကို မကယ်တင်နိုင်ဘူးပေါ့ နော်ဦး?

ကျနော်။ ဟုတ်တယ်၊ သတ္တဝါ အညံ့အစားတွေ၊ ပါရမီမရှိတဲ့ သူတွေ ကိုတော့ မကယ်တင်နိုင်ဘူး။ ဥပမာပြောရမယ်ဆိုရင်- နေမင်းကြီးဟာ အလင်းရောင်ကို ပေးနိုင်တယ်။ သူ့အရောင်

နဲ့ အားလုံးကို မြင်စေနိုင်တယ်မဟုတ်လား၊ ဒါပေမဲ့ သူ ဘယ်လောက်ပဲ ရောင့်ခြည်တစ်ထောင် အလင်းဆောင်နေပါစေ မွေးစကပင် မျက်စိနှစ်ကွင်း အလင်းမရတဲ့ သူတွေကို မြင်စေနိုင်ပမလား ကိုဆလိုင်းရဲ့ စဉ်းစားစမ်းပါအုံး။

ဆလိုင်း။ ပင်ကိုက မျက်စိမပါတဲ့သူကတော့ နေရောင်ဘယ်လောက်ပဲ လင်းနေနေ သူ့အတွက် မှောင်နေမှာပါပဲဦးရာ။

ကျနော်။ အေး ဟုတ်တယ်၊ ဒီလိုပဲ ဉာဏ်ပါရမီ အလင်းမရသူတွေဟာ ဘုရားရှင်နဲ့ ဘယ်လောက်တွေ့တွေ့ ဘယ်လိုပင် ကယ်မ ကယ်မ မြုပ်မြဲ မြုပ်သွားကြမှာပါပဲ။ ဘယ်ဘုရားမှ ကယ်လို ရနိုင်မှာ မဟုတ်ဘူး၊ သံသရာသစ်ငုတ်ဆိုတဲ့ လူမျိုးလည်း ရှိသေးတာမောင်ရ။

## ဂရှက် ဆိုတာ ဘာလဲ

ဆလိုင်း။ တစ်ပုဒ် တစ်ပါဒလောက် ဟောလိုက်ရုံနဲ့ လွတ်မြောက်သွားသူတွေ ဘယ်လောက်များလဲ ဦး?

ကျနော်။ အများကြီးပါဗျာ၊ ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီကုသိုလ်တွေသာ ရှိခဲ့မယ်ဆိုရင် လူတွေကို အများကြီးသတ်ခဲ့တဲ့ အင်္ဂုလိမာလကြီးကိုပင် အပါယ်မကျစေဘဲ သံသရာက လွတ်မြောက်အောင် ကယ်တင်နိုင်ခဲ့ပါတယ်။ ဒီလောက်အစွမ်းသတ္တိ ရှိပါတယ်။

ဆလိုင်း။ ဒီလိုဆိုတော့ ပါရမီရှိတဲ့ သူတွေအားလုံးကို ကယ်တင်နိုင်တယ်ဆိုတဲ့ သဘောပေါ့နော်ဦး?

ကျနော်။ အေးဗျာ၊ ဒါပေမဲ့ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေ ရှိသော်လဲ ဒီဘဝမှာ သူယုတ်မာနဲ့ ပေါင်းမိပြီး အလွန်လေးနက်

ဂရုကံကြီးတွေကို ကျူးလွန်တဲ့သူရင်လဲ မကယ်တင်နိုင်ပြန်ဘူး ကိုဆလိုင်းရေ။

ဆလိုင်း။ ဂရုကံဆိုတာ ဘယ်လိုဟာလဲ ဦး?

ကျနော်။ အကုသိုလ် ဂရုကံကြီးတွေဆိုတာ - အမိကို သတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုလုပ်ခြင်း (ဘုရားရှင်ကို သတ်မရ) သံဃာကို အသင်းခွဲခြင်းလို့ ငါးမျိုးရှိတယ်၊ အဲဒီငါးမျိုးတွင် တစ်မျိုးမျိုးကို ကျူးလွန်မိတဲ့သူကို ဘုရားရှင်က ငရဲမကျအောင် မကယ်တင်နိုင်ဘူး။ မုချ ငရဲကျမည့်သူတွေပဲ။ ဒါပေမဲ့ အပြစ်ပေါ့ပြီး အဝီစိငရဲကျမည့်အစား လောဟကုမ္ဘီငရဲလောက်သာ ကျခံတဲ့ သာဓကတော့ ရှိတယ်။

ဆလိုင်း။ သာဓကလေး သိပါရစေ ဦး?

ကျနော်။ အဇာတသတ်ဘုရင်ဟာ ဒီဘဝမှာ အဖကို မသတ်မိဘူးဆိုရင် သံသရာမှ ကျွတ်လွတ်နိုင်တဲ့သူပဲ၊ ဘုရားရှင်ရဲ့တရားကိုသာ ဦးစွာနာယူလိုက်ရရင် ဘဝသံသရာမှ လွတ်မြောက်မဲ့သူပဲ။ ဒါပေမဲ့ အဖကို သတ်မိတော့ ငရဲ့က မလွတ်ဘူး၊ ဒါပေမဲ့ နောက်ပိုင်းအချိန်မှာ အဇာတသတ်ဟာ ဗုဒ္ဓဘုရားကို အလွန်ကြည်ညိုတယ်။ ပုထုဇဉ်တွေထဲမှာ ဘုရားကို သူ့ထက်ကြည်ညိုသူမရှိဘူးတဲ့။ ပုထုဇဉ်တွေထဲမှာတော့ အဇာတသတ်ဟာ အကြည်ညိုဆုံးပုဂ္ဂိုလ်ပဲ။ ဒီလို ဘုရားကို ကြည်ညိုတဲ့ စေတနာ သဒ္ဓါတရားကြောင့် အဝီစိကျရမည့်အစား အပြစ်ပေါ့ပြီး လောဟကုမ္ဘီငရဲသာ ကျရသတဲ့။ ဒါကြောင့် ကျုပ်တို့ ဗုဒ္ဓဘုရားရှင်ဟာ ကယ်

တင်ရှင်အစစ်ကြီးပါဗျာ။ သူ့ကိုသာ အကြွင်းမဲ့ ကြည်ညို ဆည်းကပ်ပါ၊ မုချချမ်းသာသုခ အဝဝနဲ့ ပြည့်စုံမှာ သေချာ ပါတယ်။

ဒါကြောင့် နတ်သားတစ်ယောက်က -
ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။ (သံ၊ ၁၊ ၂၅)

လို့ ရွတ်ဆိုပူဇော်ခဲ့ပါတယ်။ မြန်မာလို အတိုချုပ်ကတော့ "ဗုဒ္ဓ ဘုရားကို ဆည်းကပ်ကိုးကွယ်သူတွေဟာ အပါယ် ငရဲ့မကျကြဘူး၊ နတ်ပြည်သို့ ရောက်ကြရလိမ့်မယ်"လို့ ဆိုလိုပါတယ်။

### ဘုရားရှင်ကို ယုံကြည်ရှုံမှုဖြင့် နတ်ရွာသုဂတိရောက်နိုင်တယ် ဆိုတာ ဘယ်လိုသဘောကြောင့်ပါလဲ

**ဆလိုင်း။** ဗုဒ္ဓဘုရားကို ကြည်ညိုရှုံမှုနှင့် ကောင်းရာသုဂတိ နတ် ပြည်သို့ ရောက်နိုင်တယ်ဆိုတာ ဘယ်လိုသဘောတရား ကြောင့်လဲ ဦး?

**ကျနော်။** ဘုရားရှင်ဟာ ကိလေသာ အညစ်အကြေး ကင်းစင်တော် မူလို့ပဲ။ ဗုဒ္ဓဘုရားရှင်ဟာ ကိလေသာများ ကင်းစင်တော် မူ၍ စိတ်တော်အစဉ်ဟာ လုံးဝနောက်ကျုခြင်း မရှိဘူး၊ အရောင်တောက်ပနေတယ်။ အရည်အသွေး အပြည့်ရှိတဲ့

ပတ္တမြားရတနာကြီးလိုပဲ။ ဒီထက်ထင်ရှားတဲ့ ဥပမာပေးရမယ်ဆိုရင် ရောင်ခြည်တစ်ထောင် အလင်းဆောင်နိုင်တဲ့ နေမင်းကြီးလိုပဲ။ အစွမ်းသတ္တိ အပြည့်ရှိနေတယ်။ အဲဒီလို တန်ခိုးသတ္တိနှင့် ပြည့်စုံတဲ့ ဘုရားရှင်ကို ဖူးမျှော်လိုက်ရတော့ ဖူးမျှော်သူတို့၏ စိတ်အစဉ်ဟာလဲ ကြည်လင်လာတယ်၊ ဖြူစင်သန့်ရှင်းလာတယ်၊ အေးချမ်းလာတယ်၊ တန်ခိုးသတ္တိ ထက်လာတယ်။ ဖြူစင်၍ တန်ခိုးသတ္တိနဲ့ ပြည့်စုံလာတဲ့ စိတ်အစဉ်ဟာ ကောင်းကျိုးကို ပေးမလား၊ ဆိုးကျိုးကို ပေးမလား ကိုဆလိုင်းရဲ့?

ဆလိုင်။ ကောင်းကျိုးတွေကိုသာ ပေးမှာပေါ့ဦးရဲ့။

ကျနော်။ အေး - ကုသိုလ်ရတယ်ဆိုတာ မိမိစိတ်အစဉ်မှာ ကိန်းအောင်းသွားတာ၊ စွဲသွားတာကို ခေါ်တယ်၊ အဲ့ဒီလို ကောင်းတဲ့ ကြည်လင်တဲ့ စိတ်အစဉ်တွေ ဖြစ်လာရင် ကောင်းကျိုးတွေ ဖြစ်နေတော့မှာ အမှန်ပဲ။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုရုံမျှဖြင့်ပင် ကောင်းရာသုဂတိဘုံသို့ ရောက်မယ်လို့ ပြောတာ။

## ဥတ္တရာသာမဏေ

ဆလိုင်း။ ဘုရားကို ကြည်ညိုလို့ ကောင်းကျိုးရတဲ့ သာဓကလေး တစ်ခုလောက် ပြပါလာဦး?

ကျနော်။ ဘုရားရှင်ရဲ့လက်ထက်တော်က ဥတ္တရဆိုတဲ့ လုလင်တစ်ယောက်ဟာ အမတ်ကြီးတစ်ဦးရဲ့ သမီးကို လက်မထပ်ဘဲ ရှင်သာမဏေပြုခဲ့တယ်။ အရှင်သာရိပုတ္တရာကြီးရဲ့ တပည့်လေးပေါ့။ မထေရ်မြတ်ကြီးမှာ လေနာရှိလေတော့ ဥတ္တရ

သာမဏေလေးဟာ နံနက်စောစောထပြီး ယာဂုဆွမ်းခံရန် ထွက်ခဲ့တယ်။ လေးနာရီထိုးလောက်ဆိုတော့ မလင်းတတ်သေးဘူး။ မြို့အနီး ရေကန်ရောက်တော့ ပါလာတဲ့ သပိတ်ကို ကန်ဘောင်ပေါ်မှာ ချထားခဲ့ပြီး ကန်တွင်းဆင်း၍ မျက်နှာသစ်တယ်။ အဲဒီအချိန် သူခိုးတွေကလဲ ဘဏ္ဍာထုပ်ကို ခိုးယူလာပြီး ရေကန်နား ရောက်လာတယ်။ နောက်လိုက်လာသူတွေ နီးလာတော့ အသပြာထုပ်ကို သပိတ်ထဲ တည့်ပြီး ပြေးကြတယ်။ လိုက်လာသူတွေက သူခိုးကို ရေကန်နားမှာ မျက်ခြေပြတ်သွားလေတော့ ဟိုရှာ ဒီရှာနဲ့ ကိုရင်လေးကို သွားတွေ့ကြတယ်။ ဒါနဲ့ မသင်္ကာဖြစ်ပြီး ကိုရင်ရဲ့ သပိတ်ကို ဖွင့်ကြည့်ကြတော့ အသပြာထုပ်ကို တွေ့ကြတယ်။ အမတ်ကြီးအား ထိုအကြောင်းကို လျှောက်ထားကြတော့ အမတ်ကြီးက ယခင်အငြိုးဖြင့် တံကျင်လျှို၍ သတ်စေတယ်။ သတ်သူက ကိုရင်လေးအား သင်္ကန်းချွတ်ပြီး ကားစင်တင်တယ်။ ဒါကို ဘုရားရှင် သိတော်မူသဖြင့် ရောင်ခြည်တော်ခြောက်ဖြာကို ရှင်သာမဏေဆီ လွှတ်ပြီး တရားဟောသဖြင့် တံကျင်လျှိုလျက်ပင် တရားထူး ရတော်မူတယ်။ တံကျင်သပ်များလဲ အားလုံးကျွတ်ကျန်တယ်။

ထိုအခါ ဥတ္တရ သာမဏေလေးက ကောင်းကင်သို့ လေးဆင့်လောက်တက်ပြီး တင်ပလ္လင်ခွေ ထိုင်တော်မူ၍ လာရောက်ကြည့်ရှုကြသောသူများအား တရားဟောတော်မူတယ်။ ဒီအကြောင်းအရာ အဋ္ဌကထာပ္ပတ္တိမှာ - ဗုဒ္ဓဘုရားရှင်အား အကြွင်းမဲ့ ယုံကြည်တော်မူသဖြင့် မျက်မှောက်ခံ

စားနေရသော ဆင်းရဲခြင်း၊ နောင်ဖြစ်လတ္တံ့သော ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်ခြင်းပဲ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုရုံမျှဖြင့်လဲ ဆင်းရဲဒုက္ခအဝဝမှ လွတ်မြောက်နိုင်ကြပါတယ် ကိုဆလိုင်းရဲ့။ ဘုရားရှင်ကို ယုံကြည်တယ်ဆိုတာ နည်းတဲ့စေတနာမှ မဟုတ်ဘဲလား၊ ဒီပြင်သာဓကတွေလဲ အများကြီးပါဗျာ။ ခင်ဗျာတို့ ခုဝယ်လာတဲ့ ဓမ္မပဒစာအုပ်ကို ဖတ်ရင်လဲ တွေ့မှာပါ။ ဒါကြောင့် ဦးက ဘုရားရှင်ဟာ ကယ်တင်ရှင်အစစ်ကြီးလို့ ပြောတာပါ။

**ဘုရားငါးဆူပွင့်တော့ ဗုဒ္ဓဟာ အတုလဖြစ်နိုင်ပါသေးသလား**

ဆလိုင်း။ ဗုဒ္ဓဘုရားဟာ ဧကပုဂ္ဂလ - တစ်ဦးတည်းသော ပုဂ္ဂိုလ်ဆိုတာ ဟုတ်ပါသလားဦး?

ကျနော်။ ဧကပုဂ္ဂလ ဆိုတာ ဒီကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံး သို့မဟုတ် စကြဝဠာတိုက် တစ်သောင်းအတွင်းမှာ ဒီဘုရားတစ်ဆူသာ ပွင့်တော်မူတယ်။ ဒီဘုရားရှင် ပွင့်တော်မူချိန်၊ ပွင့်တော်မူသော ကာလတွင်းမှာ အခြားဘုရားတစ်ဆူ ပွင့်တော်မူလေ့မရှိဘူး။ ပွင့်တော်မူရိုး ထုံးစံမရှိဘူး။ ဒါကြောင့် ဧကပုဂ္ဂလ-တစ်ဆူတည်းသော ဘုရားလို့ ပြောကြတာ။ ဒီလို အခြားဘုရားတစ်ဆူ ပွင့်တော်မမူသောကြောင့်လည်း အတုလ၊ အခြားအတူရှိတော်မမူသော ဘုရားလို့ မုချပြောကြရတယ်။

ဆလိုင်း။ စိတ်မရှိနဲ့နော်ဦး။ ဒီဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူ ပွင့်တော်မတယ်လို့ဆို မဟုတ်လား?။

ကျနော်။ အေး-ဟုတ်တယ်၊ ဒီကမ္ဘာမှာပဲ ဘုရားငါးဆူပွင့်တော်မူမယ်ဆိုပေမဲ့ ဘုရားတစ်ဆူနဲ့တစ်ဆူကြားမှာ အချိန်ကာလအားဖြင့် ဘယ်လောက်ကြာမယ်ထင်သလဲ။ လူတွေကတော့ သိပ်မကြာလှဘူးလို့ ထင်နေကြမှာပဲ။ ဒီဘုရားပွင့်ပြီးလို့ ဟောဒီ ကမ္ဘာမြေကြီးဟာ အထက်ကို တစ်ယူဇနာ(၁၂)မိုင်အထိ မြင့်တက်လာသော အချိန်လောက်ရောက်မှ နောက်ဘုရားတစ်ဆူ ပွင့်တော်မူမှာပါ။

ဒီလောက်ကြာမြင့်တဲ့ ကာလအတွင်းမှာ ဘုရားတစ်ဆူသာ ပွင့်တော်မူလို့ ဧကပုဂ္ဂလ-တစ်ဆူတည်းသောဘုရားလို့ ပြောကြရတာပါ။ ပစ္စေကဗုဒ္ဓါ ခေါ်တဲ့ ဘုရားငယ်တွေကတော့ ပွင့်တတ်ကြပါတယ်။ သူတို့က သမ္မာသမ္ဗုဒ္ဓဘုရားမဟုတ်ကြဘူး။ သတ္တဝါအများကို ကျွတ်လွတ်အောင် မဟောပြောနိုင်ကြဘူး။

ဆလိုင်း။ ဒါဖြင့် မက္ခလိဂေါသာလ၊ ပုရာဏကဿပ စတဲ့ ဘုရားတွေလဲ ဒီဘုရားရှင်လက်မှာ ရှိသေးတယ်ဆို။

ကျနော်။ ဒါတွေက ဘုရားတုတွေပါ။ ဘုရားစစ် မဟုတ်ပါဘူး။ ရွှေအစစ်၊ ရွှေအတုရှိသလိုပေါ့။ အတုဟာ အတုပါပဲ။ ဖးစစ်မဟုတ်ပါဘူး။ သူတို့က ဘုရားအစစ်မှ မဟုတ်ကြဘဲ။

ဆလိုင်း။ တန်ခိုးက္ကဒ္ဓိပါဒ်ရှိတဲ့ နတ်တွေ၊ ဗြဟ္မာတွေကလဲ ဘုရားမဖြစ် နိုင်ဘူးလားဦး။

ကျနော်။ မေးထိုက်တဲ့ မေးခွန်းပဲဗျာ။ နတ် ဗြဟ္မာတွေဟာ သူ့အလိုလို တန်ခိုးရှိတဲ့သူတွေပါ။ ကမ္ဘာလောကဓာတ်ကြီးကို နတ်မျက်စိနဲ့ မြင်နိုင်တယ်။ နတ် နားနဲ့ ကြားနိုင်တယ်။ သူတစ်ပါးရဲ့ စိတ်အကြံကို သိနိုင်တယ်။ ဒါပေမဲ့ သူတို့ဟာ သစ္စာ

လေးပါးကို ထိုးထွင်း၍ မသိမြင်နိုင်ကြဘူး။ သူတစ်ပါးအား သစ္စာလေးပါးကို မြင်အောင် မဟောပြောနိုင်ဘူး။ ဒါကြောင့် နတ် ဗြဟ္မာတွေဟာ သူတို့ဘဝမှာတော့ ဘယ်တော့မှ ဘုရားဖြစ်ရိုး ထုံးစံမရှိဘူး။ လူ့ပြည်ဆင်းပြီး လူအဖြစ်နှင့် ပါရမီဖြည့်တဲ့ အခါမှသာ ဘုရားဖြစ်နိုင်ကြပါတယ်။

နောက်တစ်ချက်က နတ်ပြည်၊ ဗြဟ္မာပြည်မှာ ဘုရားဖြစ်နိုင်ရန် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ဖို့မလွယ်ဘူး၊ နတ်မှာ တောထွက်တယ်လို့ မရှိဘူး။ ဒါကြောင့် ဘုရားဖြစ်ရိုး ထုံးစံမရှိတာပါ။

**ဆလိုင်း။** ဦးနဲ့ ဆွေးနွေးရတာ ကျနော် အတော်ကျေနပ်ပါတယ် ဦးရယ်။ သည်းခံပြီး ဖြေတာကိုလဲ ကျေးဇူးတင်ပါတယ်။

**ကျနော်။** ဖြေရမယ့်တာဝန်က ဦးမှာ အပြည့်ရှိပါတယ်ဗျာ။

ဒီတော့ ကိုဆလိုင်းမေးခဲ့တဲ့ ကယ်တင်ရှင်ကို မတွေ့ရဘူး ဆိုတာ ဟုတ်ပါသလား ဆိုတဲ့ မေးခွန်းကို ဖြေရမယ်ဆိုရင် -

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်က

"ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ရာဟုဂ္ဂဟံဝ စန္ဒိမံ။"

ဝက္ကလိ-ငါ့ထံသို့ လာမကြောက်နဲ့၊ ငါဘုရားကို ဖူးမျှော်စမ်းပါ၊ ရာဟုအသူရိန်ကင်းသော လပြည့်ဝန်းကဲ့သို့ ငါသည် သင့်အား ကိလေသာဟိမ်တိုက်ကင်းရာ နိဗ္ဗာန်သို့ ပို့ဆောင်အံ့" ဘုရားရှင် ကိုယ်တော်တိုင်က ကိလေသာအပေါင်းမှ ကယ်တင်မယ်၊ ထုတ်ဆောင်မယ်ဟူ၍ ဟောထားတော်မူချက်များ ရှိပါတယ် ကိုဆလိုင်းရာ။

နောက် ဘုရားရှင်ကိုယ်တော်တိုင်က အနာထပိဏ်သူဌေးရဲ့ မိတ်ဆွေများကို "ဥပါသကာတို့ အောက်အဝီစိ၊ အထက်ဘဝဂ်၊ ဖိလာအားဖြင့် အနန္တလောကဓာတ်ကြီးတစ်ခုလုံးတွင် သီလစသော ဂုဏ်တို့ဖြင့် ဘုရားရှင်နှင့် တူသောသူ မရှိပြီ၊ ဘုရားရှင်ထက် သာလွန်သူ ဘယ်မှာမှ မရှိနိုင်ပြီ ဟူ၍လည်းကောင်း၊ ခြေမရှိသော သတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါ၊ ခြေများစွာရှိသောသတ္တဝါတို့တွင် ဗုဒ္ဓဘုရားရှင်ဟာ အမြတ်ဆုံးပုဂ္ဂိုလ်ပဲ"ဟူ၍လည်းကောင်း၊ ဤလူ့ပြည်၌လည်းကောင်း၊ နတ်ပြည် ဗြဟ္မာပြည်တို့၌လည်းကောင်း ဘုရားရတနာထက် သာလွန်သော ရတနာ မရှိဟူ၍လည်းကောင်း ဟောတော်မူပြီး ဥပါသကာတို့ ဒီလို မြတ်သောဂုဏ်တို့နှင့် ပြည့်စုံတဲ့ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူများဟာ အပါယ်ဆင်းရဲ အပါယ်ဘုံတို့၌ မကျရောက်ဘူး။ အပါယ်ဘုံမှ လွတ်မြောက်ပြီး နတ်ပြည် ဗြဟ္မာပြည်တို့၌သာ ဖြစ်ကြရပါတယ်။ ဒါကြောင့် သင်တို့ဟာ ဒီရတနာသုံးပါးကို ကိုးကွယ်ခြင်းကို မဖျက်သင့်ကြဘူး (ဝါ) တိတ္ထိဘောင်သို့ မကူးသွားသင့်ဘူး"ဟူ၍ သူကြွယ်ငါးရာကို တရားဟော ဆုံးမခဲ့တဲ့ သာဓကတွေ ရှိကြပါတယ်။ (အပဏ္ဏကဇာတကအဋ္ဌကထာ)။

ဘုရားရှင်ကိုယ်တော်တိုင်က "ဥဒ္ဓရိဿာမိ- ထုတ်ဆောင်ကယ်တင်အံ့"ဟု စကားတော်သုံးထားပါလျက် ဘုရားရှင်ရဲ့ ဓမ္မတွေထဲမှာ ကယ်တင်ရှင်ကို မတွေ့ရဘူးဆိုတာ သလာဖုံးနေလို့ပဲလို့သာ မှတ်ရတော့မှာပါပဲ။

ဆလိုင်းရယ်- သတ္တဝါတွေကို ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်အောင် ပြုနိုင်တဲ့သူကို ကယ်တင်ရှင်လို့ မပြောရင် ဘယ်သူ့ကို သွားပြောမလဲ။ ဘုရားရှင်ကိုယ်တိုင်က

"တေ ခေါ သရဏံ ခေမံ၊ တေ သရဏ မုတ္တမံ

တော် သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ"လို့ ဟောထားတော်မူခဲ့ပါတယ်။ လိုရင်းအဓိပ္ပါယ်ကတော့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ ဤသို့ ကိုးကွယ်ဆည်းကပ်သောကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏ဟု ဟောတော်မူခဲ့ပါသေးတယ်။ ဗုဒ္ဓဘုရားဟာ ကိုယ်တိုင်လည်း လွတ်မြောက်ပြီး၊ သူတစ်ပါးကိုလည်း ကယ်တင်တော်မူနိုင်လို့တာရယ် ပုဂ္ဂိုလ်လို့ခေါ် ဆိုတယ် ကိုဆလိုင်းရဲ့။ ပစ္စေကဗုဒ္ဓါများကြတော့ အရိယာပုဂ္ဂိုလ်လို့ပဲ ခေါ် ရတယ်။

ဆလိုင်း။ ဗုဒ္ဓဘုရားရှင်နဲ့စပ်လို့ ဆွေးနွေးရတာ အတော်ကျေနပ်မိပါတယ်။ ဆွေးနွေးမဆုံးနိုင်အောင်ပါပဲ။

ကျနော်။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ဘယ်သူမျှ ကုန်အောင် မဟောပြောနိုင်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ဗုဒ္ဓဂုဏော အနန္တော-ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ အသင်္ချေ အနန္တ မရေတွက်နိုင်ဘူး ဆိုပါတယ်။ ဒါကြောင့် ဆလိုင်းတို့ မေးမြန်းဆွေးနွေးလေလေ အဖြေရလေလေနေမှာပါပဲ။

ဆလိုင်း။ ကောင်းတယ်ဦးရေ၊ ဓမ္မတရားတော်ဆိုတာ ဘာတွေလဲလို့ သိချင်သေးတယ်ဦး။ အချိန်ရမယ်ဆိုရင် ရှင်းပြပါလား?

ကျနော်။ အေး- အထူးအချိန်ယူပြီး ရှင်းပြရမှာပေါ့။

## ဘုရားရှင်ဟောတဲ့ ဓမ္မအကြောင်းသိပါရစေ

ဆလိုင်း။ ဗုဒ္ဓဘုရားရဲ့ တရားတော်တွေက ဘယ်လိုကယ်တင်နိုင်တယ်ဆိုတာ သိပရစေလား ဦး?

ကျနော်။ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူတဲ့ တရားတွေဟာ ပိဋကတ်ကော်အားဖြင့် သုံးပုံ၊ ဓမ္မက္ခန္ဓအားဖြင့် ရေတွက်ရင်

၈၄၀၀၀ ရှိတဲ့ ပရိယတ္တိဓမ္မနှင့် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့် ဆယ်ပါးရှိတယ်။

ပရိယတ္တိဓမ္မ တရားတော်တွေအတိုင်း လိုက်နာမယ်၊ ကျင့်ကြံအားထုတ်မယ်ဆိုရင် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်ပါတယ်။ ဥပမာတစ်ခုနဲ့ အလွယ်ဆုံးပြောမယ်ဆိုရင် လူတစ်ယောက်ဟာ ဘုရားရှင်ဟောတော်မူတဲ့ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းမယ်ဆိုရင် ဆင်းရဲဒုက္ခ အပါယ်ငရဲ မကျနိုင်ဘူး။ ဒါဟာ အသေးဆုံး ကျင့်ဝတ်ပဲ ဖြစ်တယ်။ ဒီထက်ပိုပြီး စောင့်ထိန်းနိုင်တယ်ဆိုရင်တော့ ပြောစရာ မလိုတော့ဘူး။ မုချဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက်နိုင်ပါတယ်။ဒါဟာ တရားတော်ရဲ့သွာက္ခာတဂုဏ်နဲ့ ပြည့်စုံခြင်းပါဘဲ။

ဆလိုင်း။ ဓမ္မက္ခန္ဓာတွေက များလှချည့်လား။ ဘာတွေလဲဦး?

ကျနော်။ အကျဉ်းချုံးပြောရမယ်ဆိုရင်တော့ ပိဋကတ်သုံးပုံပါဘဲ။ ပိဋကတ်သုံးပုံဟာ စာအုပ်ပေါင်း ဘယ်လောက်ရှိသလဲ ဆိုရင်

၁။ ဝိနည်း (၅) ကျမ်း -၅ အုပ်

၂။ အဘိဓမ္မာ (၇) ကျမ်း - ၁၃ အုပ်

၃။ သုတ္တန် (၃၄) ကျမ်း - ၂၃ အုပ်

စုစုပေါင်း အုပ်လေးဆယ်ရှိတယ်။ ဒါဟာ ပါဠိတော်သက်သက်ဘဲ ရှိသေးတယ်။ သူ့ကိုဖွင့်ပြတဲ့ အဋ္ဌကထာက ငါးဆယ့်တစ်အုပ် ရှိတယ်။ အဲ့ဒီပါဠိတော် လေးဆယ်အုပ်ရဲ့ မြန်မာပြန်လည်းရှိတယ်။ နိဿယဆိုတာ ရှိတယ်။ အဋ္ဌကထာများမှာလဲ အဲဒီလိုဘဲ မြန်မာပြန်၊ နိဿယ

စသည်တွေရှိကြတယ်။ ဘုရားရှင် ဟောတော်မူတဲ့ ပါဠိတော် အုပ်လေးဆယ်မှာ စာမျက်နှာအားဖြင့် တစ်သောင်းခြောက်ထောင် ခုနစ်ရာ သုံးဆယ့်ကိုးမျက်နှာ ရှိတယ်။

ဆလိုင်း။ ဘယ်ကျမ်းမှာ စာမျက်နှာ ဘယ်လောက်ရှိတယ်ဆိုတာကော အပြည့်အစုံရှိရဲ့လားဦး?

ကျနော်။ ၁။ ဝိနယပဋကက ခေါ် ဝိနည်း ၅-ကျမ်းမှာ ၂၃၆၀-မျက်နှာ
၂။ အဘိဓမ္မပိဋက ခေါ် အဘိဓမ္မာ ၇-ကျမ်းမှာ ၃၈၀၆-မျက်နှာ၊
၃။ သုတ္တန္တပိဋက ခေါ် သုတ္တန် ၃၄-ကျမ်းမှာ ၉၅၇၃-မျက်နှာ ရှိပါတယ်။ စုစုပေါင်း ၁၆၇၃၉၉-မျက်နှာရှိပါတယ်။ ဗုဒ္ဓဘုရား ဟောတော်မူထားခဲ့တဲ့ ဒီဓမ္မတွေဟာ အနှစ်သာရချည်းပဲ။ အကာမပါဘူး။ အစ၊ အလယ်၊ အဆုံး သုံးပါးသော ကောင်းခြင်းနဲ့ ပြည့်စုံတော်မူပါတယ်။

ဆလိုင်း။ ဦးနဲ့ တွေ့ဆုံမေးမြန်းရတာ အတော်ပြည့်စုံပါတယ်။

ကျနော်။ ဆလိုင်းတို့ သိချင်တာကို ဆက်ပြောလိုက်ပါအုန်းမယ်။ ဒီကျမ်းစာတွေထဲက သူငယ်ဖတ်စာခေါ်တဲ့ မင်္ဂလသုတ်ကိုပဲ ကြည့်၊ လက်မလွှတ်ချင်လောက်အောင် ကောင်းတယ်၊ အတိအကျ ဟောထားတယ်။ အဲဒီ ၃၈ ဖြာ မင်္ဂလာတရား တွေထဲက အသေဝနာ စ ဗာလာနံ- သူမိုက်နှင့်မပေါင်းဖော်ရခြင်းဆိုတဲ့ မင်္ဂလာတရားတစ်ပါးကိုပဲ လိုက်နာရင် ဒီဘဝမှာ ဒုက္ခမရောက်နိုင်ဘူး။ မဆင်းရဲနိုင်ဘူး။ ဒီဘုရားရှင်ရဲ့ တရားတော်ကို ချိုးဖောက်ပြီး လူမိုက်နှင့် ပေါင်းသင်း မယ်ဆိုရင်တော့ လူမိုက်ရဲ့ အကြံပြုချက်များကြောင့် ဒီဘဝမှာပဲ မင်းပြစ် မင်းဒဏ် ခံရနိုင်တယ်။

ဆင်းရဲဒုက္ခ အမျိုးမျိုးနဲ့ တွေ့ကြုံရနိုင်တယ်။ မကောင်းမှုတွေ ကျူးလွန်မိပြီး လူဖြစ်ရှုံး၍ အဆုံးဘဝ၌ ငရဲသို့လားရနိုင်တယ်။ ဒီမင်္ဂလာ တစ်ပါး စကားတစ်ခွန်းဟာ ဘယ်လောက်ထိ ရောက်သလဲ။ "သူမိုက်ကို မပေါင်းခြင်းသည် မင်္ဂလာ တစ်ပါး"ဆိုသည့်အတိုင်း လူမိုက်ကို ရှောင်ကြဉ်လိုက်ရင် ဆင်းရဲဒုက္ခမှ ကယ်တင်တဲ့ သဘောပဲ။

ဒီထက်မြင့်၍ တရားတော်အတိုင်း ကျင့်ကြံမယ်ဆိုရင် သံသရာဘဝ ဘေးဒုက္ခအပေါင်းမှ အမှန်လွတ်မြောက်ပြီး ထာဝရ ငြိမ်းချမ်းသာယာတဲ့ နိဗ္ဗာန် ရွှေပြည်မြတ်ကြီးသို့ ရောက်ရှိနိုင်ကြမှာ ဖြစ်ပါတယ် ဆလိုင်းရဲ့။

**ဆလိုင်း။** ဗုဒ္ဓဘုရားဟောထားတဲ့ တရားတွေက အတော်များတယ်။ ဒါတွေကို အကုန်လိုက်နာနိုင်မှ အပြစ်ကလွတ်မှာလားဦး?

**ကျနော်။** လူလည်း လူ့ကျင့်ဝတ်၊ ရဟန်းလည်း ရဟန်းကျင့်ဝတ်ကို လုံခြုံရင် အပြစ်မဖြစ်နိုင်ပါဘူးဗျာ။ ဓမ္မက္ခန္ဓ ၈၄၀၀၀ လုံးကို စောင်ထိန်းနိုင်မှ မဟုတ်ပါဘူး။

## ချက်ချင်းလက်ငင်း အကျိုးပေးနိုင်သောတရားတော်

**ဆလိုင်း။** ဗုဒ္ဓဘုရားရဲ့ ဓမ္မတွေထဲက တစ်မျိုးမျိုးကိုရွေးပြီး ကျင့်ရင် လက်တွေ့အကျိုးရနိုင်ပါသလား။ နောက်ဘဝမှသာ အကျိုးရနိုင်ပါသလား။

**ကျနော်။** လက်ငင်းချက်ချင်း ကောင်းကျိုးတွေကို ရနိုင်ပါတယ်။ အကျိုးတရားတွေကတော့ အဆင့်ဆင့်ပေါ့လေ။ ကျင့်ဆဲအချိန်တွင် သမာဓိတည်၍ ပီတိသုခတွေ ဖြစ်ရတယ်။

နာမ်ရုပ်တို့ရဲ့ ဖြစ်ပုံ ပျက်ပုံကို ကိုယ်တိုင်သိ၍ အကျိုးရှိတယ်။ ကျင့်ပြီး၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့အခါမှာလဲ သန္တိသုခ အေးငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ခံစားနိုင်တယ်။ သိမြင်နိုင်တယ် ဆိုတဲ့ တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားများကို ရရှိစေပါတယ်။

**ဆလိုင်း။** ဒါနပြုခြင်း သီလဆောက်တည်ခြင်းတို့ကလဲ ယခုမျက်မှောက်ဘဝမှာပဲ အကျိုးပေးနိုင်ပါသလားဦး?

**ကျနော်။** ဒါနမှု၊ သီလမှုဆိုတဲ့ ကုသိုလ်တရားတွေကလဲ အချိန်ကာလ ကွာခြားမှုမရှိဘဲ ပြုလုပ်ဆဲ ခဏမှာပင် လောဘ၊ ဒေါသ၊ မောဟ တရားတွေကို ခေါင်းပါးစေပါတယ်။ ရတနာသုံးပါးအား ကြည်ညိုခြင်းစတဲ့ လက်ငင်းအကျိုးတရားတွေကိုလည်း ရစေပါတယ်။ ဘာဝနာတရားကျင့်လို့ မဂ်ဉာဏ်ရပြီ ဆိုရင်တော့ ကာလမခြားဘဲ ဖိုလ်တရားကို ရရှိတော့တာပါဘဲ။ ဒါကြောင့် တရားတော်ဟာ အကာလိက အခါမလင့် အကျိုးပေးခြင်း ဂုဏ်နဲ့ပြည့်စုံတယ်လို့ ဆိုရပါတယ်။

**ဆလိုင်း။** ဗုဒ္ဓဘုရားရဲ့ တရားတော်တွေဟာ ဘယ်သူမဆို ဘယ်ဘာသာဝင်မဆို ကျင့်နိုင်ပါသလားဦး?

**ကျနော်။** ဘယ်ဘာသာဝင်မဆို လူတိုင်းကျင့်ကြံအားထုတ်နိုင်ပါတယ်။ တရားတော်ကိုက လာလှည့်၊ ရှုလှည့်၊ ရှုကြည့်စမ်းပါ၊ အားထုတ်စမ်းပါလို့ ဖိတ်ခေါ်နိုင်တဲ့ ဂုဏ်နဲ့ ပြည့်စုံတော်မူပါတယ်။ ယနေ့ ကမ္ဘာမှာ ကမ္မဋ္ဌာန်းတိုက်တွေ အများကြီးပါ။

## တရားတော်က ဆင်းရဲခြင်းမှ ကယ်တင်ပုံ

မည်သူမဆို ဝင်ရောက်ပြီး ကျင့်ကြံအားထုတ်နိုင်ပါတယ်။ ဘာသာဝင်မှု မဝင်မှုက အဓိကမဟုတ်ပါဘူး။ လက်တွေ့ကျင့်ဘို့ကသာ အဓိကပါ။

**ဆလိုင်း။** တရားတော်က သတ္တဝါတွေကို ကယ်တင်နိုင်ပုံကို ရှင်းပြပါဦး?

**ကျနော်။** ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းဆိုတဲ့ ကာမာဝစရကုသိုလ်တွေက အပါယ်ငရဲမှ လွတ်စေပြီး နတ်ရွာသုဂတိဘုံသို့ ရောက်စေနိုင်တယ်။ လောကီဈာန်တရားတွေကလဲ ပြဟ္မာကြီးတွေ ဖြစ်စေနိုင်တယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ လောကုတ္တရာကုသိုလ်တွေကတော့ အပါယ်ငရဲမှ အမြဲလွတ်မြောက်စေပြီး အမြဲတမ်း ချမ်းသာတဲ့ နိဗ္ဗာန်ကို ရစေတယ်။ ဒါကြောင့် တရားတော်များကလဲ အပါယ်ဆင်းရဲမှ ကယ်တင်နိုင်တယ်။ ကိုးကွယ်ရာ အစစ်ကြီးဖြစ်ပါပေတယ်။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်က

"ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယ ဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

တရားတော်ကို ကိုးကွယ်သူများဟာ အပါယ်ဆင်းရဲသို့ မရောက်တော့ဘဲ နတ်ရွာသုဂတိသို့ ရောက်ကြမယ်" လို့ ဟောတော်မူခဲ့ပါတယ်။ ဒါကြောင့် တရားတော်ဟာ ကိုးကွယ်ရာ အစစ်ကြီးပါ။

ဆလိုင်း။ တရားတော်က လက်တွေ ကယ်တင်ပုံကို ဝတ္ထုသက်သေ ပြနိုင်မလားဦး?

ကျနော်။ ဆလိုင်းတို့ကတော့ အတော်အမေးအမြန် ဇွဲစပ်တယ်။ ပြောရတာပေါ့လေ။ အသိတရားရှိတဲ့ လူကိုမဆို ထားနဲ့၊ တိရစ္ဆာန်များပင် တရားတော်ကို နာယူရသဖြင့် နတ်ရွာ သုဂတိသို့ ရောက်ကြရပါတယ်။

ဆလိုင်း။ ဆက်ပါအုံးဦး?

ကျနော်။ ဘုရားရှင်ဟာ စမ္ပာမြို့ ဂဂ္ဂရေကန်အနီး တရားမဏ္ဍပ်၌ တစ်ညနေတွင် တရားဟောနေစဉ် ဖားငယ်တစ်ကောင် ဟာ ရေကန်မှတက်ပြီး ဘုရားရှင်ရဲ့ သာယာသော အသံ တော်ကို အာရုံပြုနေတယ်။ ထိုအခိုက်နွားကျောင်းသား တစ်ယောက်ကလည်း ပရိသတ်ရဲ့ အစွန်မှာ နှင်တန်ကို အမှတ်မဲ့ ထောက်ပြီး တရားနာပြန်တယ်။ နှင်တံဒုတ်က ဖားငယ်ရဲ့ ဦးခေါင်းကို ထောက်မိလျက်သားဖြစ်နေတယ်။ ဖားငယ်မှာ ထိုဒဏ်ကြောင့် တရားနာရင်း သေရရှာတယ်။ တရားနာရင်း သေတာကြောင့် တာဝတိံသာ နတ်ပြည်မှာ နတ်သားချက်ချင်း သွားဖြစ်တယ်။ ဘုရားရှင်ရဲ့ ကျေးဇူး တော်ကို သိပြီး ချက်ချင်း နတ်ပြည်က ဘုံဗိမာန်နှင့်တကွ ဆင်းလာတယ်။ ဘုရားရှင်ကို အကျိုးအကြောင်း လျှောက် ထားတယ်။ ဒါဟာ ဘုရားရှင်ရဲ့ တရားတော်က ဖားငယ် ကလေးကို ကယ်တင်လိုက်တာပဲ။

ဆလိုင်း။ ကျေးဇူးတင်ပါတယ်ဦး။ ဒီပြင်သာဓကတွေကော ရှိပါသေး လား။

ကျနော်။ အများကြီးပေါ့ မောင်ရာ။ ကဿပဘုရားရှင်လက်ထက် တော်က လင်းနို့သား ငါးရာဟာ တရားတော်ကို နာယူ ရလို့ နတ်သားတွေဖြစ်ပြီး ဒီဘုရားရှင်ရဲ့ လက်ထက်တော် မှာ လူလာဖြစ်ပြီး ရဟန်းဘဝနဲ့ ကျွတ်းတန်းဝင်ကြရတယ်။ ဆင်းရဲဒုက္ခအပေါင်းမှ ကင်လွတ်ကြရတယ်။ ဒါတွေဟာ တရားတော်က သတ္တဝါတွေကို ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တာပဲ ဒါကြောင့်

"ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယ ဘူမိံ . . . စသည်ဖြင် ဟော တော်မူတာပါပဲ။ ဆိုလိုတာက တရားတော်ကို ကိုးကွယ် ရင်လဲ အပါယ်ငရဲ မကျဘူးလို့ မှတ်ပါ။ ဒါကြောင့် ဗုဒ္ဓ ဘုရားဟောတော်မူခဲ့တဲ့ တရားတော်များဟာ ကယ်တင် ရှင်အစစ်ပါ။ တရားတော်ကို ထိုးထွင်းမသိဘဲနဲ့ ချမ်းသာ စစ် နိဗ္ဗာန်ကို မရနိုင်ပါဘူး။

## တရားဂုဏ် ၆ ပါး

ဒါကြောင့် သမ္မာတရားကလည်း ငါ့ကိုမသိဘဲနဲ့ - ငါ့ကိုကျော်ပြီး - ဖခမည်းတော် နိဗ္ဗာန်မရောက်နိုင်ပါဘူးလို့ ပြောခဲ့တယ်မဟုတ်လား။

ဆလိုင်း။ ဓမ္မရတနာဆိုလာ ဘာသဘောလဲ ဦး?

ကျနော်။ ဘုရားရှင်ရဲ့ တရားတော်တွေဟာ ချမ်းသာစစ် ချမ်းသာ မှန် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်တယ်၊ ဘုရား ပွင့် တော်မမူလျှင် တရားတော်ဆိုတာ မရှိနိုင်ပါဘူး၊ ဒါကြောင့် အလွန်ရခဲတယ်၊ ရခဲလို့ ရတနာခေါ်တာပဲ။ တစ်နည်းအား ဖြင့်လည်း ဘုရားရှင်ဟောတော်မူခဲ့တဲ့ ဓမ္မတရားတွေဟာ

ပြည်သူလူထုရဲ့ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်တယ်။ နှစ်သက်မြတ်နိုးစေနိုင်တယ် ဒါ့ကြောင့် ရတနာခေါ်ရခြင်း ဖြစ်ပါတယ်။

ဆလိုင်း။ တရားတော်များရဲ့ ဂုဏ်ပုဒ်ကို အကျဉ်းမျှသိပါရစေ။

ကျနော်။ ဘုရားရှင် ဟောထားခဲ့သော တရားတော်များရဲ့ ဂုဏ်ပုဒ်များက အကျဉ်းအားဖြင့် (၆) ပါးရှိတယ်။

၁။ သွာက္ခာတ = ဗုဒ္ဓဘုရားရှင်က ကောင်းစွာဟောကြားထားခြင်း ဂုဏ်တော်၊

၂။ သန္ဒိဋ္ဌိက = လိုက်နာကျင့်ကြံသူများအတွက် မျက်မှောက်မှာပင် ကိုယ်တိုင်ရှုမြင်နိုင်သည့် စွမ်းအားရှိခြင်း ဂုဏ်တော်၊

၃။ အကာလိက = တရားရှုပွားနေသော ယောဂီအတွက် မဂ်တရားပြီးလျှင် ဖိုလ်တရားသည် ကာလမခြားဘဲ ဖြစ်ခြင်း ဂုဏ်တော်၊

၄။ ဧဟိပဿိက = လာလော့ လက်တွေ့ကျင့်ကြံလော့ ဟု ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်နိုင်သော ဂုဏ်တော်၊

၅။ ဩပနေယျိက = မိမိသန္တာန်၌ အစဉ်အမြဲကပ်၍ ဆောင်ထားသင့်သော ဂုဏ်တော်၊

၆။ ပစ္စတ္တံဝေဒိတဗ္ဗ = မဂ် ဖိုလ် နိဗ္ဗာန် တရားအရသာကို အရိယာသူတော်ကောင်းတို့သာ လက်တွေ့ခံစားနိုင်ခြင်း ဂုဏ်တော်လို့ ၆-မျိုး ရှိပါတယ်။

သူပြောလူပြောမဟုတ်ဘဲ ကိုယ်တိုင်ကျင့်ကြည့်ရင် ကိုယ်တိုင် တွေ့ရှိခံစားနိုင်တဲ့ လက်တွေ့ တရားတော် တွေပါ။

ဒီလို စစ်မှန်တဲ့ တရားတော်တွေကို ဘုရားမှတစ်ပါး မည်သူမျှ ပြည့်စုံအောင် မဟောကြားနိုင်ပါဘူး မှတ်ပါ။

## သံဃာတော်ဆိုသည်မှာ

ဆလိုင်း။ သံဃာတော်များနှင့် ပတ်သက်လို့ သိပါရစေဦး?

ကျနော်။ သံဃာတော်ဆိုဆာ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမဩဝါဒအတိုင်း ကျင့်ကြံနေထိုင်တဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ အဲဒီရဟန်းတော်တွေထဲမှာ ဧဟိဘိက္ခုပ သမ္ပဒါဆိုတာ နောက်ဘဝပေါင်း များစွာက ကျွတ်ထိုက်တဲ့ ပါရမီတွေကို ဖြည့်ကျင့်ခဲ့ကြလို့ ပါရမီရင့်ကျက်သဖြင့် ဘိက္ခုရဟန်း ဧဟိလာလော့ဟု ဘုရားရှင်က ခေါ်တော်မူလိုက်ရုံနှင့် ပရိက္ခရာရှစ်ပါးအပြည့်အစုံနှင့် ရဟန်းဖြစ်သွားတဲ့ သံဃာတော်များလည်းရှိတယ်။

ဆလိုင်း။ သင်္ကန်း ပရိက္ခာ မဝယ်ရဘဲ အလိုလိုဖြစ်တာလားဦး။

ကျနော်။ အေး ဟုတ်တယ်။ ဧဟိဘိက္ခုလို့ ခေါ်လိုက်ရုံမျှဖြင့် ယနေ့မင်းတို့မြင်တွေ့နေကြရတဲ့ ရဟန်းတော်တွေလိုပဲ တစ်ခါထည် ရဟန်းဖြစ်သွားတယ်။ တန်ခိုးဣဒ္ဓိပါဒ်နဲ့အလိုလိုရဟန်းအသွင် ရောက်သွားတဲ့ ရဟန်းတော်များပေါ့။

ဆလိုင်း။ ယနေ့အချိန်မှာတော့ ဗုဒ္ဓဘုရားမရှိတော့လို့ အဲဒီ ဧဟိဘိက္ခုတွေရှိတော့မှာ မဟုတ်ဘူးပေါ့နော်ဦး။

ကျနော်။ အေး ဟုတ်တယ်။ ဉတ်ကမ္မဝါစာနဲ့ ရွတ်ဖတ်ပြီး ရဟန်းအဖြစ် ယူကြတဲ့ သံဃာတွေပဲ ရှိတယ်။

ဆလိုင်း။ ဒီသံဃာတွေရဲ့ ဥပဒေတွေက ဘယ်လောက်ရှိသလဲဦး။

ကျနော်။ ရဟန်းတို့ ဥပဒေခေါ်တဲ့ သိက္ခာပုဒ်တွေဟာ အကျဉ်းအားဖြင့်တော့ (၂၂၇) ရှိတယ်။ အကျယ်အားဖြင့်တော့ ကုဋေကိုးထောင်တစ်ရာ ရှစ်ဆယ့်ငါးသန်း သုံးသောင်း ခြောက်ထောင် ရှိတယ်။ အဲဒီ သိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်းဟူသော ပါတိမောက္ခသံဝရသီလနှင့် ပြည့်တော်မူကြရတယ်။ ထို့ပြင် အကုသိုလ်မဖြစ်ရအောင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင် စောင့်ထိန်းခြင်း ဣန္ဒြိယသံသရသီလနဲ့လည်း ပြည့်စုံကြရတယ်။

ထို့ပြင် အသက်မွေးဝမ်းကျောင်းမှုနှင့်စပ်လို့ ဘုရားပညတ်တော်မူသော သိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်းဟူသော အာဇီဝပါရိသုဒ္ဓိသီလနဲ့လည်း ပြည့်စုံကြရတယ်။

နောက်တစ်မျိုးက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း ဟူသော ပစ္စယသန္နိဿိတသီလနှင့်လည်း ပြည့်စုံကြရတယ်။ အဲဒီလို "ပါ၊ ဣန်၊ အာ၊ ပစ် သီလလေးပါးဖြစ်" ဆိုသည့်အတိုင်း သီလလေးပါးနှင့် ပြည့်စုံတော်မူကြရတယ်။

ဆလိုင်း။ ဒီလိုသီလလေးပါးနှင့် ပြည့်စုံအောင်ကျင့်တော့ ဘယ်လိုအကျိုးတရားတွေရလဲဦး။

ကျနော်။ စတုပါရိသုဒ္ဓိ သီလ၌တည်တော့ စိတ်၏ တည်ကြည်ခြင်း သမာဓိ ရလာတယ်၊ သမာဓိရှိတော့ ဟုတ်တိုင်းမှန်စွာ သိနိုင်တဲ့ပညာ တရားပွားများလာတယ်။ မဂ်ဉာဏ်၊ ဖိုလ်

ဉာဏ်ရပြီး ဆိုသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကို မြင်တော့တာပဲ၊ ထာဝရ အေးချမ်းတဲ့ သန္တိသုခကိုရတော့တာပါပဲ။ ဒီကျေးဇူးတွေ ရှိတာပေါ့။

ဆလိုင်း။ ဦးပြောခဲ့တဲ့ စတုပါရိသုဒ္ဓိ သီလ ၄ ပါးအပြင် တခြားကျင့်ဝတ်များ ရှိပါသေးလားဦး။

ကျနော်။ ဒီသီလတွေကို ပြည့်စုံခိုင်မြဲအောင် ပူးတွဲဖြည့်ကျင့်ရတဲ့ အမွန်းတင် သီလခေါ်တဲ့ ဓုတင် ၁၃-ပါးလည်း ရှိသေးတယ်။ ဒါကြောင့် သံဃာတော် အရှင်မြတ်များဟာ ကိုယ်ကျင့်သီလနှင့်စပ်ရင် လောက၌ ပြိုင်ဘက်ကင်းသော အလွန်စင်ကြယ်သည့် မြင့်မြတ်သူများ ဖြစ်ပါတယ်။ ဒါကြောင့် လူတွေက ဦးခိုက်ကြရတာပေါ့။

လျှာလျှန်း။ ဒီလိုဆိုတော့ သံဃာတော်တွေဟာ လူတို့ကောင်းကျိုးအတွက် ကျင့်သူများလို့ ဆိုရမှာပေါ့နော် အဘ?

## လူသားအားလုံးအတွက် ကောင်းကျိုးကို ဆောင်ရွက်နေသော သံဃာတော်

ကျနော်။ ဒီလိုမထင်နဲ့ သမီး - ဒီသံဃာတော်တွေဟာ သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံအောင် ကျင့်ကြတာဟာ သတ္တဝါ အားလုံးချမ်းသာကြဘို့ ကျင့်တာလည်းဖြစ်တယ်။ ဒီလိုသီလနှင့် ပြည့်စုံအောင် ကျင့်တော်မူကြတာကိုက လောကကြီး တစ်ခုလုံး ချမ်းသာအောင် ဆောင်ရွက်တော်မူနေကြခြင်းပဲ။ ဥပမာသာဓက တစ်ခုပြောမယ်။ ဘုရားရှင်ရဲ လက်ထက် တော်အခါက ခုနစ်ရက်မျှသာ အသက်ရှည်တော့မည် ဒီဃာဝုသတို့သားဟာ ဒီလို သီလ၊ သမာဓိ၊

ပညာနှင့် ပြည့်စုံတဲ့ ဘုရားအမှူးရှိသော သံဃာတော်များကို ရှိခိုးဦးချခြင်းစတဲ့ ကုသိုလ်ကောင်းမှုများကို ပြုရသဖြင့် အသက် ၁၂၀-ရှည်သွားတယ်။ ဒါဟာ သံဃာတော်များက သတ္တဝါကို ကယ်တင်ခြင်းဘဲ။

ဆလိုင်း။ ဒီလိုဆိုတော့ ရဟန်းတော်များလဲ မိမိအကျိုး စီးပွားနှင့် လောကအကျိုးစီးပွားအတွက် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်များလို့ သတ်မှတ်ရမှာပေါ့နော်ဦး?

ကျနော်။ လူတွေက သတ်မှတ်နေစရာမလိုပါဘူး၊ သဘာဝအားဖြင့် ကိုယ်ကဖြစ်နေတာပါ သံဃာတော်များဟာ သတ္တလောကကြီးတစ်ခုလုံးအတွက် ကျောင်းကျိုးဖြစ်ထွန်းဖို့ ဆောင်ရွက်နေသူများပါ။ နိရောဓ သမာပတ်ဝင်စားပြီးစ သံဃာတော်အရှင်မြတ်တစ်ပါးကို ပူဇော်လိုက်ရရင် ချက်ချင်းလက်ငင်း အကျိုးထူးတွေရနိုင်ပါတယ်။ သူဆင်းရဲ ဆိုရင်လည်း ချက်ချင်း သူဌေးကြီး ဖြစ်သွားနိုင်ပါတယ်။ နတ် ဆင်းရဲဆိုရင် ချက်ချင်း တန်ခိုးကြီးတဲ့ နတ် ဖြစ်သွားနိုင်ပါတယ်။

သာဓက တစ်ခုပြရမယ်ဆိုရင် ဘုရားရှင်လက်ထက်တော်အခါက အရှင်မဟာကဿပ မထေရ်မြတ်ကြီးဟာ နိရောဓသမာပတ် ဝင်စားနေတော်မူတယ်။ ဒါကို သိကြားမင်းက သိတယ်။ သိကြားမင်းဟာလည်း နတ်တို့ရဲ့ ဘုရင်ဖြစ်ပေမဲ့ သာသနာပမှာ လှူခဲ့ရတော့ ဒီဘုရားသာသနာတွင်းမှာ

**သံဃာတော်များလည်း ကယ်တင်ရှင်အစစ်**

လှူလို့ နတ်သား၊ နတ်သမီးများ ဖြစ်သွားကြရသူတွေလောက် ‹ ... ရောင် ကိုယ်ဝါမတောက်ပဘူးတဲ့၊ ဒါကြောင့် သိကြားမင်းက ဒီသာသ...

တွင်းမှာ လက်ငင်းအကျိုးပေးနိုင်တဲ့ ကုသိုလ်မျိုးကို ပြုပြင်ဖို့ စောင့်နေတယ်၊ ချက်ခြင်းလက်ငင်း အကျိုးပေးနိုင်တဲ့ ကုသိုလ်ဆိုတာကလဲ နိရောဓသမာပတ်မှ ထတော်မူတဲ့ သံဃာတော် အရှင်မြတ်များကို လှူမှသာ လက်ငင်း အကျိုးပေးနိုင်တာဖြစ်တော့ အရှင်မဟာကဿပကြီး နိရောဓသမာပတ်မှ ထတော်မူတဲ့ အချိန်ကို စောင့်နေပြီး လူဆင်းရဲ ဇနီးမောင်နှံ ယောင်ဆောင်ပြီး အရှင်မဟာကဿပ မထေရ်မြတ်ကြီးကို ဆွမ်းလှူခဲ့ရတယ်။ ဒီကုသိုလ်ကြောင့် သိကြားမင်ဟာ အခြားနတ်တွေလိုပဲ ကိုယ်ရောင် ကိုယ်ဝါ ထွန်းလင်းတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သံဃာတော်အရှင်မြတ်တွေက စင်စစ် ကယ်တင်ရှင်တွေပါပဲ။

**လျှားလျှန်း။** သံဃာတော်တွေကို လှူတာနဲ့ ဘာလို့ ကောင်းကျိုး ခံစားကြရတာလဲအဘ?

**ကျနော်။** သံဃာတော်တွေက အကျင့်သိက္ခာရှိကြလို့ ကိလေသာစင်ကြယ်တော်မူကြလို့ပေါ့၊ မစင်ကြယ်တဲ့ သီလမရှိတဲ့ သူတွေ၊ မယားတန်းလန်း သားတန်းလန်းနဲ့ သူတွေကို လှူရင်တော့ အကျိုးကျေးဇူးသိပ်မများနိုင်ဘူးလို့ ဖြေရမှာပဲ။ သာဓက တစ်ခုရှိတယ်လေ။

**လျှာလျှန်း။** ပြောပါအဘ?

**ကျနော်။** ဗိုဓ်ဘုရားရှင်ရဲ့ လက်ထက်တော်က အဇာတသတ်မင်းဟာ အဖကိုသတ်တဲ့ အကုသိုလ်ကြောင့် အိမ်မပျော်တဲ့ ရောဂါရတော့ ညညမှာ လသာဆောင်ထွက်ပြီး စင်္ကြံလျှောက်လေ့ရှိတယ်။

လသာဆောင်မှာ စင်္ကြံလျှောက်နေချိန် အထက်ကောင်းကင်မှ ဖြတ်သန်းလာတဲ့ သူတစ်ယောက်ကို တွေ့တယ်၊ ထိုသူက ဦးပြည်းကတုံးနဲ့ တစ်ကိုယ်လုံး အရိုးအကြောမျှသာရှိတော့ ရဟန်းတစ်ပါးလို့ ထင်ပြီး

"အိုး ရဟန်း ညဥ့်အချိန်ကြီးမှာ ဘယ်ကလာပြီး ဘာကိစ္စအတွက် ဘယ်ကိုသွားမှာလဲ၊ သင့်အလိုဆန္ဒကို ကျွန်ုပ်ဘာကူညီဖြည့်စွမ်းပေးရမလဲ" ဟုမေးရာ ထိုသူက-

"မင်းကြီး ကျွန်ုပ်ဟာ ရဟန်းမဟုတ်ပါ၊ ယခင်ဘဝတုန်းက ဗာရာဏသီက သူဌေးတစ်ဦးပါ၊ ရတနာ ၃-ပါးကို ယုံကြည်သူ မဟုတ်၊ ဘာကုသိုလ်ကောင်းမှုကိုမျှ မလုပ်ခဲ့ပါ၊ အချိန်ရှိသမျှ ကာမဂုဏ်ပျော်ပါးပြီး သေလွန်ခဲ့ရာ ယခုပြိတ္တာဖြစ်နေပါတယ်။ မစားမသောက်ရလို့ ပိန်းချုံးနေပါတယ်။ ဒါကြောင့် လူဘဝက သမီးတော်ခဲ့တဲ့ အနုလာ နေထိုင်ရ အန္ဓကဝန္ဒမြို့ကို သွားပါမယ်၊ သမီးက မိဘဘိုးဘွားတွေ ရည်စူးပြီး အလှူကြီးပေးရာမှာ စားရသောက်ရအောင် ဖိတ်ထားလို့ သွားပါရစေ မင်းကြီး"ဟု အကြောင်းစုံ ပြောလေသည်။

အဇာတသတ်မင်းကြီးသည် ပြိတ္တာကြီးရဲ့ စကားကိုကြားရလို့ အလွန်စိတ်မကောင်းဖြစ်သွားသည်။ သမီးအလှူပွဲသွားပြီး အပြန်တွင် မိမိထံဝင်ခဲ့ရန်နှင့် လိုအပ်သည်များကို ဖြည့်စွမ်းပေးမည်ဖြစ်ကြောင်း မှာကြားလိုက်၏။ ပြိတ္တာကြီးသည် သမီးရှိရာ အန္ဓကဝိန္ဒမြို့သို့ ဆက်လက်သွားသည်။

သမီးအနုလာနေအိမ်သို့ ရောက်လျှင် သမီးဖြစ်သူမှာ သက်ဆိုင်ရာ ဘာသာအယူဝါဒအရ မိမိတို့ ကိုးကွယ်သော ဆရာများအား ခမ်းနားကြီးကျယ်စွာ ပေးကမ်းလှူဒါန်းနေသည်ကို တွေ့ရတယ်။ ပြိတ္တာတို့မည်သည် လူလူချင်းပေးသကဲ့သို့ ပေးကျွေးရုံလည်းမရ၊ အမျှအတန်းပေးဝေမှသာ စားရ ဝတ်ရသော ဘဝဖြစ်၏။ အမျှအတန်းပေးရာတွင်လည်း အကျင့်သီလရှိသော ပုဂ္ဂိုလ်များအား လှူဒါန်းသော အလှူမှသာ အမျှပေးဝေ၍ ရနိုင်၏။ ပြိတ္တာကြီးမှာ သမီးအလှူပွဲ အားခဲ၍ သွားရသော်လည်း အချည်း

နိုးဖြစ်ကာ မစားရ မသောက်ရဘဲ ပြန်ခဲ့ရရှာသည်။ အဇာတသတ် မင်းကြီးနှင့် ပြန်လည်တွေ့ဆုံသောအခါ

"မင်းကြီး - သမီးအလှူပွဲမှာ အကျင့်သီလရှိသူတစ်ဦးမျှမပါ၊ ဒုသီလ သီလမရှိသူတွေ စားသောက်သွားကြလို့ ကျွန်ုပ်မှာ ဘာကုသိုလ်အဖို့မျှ မရပါ"ဟု ညှိုးငယ်စွာ ပြောပြလေရာ မင်းကြီးက

"အိုမိတ်ဆွေ - မကြောင့်ကြပါနှင့် ကျွန်ုပ် ဘာကူညီဆောင်ရွက်ပေး စေလိုပါသလဲ"ဟု မေးလေသည်။

"မင်းကြီး တခြားအကူအညီမလိုပါ၊ ဗုဒ္ဓဘုရားကိုဖြစ်စေ၊ ဘုရားရှင်၏ တပည့်သားသံဃာကိုဖြစ်စေ၊ ကျွန်ုပ်အတွက် ပစ္စည်းလေးပါး ဆွမ်းစသည် လှူပြီး အကျွန်ုပ်အား အမျှဝေပါ"ဟု အကူအညီ တောင်းခံလိုက်ရာ မင်းကြီးလည်း တတ်နိုင်သမျှ အမြန်ဆုံး သံဃာတော်များအား ကျွေးမွေး လှူဒါန်းပြီး ပြိတ္တာကြီးအား အမျှအတန်းပေးဝေလိုက်သည်။

ပြိတ္တာကြီးသည် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးနောက် မင်းကြီး ရှေ့ အလွန်လှပသော နတ်သားတစ်ယောက်အသွင်ဖြင့် ရုတ်တရက် ပေါ်ပေါက်လာ၏၊ ရဟန်း သံဃာတော်များ၏ (အနုတ္တရံ ပုည ခေတ္တံ) ကောင်းမှုတို့ကို ပျိုးကဲ့ရာ လယ်ယာမြေကောင်းသဖွယ် ဂုဏ်တော် နှင့် ပြည့်စုံကြောင်းကို ချီးကျူးလျက်

"မင်းကြီး - သံဃာတော် အရှင်မြတ်များအား ပေးလှူတဲ့ အရှင် မင်းကြီးရဲ့ ကုသိုလ်ကို သာဓုခေါ် ရသည့်အတွက် အတိုင်းအဆ မရှိအောင် အကျိုး အာနိသင် ကြီးမားလှတာကို ကြည့်တော်မူပါ။ ကျွန်ုပ်နှင့်တူတဲ့ လူသားတစ်ယောက်မျှ မရှိနိုင်ပါ။ အမြတ်နိုး လိုလေသေးမရှိ ပြည့်စုံ ချမ်း သာရပါပြီမင်းကြီး"

## သံဃာတော့်ဂုဏ်

ယခုပင် နတ်ပြည်ဌာနသို့ သွားပါရစေတော့ ဟု နှုတ်ဆက်ကာ အဇာတသတ်မင်းကြီး၏ ရှေ့မှောက်ပျောက်ကွယ်လေသည်။ ဒီသာဓကကို ကြည့်သောအားဖြင့် သံဃာတော်များဟာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဂုဏ်တွေ ရှိကြလို့သာ သတ္တဝါအများကို ကယ်တင်နိုင်တာပဲ။ အကျင့်သီလမရှိသူဟာ သတ္တဝါအများကို ဆင်းရဲဒုက္ခမှာ မကယ်တင်နိုင်ကြပါဘူး။ သံဃာတော်များရဲ့ ဂုဏ်တွေကတော့ အလွန်များပါတယ်။ မေးတိုင်းထွက်နေမှာပါပဲ။

ဆလိုင်း။ ဒါဖြင့် သံဃာဂုဏ် အကျဉ်းလောက်သိပါရစေဦး။

ကျနော်။ အကျဉ်းအားဖြင့်တော့ ကိုးပါးရှိတယ်။ အဲဒါတွေ ကတော့

၁။ ဘုရားရှင်၏ အဆုံးအမကို လုံးဝလိုက်နာ ကောင်းစွာကျင့်ကြံတော်မူခြင်း၊ သုပ္ပဋိပန္န ဂုဏ်နှင့် ပြည့်စုံခြင်း။

၂။ ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံတော်မူခြင်း၊ ဥဇုပ္ပဋိပန္န ဂုဏ်။

၃။ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူခြင်း ဉာယပ္ပဋိပန္န ဂုဏ်။

၄။ ရိုသေမှုနှင့် လျော်အောင် ကျင့်တော်မူခြင်း သာမိစိပ္ပဋိပန္န ဂုဏ်။

၅။ အဝေးမှပင် ဆောင်ယူလှူအပ်သော ပစ္စည်းကို ခံယူတော်မူထိုက်သော အာဟုနေယျ ဂုဏ်။

၆။ ဧည့်ဝတ်ပြုရန် အထူးစီမံထားအပ်သော ပစ္စည်းတို့ကို ခံယူတော်မူထိုက်သော ပါဟုနေယျ ဂုဏ်။

၇။ မြတ်သောအလှူကို ခံယူတော်မူထိုက်သော ဒက္ခိဏေယျ ဂုဏ်။

၈။ တစ်လောကလုံး၏ ကုသိုလ်မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ အတုမဲ့ လယ်ယာမြေကောင်းသဖွယ် အနုတ္တရံ ပုညခေတ္တံ လောကဿ ဂုဏ်ဟူ၍ အကျဉ်းချုပ် ကိုးပါးရှိတယ်။

**"အတ္တာဟိ အတ္တနော နာထော–မိမိကိုယ်သာကိုးကွယ်ရာ" စကားနှင့် မဆန့်ကျင်ပါသလော**

ဆလိုင်း။ ဦးနဲ့ ဆွေးနွေးရတာ သိပ်ကျေနပ်ပါတယ် ဦးရယ်။ ဒါလေး တစ်ခုကတော့ ကျွန်တော်တို့ မရှင်းလို့ မေးပါရစေ။

ကျနော်။ မေးဗျာ ဘာမှ အားမနာနဲ့ စိတ်ထဲမှာ သံသယရှိနေတယ်ဆိုရင် မကောင်းဘူး မေးသာမေး။

ဆလိုင်း။ ဒီလိုပါ ဦးရယ်။ ဦးက ဘုရား, တရား, သံဃာရတနာ သုံးပါးဟာ ကိုးကွယ်ရာ မှီခိုရာ အစစ်လို့ ပြောပါတယ်။ ဦးတို့ ဘုရားရှင်ကပဲ "အတ္တဒီပါဟောထ-မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်ကြ" လို့ ဆိုထားတယ် မဟုတ်လား။ ဘုရား ကိုယ်တိုင်က မိမိကိုယ်သာ ကိုးကွယ်ကြ မှီခိုရာဖြစ်ကြလို့ ဆိုပါလျက် ရတနာသုံးပါးသာ ကိုးကွယ်ရာ အစစ်ဆိုတဲ့ စကားနဲ့ ဘယ်လို မှတ်ရပါ့မလဲ၊ မဆန့်ကျင်ဘူးလား။

ကျနော်။ ဘုရားရှင်ဟောတော်မူတဲ့ အတ္တဆိုတာ ဓမ္မကို ဆိုလိုတာပါ။ ဘုရားရှင်ဟောတဲ့ အတ္တဆိုတာ ရုပ်နှင့်နာမ် ပေါင်းစပ်ထားတဲ့ ခန္ဓာကိုယ်ကို ကာယာနုပဿနာ သတိပဋ္ဌာန် (၃၂) ကောဋ္ဌာသကို စီးဖြန်းနေခြင်း၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဝေဒနာကို ရှုမှတ်နေခြင်း၊ စိတ္တာနုပဿနာ

သတိပဋ္ဌာန် စိတ်ကို ရှုမှတ်ခြင်း၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတွေကို ရှုမှတ်နေခြင်းဆိုတဲ့ သတိပဋ္ဌာန် တရားကို မပြတ်နှလုံးသွင်းနေကြလို့ ဆိုလိုတာပါ။ ကျမ်းဂန်အထောက်အထားနဲ့ ပြောရမယ်ဆိုရင်

"အတ္တဒီပါတိ အတ္တာနံ ဒီပံ တာဏံ လေဏံ ဂတိံ ပရာယဏံ ပတိဋ္ဌံ ကတွာ ဝိဟရထ (ပ)။ ကော ပနေတ္ထ အတ္တာ နာမ လောကိယလောကုတ္တရဓမ္မာ။ တေနာဟ "ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ"တိ။ ကာယေ ကာယာနုပဿီတိ အာဒီနိ မဟာသတိပဋ္ဌာနေ ဝိတ္ထာရိတာနိ။

(ဒီ၊ ဋ္ဌ၊ စက္က ဝတ္တိသုတ္တ)

ဒါကြောင့် ဘုရားရှင် တရားတော်နှင့် ပျော်မွေ့ကြလို့ မိန့်တော်မူလိုရင်းပါ။

**ဆလိုင်း။** ဦးရဲ့ အလိုအတိုင်းဆိုရင်တော ရတနာ သုံးပါးဟာ ကိုးကွယ်ရာ အစစ်ကြီးတွေပေါ့နော်။

**ကျနော်။** ဟုတ်တယ်လေ၊ ဘုရားရှင်ကိုယ်တော်တိုင်က

ယေကေစိ သံဃံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ။
ဒေဝကာယံ ပရိပူရေဿန္တိ လို့ ဟောတော်မူခဲ့တာပဲ။

သံဃာတော်မြတ်များကို ကိုးကွယ်ဆည်းကပ်သူတွေဟာလည်း အပါယ်ဆင်းရဲ မကျရောက်နိုင်ကြဘူး။ ဒီ လူအဖြစ်မှ စုတေရင် နတ်ရွာသုဂတိ ရောက်ကြရလို့မယ်လို့ ဟောတော်မူခဲ့တာပဲ။ ဒါကြောင့် သံဃာရတနာဟာလည်း ကိုးကွယ်ရာအစစ်ကြီးပါပဲ။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာ

ဟာ ကိုးကွယ်ရာအစစ် ရတနာ သုံးပါးဖြစ်တယ်လို့ မှတ်ပါ။

လျှာလျှန်း။ အတ္တာ ဟိ အတ္တနော နာထော - မိမိကိုယ်သာ ကိုးကွယ်ရာဆို မဟုတ်လား အဘ။

ကျနော်။ အေး-ဟုတ်တယ်လေ။ မိမိကိုယ်မှာရှိတဲ့ ရုပ် နာမ် ခန္ဓ သင်္ခါရတွေကို ရှုမှတ်ပြီးနေကြ။ ရှုမှတ်လို့ သိပြီဆိုရင် မင်းတို့ အေးငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြရလိမ့်မယ်။ အေးငြိမ်းရာသို့ ရောက်ဖို့အတွက် ဘယ်သူမှ အလိုလို ဖန်ဆင်းမပေးနိုင်ဘူး။ ဖန်ဆင်းဆိုတာ ကံစိတ်ဥတု အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးပဲ ရှိတယ်လို့ ဘယ်သူမှ မငြင်းနိုင်အောင် ပြောထားတဲ့ ဟောကြားထားတဲ့ စကားတော်ပဲကွယ့်။

## ရှိခိုးပူဇော်ပုံ အမျိုးမျိုး

ဆလိုင်း။ အဘ ရှိခိုးတော့ ဘယ်လိုရှိခိုးလဲ။

ကျနော်။ ရှိခိုးတာလဲ အမျိုးမျိုးရှိကြတယ်ကွဲ့။ တို့တတွေ အတိအကျ ရိုရိုသေသေ ရှိခိုးတာကတော့ လက်နှစ်ဘက် ဒူး နဖူး မြေကျအောင် ပဉ္စပတိဋ္ဌိတလို့ခေါ်တဲ့ တည်ခြင်းငါးပါးနဲ့ ညီညွတ်အောင် ရှိခိုးကြတယ်။ ယောကျ်ားဖြစ်ရင် ငုတ်တုတ်ထိုင်ပြီး ရှိခိုးတဲ့အခါ ဒူးနှစ်ဘက်က မြေပေါ်ကျအောင် တစ်တောင်နှစ်ဘက်ကလဲ မြေပေါ်ထောက်လျက် နဖူးကို မြေထိအောင် ငုံ့ပြီး ငါးပါးသော တည်ခြင်း (ထိခြင်း)ဖြင့် ရှိခိုးကြရတယ်။ ဒါမှ နှစ်နှစ်ကာကာ ရိုသေရာကျတယ်။ အမျိုးသမီးများဆိုရင်တော့ ပုဆစ်တုတ်ထိုင်လျက်

ယောက်ျားများနည်းတူပင် ရှိခိုးကြရတယ်။ ဒါက တို့ လူသားတွေက ဘုရားရှင်ကို ရှိခိုးကြတဲ့နည်းပါ။ နတ်များကျတော့ ဘုရားရှင်ထံလာတဲ့အခါ ရပ်လျက် လက်အုပ်ချီပြီး ရှိခိုးကြတယ်။ ဗြဟ္မာများကျပြန်တော့လဲ ဒူးတစ်ဘက်ထောင် ဒူးတစ်ဘက်မြေသို့ထိလျက် လက်အုပ်ချီပြီး ရှိခိုးကြတယ်။ ဒါက နှစ်နှစ်ကာကာ ရှိခိုးတဲ့နည်းပဲ။

နောက် အသိအမှတ်ပြုရုံ အရိုအသေပေးတာလည်း ရှိသေးတယ်။ ဥပမာ - ဂါမ်းသွားနေရင်း ရဟန်း တစ်ပါးကို တွေ့တယ်ဆိုပါစို့။ ဒီအခါ မိမိက လမ်းဘေးကပ်ရပ်ပြီး မတ်တတ်ပင် လက်အုပ်ချီ၍ အရိုအသေပြုရတယ်။ လက်များမအားတဲ့အခါ ခေါင်းလေးငုံ့ပေးပြီး အရိုအသေပြုကြရတယ်။ တစ်ချို့လူများကျတော့လဲ မြင်းရထားစီးရင်း ဘုရားရှင်နဲ့ တွေ့ကြုံတဲ့အခါ "နှင်တံကို ချရုံဖြင့် အရိုအသေပြုတယ်လို့ မှတ်တော်မူပါဘုရား"လို့ ကြိုတင်လျှောက်ထားတာ ရှိသေးတယ်။ ဥပမာ - ပေါက္ခရသာတိပုဏ္ဏားကြီးအကြောင်းဖတ်ရင် တွေ့နိုင်ပါတယ်။

**ဆလိုင်း။** ဒီလို အရိုအသေပြုတော့ ဘယ်လို အကျိုးများ ရနိုင်မလဲ ဦး။

**ကျနော်၊** အသက်ရှည်နိုင်တယ်၊ အဆင်းလှနိုင်တယ်၊ ချမ်းသာနိုင်တယ်၊ ခွန်အားကြီးနိုင်တယ် မောင်ရဲ့။

## ပဉ္စပတိဋ္ဌိတ – တည်ခြင်းငါးပါး

Five fold manner of contactin in making obeisance

အကျိုးနွံဆုံးသော ကိုယ်အမူအရာ ထင်ရှားစေသောအားဖြင့် ရှိခိုး ဦးချသောအခါ တည်ခြင်းငါးပါးမှာ -

၁။ ဒူးနှစ်ဘက်မြေ၌ ညီစွာတည်ထားခြင်း၊

၂။ လက်ဝါးနှစ်ဘက်ကို မြေပေါ်၌ ဖြန့်ထားခြင်း၊

၃။ နဖူးနှင့်မြေကို ထိထားခြင်း၊

၄။ တံတောင်ဆစ်နှစ်ဘက်မြေ၌ ထိထားကာ လက်ကို ရှေ့သို့ ဆန့်ထားခြင်း၊

၅။ ခြေနှစ်ဘက်မြေ၌ တည်ခြင်းတို့ ဖြစ်သည်။

The five fold manner of contact which signifi es untmost humility on the part of making obeisanve are;

1. Keeping the two knees evenly together on the ground;
2. Placing the two palms spread on the ground;
3. Touching the ground with the forehead;
4. Letting fall two elbows evently together on the ground and stretching out the two fore arms;
5. Keeping the two feet together on the ground.

## စေတီတော်ကို ရှိခိုးပူဇော်နည်း

**ဆလိုင်း။** ကပ်တယ်လို့ မထင်နဲ့နော် အဘ၊ ဒီနေ့ (တန်ဆောင်မုန်း လပြည့်နေ့) ဒီရွှေတိဂုံစေတီကြီး လာဖူးကြတဲ့သူတွေ အများကြီးပဲ။ အဲဒီ လူတွေအားလုံး ချမ်းသာကြမယ်ဆိုရင်

ကျနော်၊ ဒီလို ကိုဆလိုင်းရဲ့။ အလုပ်လုပ်တိုင်း ဖြစ်ထွန်းတာ မဟုတ်ဘူး။ ဥပမာ - စပါးစေ့များကို စိုက်ပျိုးတယ်ဆိုကြပါစို့။ မိမိစိုက်လိုက်တဲ့ စပါးစေ့တိုင်း အပင်ပေါက်ပါ့မလား။ မအောင်တဲ့ စပါးက အပင်မပေါက်ဘူး သေချာတယ် အစေ့အောင်တဲ့ စပါးမှသာ စပါးပင်ပေါက်မှာပေါ့။ ဒီလိုပဲ ရှိခိုးတဲ့နေရာမှာလဲ မိမိရဲ့ စေတနာမျိုးစေ့ကို အောင်မြင်အောင် ပြုစုတတ်ရတယ်။ စေတီတော်ကို ဦးချတဲ့အခါ ဘုရားရဲ့ ဂုဏ်တော်ကိုးပါးကို အာရုံပြုပြီး ဦးချရတယ်။ တစ်ကြိမ်ထဲ ပုဆိန်ပေါက်ပေါက်ပြီး ဦးချရုံနဲ့ စေတနာမျိုးစေ့မအောင်နိုင်ဘူး။ ဆင်းတုတော်တစ်ဆူကို ဦးချတဲ့အခါ အနည်းဆုံး (၃)ကြိမ် ဦးချရတယ်။ ဒီရွှေတိဂုံစေတီတော်ကြီးလိုကြီးတဲ့ စေတီတော်ဆိုရင် လေးဘက်လေးတန်ကလှည့်၍ ရှိခိုးဦးချရတယ်။ စေတီတော်သေးငယ်ရင် ရှစ်မျက်နှာက ရှိခိုးဦးချရတယ်။ အဲဒီလို စေတနာမျိုးစေ့အောင်ရင် ဟောဒီဘဝမှာပင် ကောင်းကျိုးချမ်းသာရဖို့ သေချာပါတယ်။ ဒီလို ရှိခိုးဦးချရမယ်လို့ သီလက္ခန်အဌကထာမှာလာတယ်။

## ဘဝအကြောင်း

ဆလိုင်း၊ နောက်ဘဝနဲ့ ပတ်သက်လို့ ဘယ်လိုသဘောရမလဲဦး။

ကျနော်၊ နောက်ဘဝ (တမလွန်ဘဝ) ဆိုတာ ဗုဒ္ဓဘာသာမှာ ရှိတယ်။ နောက်ဘဝဆိုတာကတော့ ဒီဘဝမှာ ကောင်းအောင်လုပ်ကိုင်ပြုမူရင် နောက်ဘဝမှာလဲ ကောင်းမှာပဲ။ ဒီဘဝမှာ မကောင်းတာ ပြုမူလုပ်ကိုင် နေထိုင်ရင် နောက်

ဘဝမှာလဲ ကောင်းမှာ မဟုတ်ဘူးလို့ ခံယူတယ်။ ဥပမာနဲ့ ပြောရရင် လူတစ်ယောက်ဟာ လှလှပပပြုပြင်၍ ဓာတ်ပုံ ရိုက်ခံရင် လှလှပပ ဓာတ်ပုံတွေပဲ ထွက်လာမယ်။ မျက်နှာ ကို အိုးမဲသုတ်၍ ဓာတ်ပုံရိုက်ရင် ဘယ်လိုပုံထွက်လာမယ် ထင်သလဲ ကိုဆလိုင်းရဲ့ ဆိုစမ်းပါအုံး။

## အလှူဒါန ဘယ်လိုအကျိုးရ

ဆလိုင်း။ ဒါကတော့ ရှင်းပါတယ်။ လှတဲ့ပုံပဲ ထွက်လာမှာပေါ့ ဦးရဲ့။

ကျနော်။ "အေး-အဲဒီလိုပါပဲ တို့ဘဝမှာ ကောင်းကောင်းနေထိုင်ကြ မယ် ကောင်းတဲ့အလုပ်တွေကိုပဲ လုပ်ကြမယ်ဆိုရင် နောက် ဘဝမှာလဲ ကောင်းတဲ့အကျိုးတွေပဲ ခံစားကြရမှာပဲ" (ဒီလို ကျွန်တော်က ဖြေကြားတော့ သူတို့နှစ်ယောက်တစ်ဦးရဲ့ မျက်နှာကို တစ်ဦးကြည့်ပြီး ပြုံးကြတယ်။ ဘယ်လိုအဓိပ္ပါယ် နဲ့ပြုံးကြသလဲဆိုတာတော့ အတိအကျ မပြောနိုင်ဘူး)။

## လှူဒါန်းခြင်း

ဆလိုင်း။ လှူဒါန်းပေးကမ်းတာ ဘယ်လိုအကျိုးရနိုင်မလဲဦး။

ကျနော်။ ပေးကမ်းတာဟာ ကောင်းတဲ့အလုပ်ပဲကွယ့်။ လူတစ် ယောက်မှာ လိုအပ်တာရှိနေရင် အဲဒီ လိုအပ်ချက်ကို ဖြည့် ပေးရင် အပေးခံရတဲ့သူကလည်း သူ့မှာလိုတာပြည့်လို့ ကျေးဇူးတင်မယ်၊ ဝမ်းမြောက်မယ်၊ ပေးကမ်းတဲ့သူကလည်း သူတစ်ပါးရဲ့ လိုအင်ဆန္ဒကို ကူညီရလို့ ဝမ်းမြောက်နေမှာ ပဲ။ ဒါဟာ လက်တွေ့အကျိုးကျေးဇူးတွေပဲ။ နောက်ဖြစ်

ထွန်းလာမဲ့ ကောင်းကျိုးတွေလည်း အများကြီးပေါ့။ ကောင်းတဲ့ သစ်ပင်စိုက်ရင် ကောင်းတဲ့အသီးတွေကို ဆွတ်ခူးစားကြရမှာပဲ။

ဆလိုင်း။ ဟုတ်ကဲ့။ နောက်ကောဘယ်လို အကျိုးဆက်တွေ. . . ?

ကျနော်။ နောက်အဆက်ဆက် ဘဝါဘဝမှာ တူတဲ့ အကျိုးတရားတွေကို ရမှာပေါ့မောင်ရာ "သဒိသံပါကံ ဇနေတိ"တဲ့ တူသောအကျိုးတွေကို ဖြစ်စေလိမ့်မယ်။ ရလိမ့်မယ်လို့ ဟောထားတာပဲ။

## ဗုဒ္ဓဘာသာ ရောက်လာတဲ့အချိန်

လျာလျန်း။ အဘ ဒီမြန်မာနိုင်ငံကို ဗုဒ္ဓဘာသာ ဘယ်အချိန်လောက်ကရောက်လာလဲ။

## ဒဂုံသို့ ဗုဒ္ဓဘာသာစရောက်

ကျနော်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၅-နှစ်လောက်ကပေါ့။ ဒီ စေတီတော်ကြီးရဲ့ ဒါယကာတွေဖြစ်တဲ့ ကဖုဿတို့ ဆံတော်မြတ်များယူလာတဲ့ အချိန်ကပေါ့။ ဒါက အောက်မြန်မာနိုင်ငံသို့ ရောက်လာတာပြောတာပါ။ အထက်မြန်မာနိုင်ငံတကောင်းမှာလဲ ဒီခုနှစ်လောက်ကပဲ ဓဇရာဇာမင်းကြီး မဇ္ဈိမဒေသမှ သာသနာတော်ကို ယူလာလို့ ဗုဒ္ဓဘာသာရောက်လာတယ်။ အညာပုဂံတကောင်းမှာ အဲဒီအချိန်က တည်ထားခဲ့တဲ့ ရွှေစည်းဂုံစေတီဘုရား ငုတ်တိုကြီး ယနေ့တိုင် ရှိနေသေးတယ်။

7.B

**ဆလိုင်း။** မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရောက်တာ အတော်စော ... နော်။ အဲဒီ အညာပုဂံတကောင်းကိုလည်း ကျွန်တော်တို့ အချိန်ရရင်တော့ သွားချင်သေးတယ်၊ လေ့လာချင်သေး တယ်။

**ကျနော်။** ဒါတွေက လက်တွေ့လေ့လာသင့်တဲ့ ဒေသတွေပဲကွယ့် ဦးတို့လည်း လေ့လာသင့်တဲ့နေရာ မလေ့လာရသေးဘူး။ ဥပမာ - သထုံမြို့လို ဒေသမျိုးပေါ့။

**လျာလျန်း။** သထုံမြို့က ဘာလို့လေ့လာသင့်တာလဲ အဘ။

**ကျနော်။** သထုံမြို့ဟာ ရှေးက သုဓမ္မပူရမြို့လို့ အမည်ရတယ်။ အဲဒီ သုဓမ္မပူရမှ သုဓမ်၊ သုဓုံ၊ သထုံဖြစ်လာတယ်လို့ ဆို တယ်။ အဲဒီ သုဓမ္မပူရ သထုံမြို့သို့ ဘုရားရှင်ကြွလာတော် မူကြောင်း စာဟောင်း ပေဟောင်းနဲ့ ကျောက်စာတွေမှာ ရှိနေတယ်။ ဒါကြောင့် လေ့လာသင့်တဲ့နေရာလို့ ဆိုတာ ပါ။

### သထုံ ဘုရားကြွလာ

**လျာလျန်း။** ဘုရားရှင်လက်ထက်တော်က သထုံမြို့သို့ ဘုရားရှင် ကြွ လာတဲ့အကြောင်း အနည်းငယ်သိပါရစေ အဘ။

**ကျနော်။** မြန်မာသက္ကရာဇ် ၈၁၅-ခုနှစ်က ဟံသာဝတီကို အုပ်စိုးရ တဲ့ ဓမ္မစေတီမင်းဟာ ဘုရားကြွလာတော်မူတဲ့အကြောင်း

### လယ်ကိုင်းကျောင်းတော်ရာ ဘုရားကြွလာ

ကျောက်စာရေးထိုးခဲ့တယ်။ မွန်စေတီတော် သမိုင်းချုပ်မှာလဲ သောက္ကဒဲ၊ အယုဒ္ဓသီ၊ ယိုးဒယားနှင့်တကွ မြန်မာနိုင်ငံအရှေ့နှင့် အရှေ့ တောင်ပိုင်း တစ်နယ်လုံး ဘုရားရှင်ကြွလာတော်မူကြောင်း တွေ့ရတယ်။

နောက်တစ်ကြောင်းက သာသနာတောင်နှစ် ၂၃၆-ခုနှစ်တွင် သာသနာတော်ယူဆောင်တော်မူခဲ့ကြတဲ့ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ ပရိနိဗ္ဗာန်ပြုပုံ၊ လျောင်းတော်မူကြပုံမှာ ကုသိနာရုံတောင်၌ ယနေ့ပင် ရှိနေကြောင်း သိရတယ်။ ဒီနေရာတွေဟာ လေ့လာသင့်တဲ့ နေရာတွေပဲ။ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ သာသနာပြုလို့ မြန်မာနိုင်ငံမှာ နောက်မကျဘဲ ဗုဒ္ဓသာသနာတော် ထွန်းကားလာတာ အဲဒီ သထုံကေလာသတောင်မှာ ရဟန္တာအရှင်မြတ်များ သီတင်းသုံးခဲ့ကြလို့ ရဟန္တာတောင်လို့ ယနေ့တိုင် ထင်ရှားနေတယ်။ မြန်မာ့သမိုင်းကိုလည်း အလွန်အမင်း အထောက်အကူပြုတဲ့ နေရာပဲ။

လျာလျှန်း။ ကျမတို့လည်း တစ်နေ့တော့ ရောက်ကြမှာပါ။

ဆလိုင်း။ နောက် ဘက်ကို ကြွသေးလဲ အဘ။

## လယ်ကိုင်းအရပ်သို့ ဘုရားရှင်ကြွလာ

ကျနော်။ သထုံပြီးတော့ တို့ယနေ့ မန်းစက်တော်လို့ ထင်ရှားနေတဲ့ နေရာပေါ့ကွဲ့၊ အဲဒီဒေသကိုရှေးက သုနာပရန္တတိုင်း လယ်ကိုင်းအရပ်လို့ ခေါ်တယ်။

ဆလိုင်း။ ကြွလာတဲ့အကြောင်းက?

ကျနော်။ စန္ဒကူးနံ့ကျောင်းတော်ကြီးကို အလှူခံကြွလာခြင်းပါ၊ စန္ဒကူးနံ့သာကျောင်းတော်ကြီး ဖြစ်ပေါ်လာပုံကလည်း အတော်ဆန်းကြယ်ပါတယ်။

လျာလျှန်း။ ပြောပါအုံး အဘရဲ့။

ကျနော်။ နံ့သာကျောင်း ဖြစ်ပေါ်လာပုံကို တို့ မြန်မာပြည်သား လယ်ကိုင်းအရပ်က ကုန်သည်ညီနောင် စူဠပုဏ်နှင့် မဟာပုဏ်တို့ဟာ သင်္ဘောဖြင့် ကုန်ကူးသွားရင်း ဘုရားရှင်

နှင့်တွေ့ပြီး တရားနာကြားရတယ်။ တရားအဆုံးတွင် နောင်တော်ကြီး မဟာပုဏ်ဟာ ဆဋ္ဌာဘိညခေါ် အဘိညာဉ်ခြောက်တန် တန်ခိုးဈာန်နှင့် ပြည့်စုံသော ရဟန္တာမထေရ်

## တန်ခိုးကြီးသော မဟာပုဏ်မထေရ်မြတ်

မြတ်ကြီးဖြစ်တော်မူတယ်။ ညီငယ်စူဠပုဏ်ကတော့ ရဟန္တာမဖြစ်ဘူး ဥပသကာပဲ။ ဒါကြောင့် သူ့နောင်တော် မပါတော့သည့်တိုင်အောင် ပင်လယ်ရပ်ခြား ကုန်ကူးသွားနေသေးတယ်။ သူနောက်တစ်ခေါက် ကုန်ကူးထပ်သွားတော့ လမ်းကြောင်းမှားပြီး ပင်လယ်ထဲက နံ့သာကျွန်းကို ရောက်သွားတယ်။ ထိုကျွန်းမှာ နံ့သာပင်တွေက သိပ်ပေါတယ်။ လက်လေးသစ်လျှင် အဖိုးတစ်သိန်းထိုက်တဲ့ နံ့သာပင်တွေကို တွေ့ရတော့ အလွန်ဝမ်းသာကြပြီး နံ့သာပင်တွေကို ခုတ်ဖြတ်၍ သင်္ဘောအပြည့် ဘင်ကြတယ်။ ဒါကို နံ့သာကျွန်းစောင့်နတ်က မကျေနပ်ဘူး။ လူတွေကို သတ်ပစ်ဖို့ စည်းဝေးတိုင်ပင်ကြတဲ့အခါ ကျွန်းပေါ်မှာပင် လူတွေကို သတ်ပစ်ပါက အလောင်းကောင်တွေကြောင့် ပုပ်စော်နံခံကြရလိမ့်မယ်။ ပင်လယ်ထဲ သင်္ဘောပြန်လွှင့်သွားလို့ ကမ်းနှင့်ဝေးမှ လေမုန်တိုင်းကျစေပြီး သင်္ဘောကြီးကို နှစ်ပစ်မယ်လို့ ကြံစည်ကြတယ်။

စူဠပုဏ်တို့ သင်္ဘောသားတစ်စုဟာ နံ့သာတုံးများကို သင်္ဘောအပြည့်တင်ပြီး ထိုကျွန်းမှ ထွက်ခွာလာခဲ့ကြရာ (၃) (၄) ရက်ရှိတော့ လေပြင်းမုန်တိုင်းကြီးနှင့် တိုးတော့တာပဲ။ ဒါဟာ နတ်ဘီလူးတွေရဲ့ လက်ချက်ပဲ သင်္ဘောကြီးဟာ လေပြင်းမုန်တိုင်းကြားမှာ လူးကာလွင့်ကာဖြင့် မြုပ်လုဆဲဆဲတွင် သင်္ဘောသားများလဲ ငိုကြပြီး မိမိတို့ ကိုးကွယ်သည့် နတ်များကို

တမ်းတသူက တမ်းတ၊ ကယ်ပါ ယူပါ တစာစာအော်သူကအော်နှင့် ပွက်လောရိုက်နေတယ်။

ထိုအချိန်တွင် စူဠပုဏ်သူကြွယ်က သူ့နောင်တော်ကြီး မဟာပုဏ်မထေရ်မြတ်ကို တမ်းတပြီး "နောင်တော်ဘုရား တပည့်တော်တို့မှာ လေပြင်းမုန်တိုင်းဒဏ် ခံနေရပါပြီ ဘုရား၊ မကြာခင် သင်္ဘောနစ်တော့မှာပါ။ နောင်တော်ကြီး ကယ်မတော်မူပါဘုရား"လို့ နောင်တော်ရှိရာဘက်ကို မှန်း၍ လက်အုပ်ချီပြီး လျှောက်ထားလိုက်တဲ့အခါ ထိုအသံကို မဟာပုဏ္ဏမထေရ်မြတ်က ဒိဗ္ဗသောတအဘိညာဏ်ဖြင့် ကြားတော်မူတယ်။

## မဟာပုဏ်၏တန်ခိုး

လျှာလျှန်း။ ဒိဗ္ဗသောတအဘိညာဏ် ဟုတ်လား အဘ။

ကျနော်။ ဟုတ်တယ်လေ သမီး၊ အဘိညာဏ် (၆) ပါးအကြောင်းကို ပြောပြီးပြီ မဟုတ်လား သမီးရဲ့။ ဒိဗ္ဗသောတအဘိညာဏ်ဆိုတာ ဘယ်လောက်ပဲ ဝေးကွာတဲ့အရပ်ကပင် လှမ်း၍ ပြောစေကာမူ ကြားနိုင်တဲ့ တန်ခိုးပဲ မဟာပုဏ်မထေရ်က ဆဠာဘိညာရဟန္တာဆိုတော့ ဒီလို တန်ခိုးတွေနဲ့ ပြည့်စုံတယ်လေ။

ဆလိုင်း။ ဆက်ပြောပါဦး အဘ။

ကျနော်။ ကြားသည်နှင့် တစ်ပြိုင်နက် မျက်စိတစ်မှတ် လျှပ်တစ်ပြက်အတွင်းမှာပဲ စူဠပုဏ်တို့ သင်္ဘောကြီးရှိရာ ရောက်လာတယ်။ ဒီနေရာမှာ လေယာဉ်ပျံသာဆိုရင် ရာသီဥတုရွေးနေရတာနဲ့ လာနိုင်မှာ မဟုတ်ဘူး။ ဈန်အဘိညာဉ်ဆိုတော့ ရာသီဥတုရွေးနေစရာ မလိုဘူး။ လေပြင်းမုန်တိုင်းက မထေရ်မြတ်ရဲ့ သင်္ကန်းတော်စကိုတောင် လှုပ်အောင် မတိုက်ခတ်နိုင်ဘူး။

ဆလိုင်း။ ခုတော့ ဒီလို ဈာန်ရပုဂ္ဂိုလ်တွေရှိတော့မယ် မထင်ပါဘူး။

ကျနော်။ ဒီလို မတွေးနဲ့ ကိုဆလိုင်းရဲ့။ ဘုရားရှင် ဟောကြားထားတဲ့ ပိဋကတ်တော်တွေ ရှိနေတယ်။ ဒါတွေက ဈာန်၊ မဂ်၊ ဖိုလ်ရဖို့ ဖော်နည်းကား ဆေးနည်းတွေနဲ့ တူတယ်။ ဘုရားရှင်ရဲ့ ပိဋကတ်တော်တွေ ရှိနေသမျှ ကာလပတ်လုံး ကျင့်ကြံသူတွေရှိနေမှာပဲ တရားအားထုတ်သူတွေ ရှိနေရင် ဈာန်၊ မဂ်၊ ဖိုလ်၊ ရသူတွေ ရှိနေမှာပဲ။

လှျာလျှန်း။ သဘော်အကြောင်း ဆက်ပြောပါ အဘ။

ကျနော်။ မဟာပုဏ်မထေရ်မြတ်ကြီး ကောင်းကင်က ကြွလာတော့ နတ်ဘီလူးတွေ ရှောင်ပြေးကုန်တယ်။ နတ်ဘီလူးတွေ မရှိကြတော့ သူတို့ဖန်တီးတဲ့ မုန်တိုင်းလည်း တစ်ခါတည်း ငြိမ်ဆင်းသွားတယ်။ မထေရ်မြတ်က သဘော်ကြီးကို သူတို့ရပ်ဌာန် သုပ္ပါရကဆိပ်ကမ်းကို ချက်ခြင်း ရောက်အောင် အဓိဋ္ဌာန်တော်မူလိုက်တယ်။ ထို့ကြောင့် စူဠပုဏ်တို့ သဘော်ခရီးသည်များဟာ သေဘေးမှ လွတ်မြောက်ကြသည့်အပြင် မိမိတို့ နေရာဌာနသို့ မပင်မပန်းဘဲ ရောက်ကြရခြင်း၊ စန္ဒကူးနံ့သာတုံးများကို အလိုရှိသလောက် ရရှိကြခြင်းတို့ကြောင့် မဟာပုဏ်မထေရ်မြတ်ကြီးအား အလွန်အကျူး ကျေးဇူးတင်နေကြတယ်။ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကိုလည်း အထူးသိလာကြတယ်။

မထေရ်မြတ်အား ကျေးဇူးဆပ်ရန်အတွက် နံ့သာကျောင်း ဆောက်လုပ်လှူဒါန်းကြမယ်လို့ ဆုံးဖြတ်ကြတယ်။ ဒီအကြောင်းကို မထေရ်မြတ်အား လျှောက်ထားတဲ့

အခါ မထေရ်မြတ်က သူ့အား နံ့သာကျောင်း ဆောက်လုပ်လှူမည့်အစား သုံးလောကထွက်ထား ဘုရားရှင်အား လှူဒါန်းပါက ပို၍ကျေးဇူးကြီးမည့်အကြောင်းကို မိန့်တော်မူ၍ ဘုရားရှင်အား လှူစေတယ်။

ဒါယကာများကလည်း ဘုရားရှင်အား ဖူးတွေ့ရတော့မည်ဟူသော အသိဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ရှိကြပြီး ဘုရားရှင်ကိုပင် ပင့်ပေးတော်မူပါဘုရားဟု လျှောက်ထားကြတယ်။ မထေရ်မြတ်ကလည်း ကျောင်းသာပြီးအောင် ဆောက်ကြ၊ ဘုရားရှင်အား ပင့်ရန်တာဝန်မှာ ငါ့တာဝန်ရှိစေဟု မိန့်တော်မူပါတယ်။

ဆလိုင်း။ မထေရ်မြတ်ကြီးက ဈာန်အဘိညာဏ်ရဆိုတော့ ဘုရားရှင်ကို ပင့်ဖို့လွယ်မှာပေါ့နော်။

ကျနော်။ ဟုတ်တယ် ကိုဆလိုင်းရဲ့။ အိန္ဒိယနဲ့ မြန်မာနိုင်ငံဆိုတာ လေယာဉ်နဲ့သွားတောင် ၂-နာရီလောက် ကြာတာ။ ဒါပေမယ့် ဈာန်တန်ခိုးကတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပဲ ဒီလောက်ခရီးရောက်နိုင်ပါတယ်။ မဟာပုဏ်မထေရ်ရဲ့ ကျေးဇူးတော်ကြောင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာ ဘုရားရှင်ကို ဖူးကြရတယ်။ ကျောင်းတော်ကြီးကို လှူကြရတယ်။

လှာလျှန်း။ အဲဒါ ဘယ်အချိန်လောက်က ဖြစ်မယ်ထင်သလဲ အဘ။

ကျနော်။ ဘုရားဖြစ်တော်မူပြီး ဝါတော် (၂၀) လောက်ကဆိုတော့ လွန်ခဲ့သော နှစ်ပေါင်း ၂၅၇၀ လောက်ကပေါ့။

ဆလိုင်း။ ဘုရားရှင် ဘယ်ဂိုကြလာသလဲ၊ စါန်နဲ့လား အဘ။

ကျနော်။ မဇ္ဈိမဒေသမှ မြန်မာနိုင်ငံရပ်ဝေးသို့ ဘုရားရှင် ကြွမည့် အကြောင်းကို သိကြားမင်းသိ၍ ဝိသကြုံနတ်သားအား ပြဿာဒ် (၅၀၀) ဖန်ဆင်းပေးစေတယ်။ ဘုရားရှင်နှင့် တကွ နောက်ပါ သံဃာတော်များ ကောင်းကင်က ကြွလာသော်လည်း နေပူ၊ လေပူထိမည်စိုး၍ ပြာသာဒ်ဆောင်များ လှူခြင်းဖြစ်တယ်။ အဲဒီလို နတ်တို့ ဖန်ဆင်းပေးတဲ့ ပြာသာဒ် (၅၀၀) နှင့် ကြွတော်မူလာတယ်။ တိုတိုပဲ ပြောကြပါစို့ လယ်ကိုင်းအရပ်ရောက်တော့ စူဠပုဏ်စသောဒါယကာတို့ရဲ့ စန္ဒကူးနံ့သာကျောင်းတော်ကို အလှူခံတယ်။ (၇) ရက်ပတ်လုံး သီတင်းသုံးပြီး တရားဟောတော်မူတယ်။ ကျွတ်တမ်းဝင်တဲ့သူတွေလဲ အများကြီးလို့ ဆိုပါတယ်။ ပြန်ကြွတော်မူတဲ့အချိန်မှာ နမ္မဒါမြစ်ကမ်းက နဂါးမင်းတောင်းပန်လို့ အောက်စက်တော်ရာကို ချတော်မူခဲ့တယ်။ သစ္စဗန္ဓရဟန္တာ တောင်းပန်လို့ အထက်စက်တော်ရာကို ချခဲ့တယ်။ ကြားဖူးကြတယ် မဟုတ်လား။

ဆလိုင်း။ ဟုတ်၊ ဟုတ်ကဲ့ မင်းဘူးစက်တော်ရာကို ကြားဖူးပါတယ်။

ကျနော်။ အေး-အဲဒါ ဘုရားရှင်ကြွလာတော်မူတယ်ဆိုတာ ခိုင်လုံတဲ့ သက်သေ အထောက်အထားပဲ။ ဒီလောက်ခိုင်လုံနေတာတောင် မဟုတ်နိုင်ဘူးလို့ ငြင်းချက်ထုတ်ချင်ကြသေးတယ် မောင်တို့ရေ။

## အဇ္ဈိဋ္ဌာနိဒ္ဓိ–ခြေတော်ရာ

လျာလျန်း။ ခြေတော်ရာက (၂) တောင်ကျော်ဆိုတော့ အလွန် ကြီးနေတယ်။ ဒီခြေတော်ရာနဲ့အညီ ဘုရားရှင်ရဲ့ အရပ်တော်

ကြီးရမယ်ဆိုရင် ဘုရားဟာ အတောင်ရှစ်ဆယ်လောက် ရှိမယ်။ ဒီခေတ်လူတွေနဲ့စာရင် မတရားကြီး မနေဘူးလား ဒါကြောင့် ခြေတော်ရာအစစ်ကော ဟုတ်ရဲ့လားလို့ တွေး ကြတာဖြစ်မှာပါ။

ကျနော်၊ အဲဒီလို မတွေးနဲ့သမီး။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင် ဟာ ယခုသာရောနဲ့ လက်ထပ်ခဲ့သူဖြစ်တယ်။ လူသာမန် ထက် အလွန်မကြီးနိုင်ဘူး။ ဥပမာ - ဟိုရှေးခေတ်က လူ တွေဟာ ခြောက်ပေကျော်လောက်ရှိမယ်ဆိုပါစို့။ ဘုရား ရှင်ဟာ မြင့်လှရင် ခြောက်ပေခွဲ ခုနှစ်ပေပေါ့။ ဒါမှလည်း သဘာဝကျမှာ ခြေတော်ရာကြီးတာနဲ့ ဘုရားရှင် အရပ် ရှည်ရမယ်လို့ မတွေးနဲ့။

အမှန်စင်စစ် ဒီခြေတော်ရာဟာ အဓိဋ္ဌာန်တန်ခိုး တော်နဲ့ ထားခဲ့တဲ့ ခြေတော်ရာပဲ။ အဓိဋ္ဌာန်ခြေတော်ရာ ဆိုတော့ ငယ်ချင်လည်း ငယ်နိုင်တယ်၊ ကြီးချင်လည်း ကြီး နိုင်တယ်။ စကြဝဠာကြီး တစ်ခုလုံးကိုပင် ကိုယ်တော်နဲ့ ဖုံးအုပ်နိုင်တယ် မဟုတ်လား။

ဒါကြောင့် (၁၀၈) ကွက် စက်လက္ခဏာများကို ထင်ထင်ရှားရှား ဖတ်၍ရလောက်သော ပမာဏဖြင့် အဓိ ဋ္ဌာန်ပြီး ချတော်မူခဲ့တဲ့ ခြေတော်ရာပဲ။ (၁၀၈) ကွက် စက် လက္ခဏာနဲ့ ပြည့်ဂုံမူသာပဓာနပဲ။ (၁၀၈)ကွက် လက္ခဏာ မရှိဘူး။ မပါဘူးဆိုရင် ဘုရားမဟုတ်နိုင်ဘူးလို့ ငြင်းလို့ ရတယ်။ တို့ ဒီစက်တော်ရာအကြောင်းကို ဆောင်းပါးတစ် စောင် ရေးပြီးပါပြီ။ အနန္တငါးဖြာ မဂ္ဂဇင်းမှာပါတယ်။ ဆောင်းပါးရေးရခြင်း၏ အကြောင်းကလည်း ဘုရားရှင်ရဲ့

ခြေတော်ရာက မကြီးဘူးလားလို့ မေးကြလို့ပါပဲ။ မဟုတ်နိုင်ဘူးလို့ တွေးကြလို့ပါပဲ။

ဆလိုင်း။ ကျွန်တော်တို့ လူသာမန်တွေပင် ဒီလို မာကျောတဲ့ ကျောက်ဖြာပေါ်မှာ ခြေတော်ရာ မတင်နိုင်ဘဲနဲ့ ဘုရားရဲ့ ခြေတော်ရာ ထင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?

ကျနော်။ ဟောလာပြန်ပြီ။ ဒါကြောင့် အဓိဋ္ဌာန်တန်ခိုးတော်နဲ့ ချခဲ့တဲ့ ခြေတော်ရာလို့ ပြောခဲ့တာပါ။ အဓိဋ္ဌာန်တန်ခိုးကို သာ အသုံးမပြုဘူးဆိုရင် ဘယ်လိုလုပ်ပြီး ကျောက်ပြား မာကြီးပေါ်မှာ တင်နိုင်မလဲ။ ဘုရားရှင်ရဲ့ လက္ခဏာတော်ကြီး (၃၂) ပါးထဲမှာ မုဒုတလုနဟတ္ထပါဒ လက်ခြေအလွန်နူးညံ့တဲ့ လက္ခဏာတော် တစ်ပါးပါတယ်။ ရိုးရိုးကြွတော်မူရင် ကြာပန်းပေါ် နင်းကြွသည့်တိုင် ကြာပန်းမညှိုးဘဲနဲ့ ကျောက်ဖျာပေါ် ဘယ်လိုလုပ်ပြီး တင်နိုင်မှာလဲ။ ဘုရားရှင်ကို မမှီလိုက်တဲ့သူတွေ၊ ပါရမီရှင်တွေ ကျွတ်တမ်းဝင်နိုင်ကြပါစေလို့ ရည်ရွယ်တော်မူလို့ ခြေတော်ရာကို အဓိဋ္ဌာန်ပြီး ချမှတ်တော်မူခဲ့တာပါ။ ရှင်းပလား။ ဒါကို အဓိဋ္ဌာနိဒ္ဓိလို့ ခေါ်တယ် မှတ်ထားကြ။

ဆလိုင်း။ ဒီလိုဆိုတော့လည်း အဟုတ်သားပဲ ဘာငြင်းစရာလိုလဲ။

## ဓညဝတီရခိုင်ပြည်သို့ ဘုရားကြွလာ

လျှာလျှန်း။ ဒီနောက် မြန်မာနိုင်ငံကို ဘုရားလာသေးလား ရှင့်။

ကျနော်။ ဓညဝတီ ရခိုင်ပြည်ကို ကြွပါတယ်။ ရခိုင်ဘုရင် စန္ဒသူရိယမင်းဟာ မြန်မာနိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းသို့

ဘုရားရှင်ကြွလာတော်မူကြောင်း ကြားသိရတော့ သူ့နိုင်ငံကိုလဲ အလွန်ကြွစေချင်တယ်။ ဘုရားရှင်ကို အလွန်ဖူးချင်နေတယ်။ ဒါကြောင့် သူ့ရဲ့အမတ်ကြီးများကို ဘုရားပင့်လွှတ်တယ်။ အမတ်ကြီးတွေက ခရီးဝေးတော့ မသွားလိုကြဘူးပေါ့။ ဒါနဲ့ ရအောင်ပင့်မပေးလို့ အမတ်ကြီးကို ပြည်နှင့်ဒဏ်ပေးတယ်။ နောက် မတော်ပါဘူးလို့ အမတ်ကြီးဘက်က ဝင်ပြီးလျှောက်ထားပေးတဲ့ မိဖုရားကြီးတွေကိုလည်း ပြည်နှင်ဒဏ်ပေးတာပဲ။

ထိုအခါ ပညာရှိအမတ် တစ်ယောက်က ဘုရားရှင်အား ကြွလာစေချင်ရင် မဏ္ဍပ်ထိုးပြီး နေ့စဉ်ဘုရားရှင်အား ရည်စူး၍ လှူဒါန်းပူဇော်ပါက(၇) ရက်အတွင်း ကြွတော်မူလာပါလိမ့်မည်ဘုရားဟု လျှောက်ထားရာ ထိုအမတ်ပေးသော အကြံအစည်အတိုင်း ပြုလုပ်သဖြင့် (၇) ရက်မြောက်နေ့တွင် ဘုရားရှင်နှင့်တကွ နောက်ပါ သံဃာတော် (၅၀၀)ခြံရံလျက် ဓညဝတီရခိုင်ပြည်သို့ ကြွလာတော်မူပါတယ်။ ဒီအကြောင်းအစုံအလင်သိလိုပါက မဟာမုနိသမိုင်းပျို့ကို ဖတ်ပါ။ အဲဒီ စာအုပ်ရှိတယ်။

လျာလျှန်း။ ဓညဝတီမှာ ဘုရားရှင်ဘယ်လောက်ကြာကြာ နေလဲ။

ကျနော်၊ (၃) နှစ်တောင် ဝါဆိုတော်မူတယ်လို့ စာပေတွင် ပါတယ်။ နောက် ဘုရင်က မခွဲနိုင် မခွာရက်ဖြစ်လို့ ကိုယ်စားတော်ဆင်းတုတော် ထားခဲ့ရတယ်လေ။ ခု မန္တလေးမြို့က မဟာမြတ်မုနိပေါ့။ မဟာသက္ကရာဇ် (၁၂၃) ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သွန်းလုပ်ပြီးခဲ့တယ်။

ဆလိုင်း။ ကျနော်တို့ ပုဂံကို လေ့လာပြီးရင် မန္တလေးလည်း ရောက်အုံးမှာပါ။ လေ့လာရအုံးမှာပါ။

ကျနော်။ လေ့လာဖို့ အလွန်ကောင်းပါတယ်။ မဟာမုနိသမိုင်းကိုလဲ ဖတ်ပေ့ါ။ ပြီးတော့ မဟာမြတ်မုနိရုပ်တုတော်ရဲ့ အံ့ဖွယ်ကိုးပါးဆိုတာလည်း လေ့လာပေ့ါ။

လျာလျှန်း။ မဟာမြတ်မုနိရဲ့ အံ့ဖွယ်ကိုးပါးကို အကျဉ်းမျှ ပြောပြပါလားအဘ။

ကျနော်။ အေး-သမီးတို့မှာ အဘနဲ့တွေ့လို့သာ မလွယ်လှပါလားကွဲ့။

လျာလျှန်း။ အဘ သိမလားလို့ပါ မမှတ်မိရင်လည်း နေပါစေ။

ကျနော်။ မှတ်မိသလောက်တော့ ပြောလိုက်ပါမယ်။ ဟိုရောက်တော့သာ ပိုမိုပြည့်စုံအောင် ဂေါပက လူကြီးတွေသွားမေးကြပေ့ါ။

ဆလိုင်း။ သိသလောက်သာ အမိန့်ရှိပါဦး။

## မဟာမြတ်မုနိအံ့ဖွယ်ကိုးပါး

ကျနော်။ မဟာမြတ်မုနိရဲ့ အံ့ဖွယ်ကိုးပါးက

(၁) ကဆုန်ညောင်ရေမည်မျှပင် သွန်းလောင်းသော်လဲ ရေလျှံသည်ဟူ၍ မရှိဘူးတဲ့။

(၂) မိစ္ဆာအယူရှိသူများ လာရောက်ဖူးမြင်ပါက မျက်နှာတော်ညှိုသွားသတဲ့။ အဲဒီသူတွေမရှိမှ မျက်နှာတော်မှာ အရောင်တလက်လက် ထွက်လာသတဲ့။

(၃) မဟာမြတ်မုနိနဲ့ တူအောင် ပုံတူသွန်းလုပ်လို့ မရဘူးတဲ့။

(၄) နေ့နှင့်ည အတူတူအရောင်ထွက်သတဲ့ (အဲဒါ လေ့လာကြည့်ပေါ့)

(၅) ရုပ်ရှင်တော်ရဲ့ ဦးခေါင်းတော်ပေါ်က ငှက်များ မပျံသန်းဝံ့ဘူး။ အဝေးကပင် ရှောင်ကွင်းပျံသန်းကြသတဲ့။

(၆) သူ့ရှေ့တော်မှာ ဖောက်ပြန်သောစကား၊ မှားယွင်းသောစကားဖြင့် ကျိန်စာဆိုပါက သွေးနက်သွေးခဲများ အန်တတ်သတဲ့။

(၇) မဟာမြတ်မုနိပုံတော်နှင့်တူအောင် တိုင်းထွာ၍ အတိုင်းယူသော် ထိုသူသေတတ်သတဲ့။

(၈) တို့ ယခုနေတဲ့ လူ့လောကတွင် ကောင်း/မကောင်း၊ စီးပွားတက်ခြင်း/ပျက်ခြင်းစတဲ့ အကြောင်းများရှိခဲ့သော် တန်ခိုးတော်ပြတတ်သတဲ့။

(၉) ဘယ်ဘုရားဖြင့် မဟာမြတ်မုနိနှင့် တူပါသည်ဟု ဆိုပါက ထိုဘုရားမှာ တစ်ခဏခြင်းပြိုအက်ကွဲတတ်သတဲ့။ ဒီလောက်ပဲ ဦးတော့မှတ်မိတယ်။ မန္တလေးရောက်တော့ ပိုသိရအောင် လေ့လာမေးမြန်းကြပေါ့။

လှာလျှန်း။ "မန္တလေးမရောက်ခင် ကြိုတင်သိရတာ သိပ်ဝမ်းသာပါတယ် အဘ၊ ကျေးဇူးလည်း အထူးတင်ပါတယ် အဘရယ်"

ကျနော်။ မင်းတို့ သင်တန်းကလည်း တယ်စုံတာကိုးကွယ်၊ တို့ ဗုဒ္ဓဘာသာတွေတောင် ဒီလောက် လေ့လာသူ ခပ်ရှားရှားပါ။

## ထေရဝါဒနှင့် မဟာယာနမတူကြပုံ

ဆလိုင်း။ ကျနော်တို့ ဒီရန်ကုန်ကပြီးရင် ပုဂံမြို့ကို လေ့လာကြရမယ်။ ပုဂံမှာ ဗုဒ္ဓသာသနာ ရောက်တာ ဘယ်ခုနှစ်လောက်ကဖြစ်မလဲဦး။

ကျနော်။ သာသနာသက္ကရာဇ် တစ်ထောင်ကျော်လောက်ကပင် မဟာယာနဗုဒ္ဓသာသနာ ရောက်နေကြောင်း တွေ့ရတယ်။ အရည်းကြီးတွေဟာ မဟာယာနအဆက်အနွယ်တွေပေါ့။

လျှာလျှန်း။ ထေရဝါဒနဲ့ မဟာယာန ဘယ်လို ကွာခြားလဲ အဘ။

ကျနော်။ ထေရဝါဒက အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန်၊ အရှင်မဟာကဿပစသော ရဟန္တာမထေရ်မြတ်ကြီးတို့မှ အစပြု၍ ရဟန္တာမထေရ်မြတ်တို့ အစဉ်အဆက်တို့မှ ဆင်းသက်လာသော ဝါဒဖြစ်တယ်။

ထေရဝါဒက တရားကျင့်စဉ်အလိုက် သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူ၍ အဆင့်လိုက် တရားထူး၊ တရားမြတ်တို့ကို ရနိုင်တဲ့ ကျင့်စဉ်ကို အသုံးပြုတယ်။

မဟာယာနက ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားလောင်းဖြစ်ရမည်။ ဘုရားဖြစ်ရမယ်လို့ ယူဆပြီး သူတို့အယူဝါဒသာ မဟာကြီးမြတ်တဲ့ ယာနကျင့်စဉ်လို့ ခံယူထားတယ်။

ထေရဝါဒဟူသမျှမှာ ကိလေသာ ပွားစေတတ်သော အကျင့်၊ အကြံ၊ အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းတို့ကို လက်မခံဘူး။ ဘုရားရှင် ဟောတော်မူသော ဝိနည်းပိဋကတ်တော်အတိုင်း ကျင့်ကြံနေထိုင်ကြမှ ဘုရားသားတော် သံဃာတော်ဟု အသိအမှတ်ပြုတယ်။

မဟာယာနအချို့ကတော့ အိမ်ထောင်ပြုနိုင်တယ်၊ သားမယားယူနိုင်တယ်၊ အိမ်ထောင်ပြုခြင်းကို ခွင့်ပြုထားတယ်၊ ပုဂံပြည်က အရည်းကြီးများဆိုရင် ပန်းဦးလွှတ် ရတယ်လို့ သမိုင်းတွင် တွေ့ရ၊ ဖတ်ရတယ်။

**အရည်းကြီး**

ဆလိုင်း။ ကျွန်တော်တို့ ပုဂံရောက်တဲ့အခါ အရည်းကြီးတို့ရဲ့ လက်ငုတ်များကိုလဲ လေ့လာနိုင်မှာလား။

ကျနော်၊ ပုဂံမှာ သေလည်ကြောင်ပေါင်းလက်ထက်တွင် အရည်းကြီးတို့ခေတ်စားခဲ့တာပေါ့။ သူတို့ဦးစီးတည်ခဲ့တဲ့ ဘုရား ၄၊ ၅-ဆူရှိတယ်လို့ ပြောတယ်။ အဲဒီ ပုဂံမှာ အရည်းကြီးတို့နဲ့တိုင်ပင်ပြီး တောင်သူကြီးမင်းတည်တဲ့ "ပုထိုးသားများစေတီ"မှာ ယနေ့တိုင်ရှိတယ်။ တန္တရ ဗုဒ္ဓဘာသာနှင့် ဟင်ဒူဆန်ဆန် တည်ဆောက်ထားတယ်။ ဟင်ဒူတို့ရဲ့ ဗိသျှနူးခေါ် ဗိဿနိုးနတ်မင်းပုံကိုပါ လေ့လာတွေ့မြင်ရပါလိမ့်မယ်။

လျာလျန်း။ ဘာသာတရား လိုက်စားရာမှာ အိမ်ထောင်ပြုမှု၊ အိမ်ထောင်မပြုမှု ဘယ်လိုကွာခြားနိုင်ပါသလဲ။

ကျနော်။ အိမ်ထောင်ပြုတယ်ဆိုတာ ကိလေသာ၊ တဏှာ၊ လောဘဦးစားပေးထားတာဖြစ်လို့ ဈာန်၊ မဂ်၊ ဖိုလ်ကို မရနိုင်ဘူး။ ဘယ်လိုပင် အစောင်တ်ခံကျင့်ပါစေ ဈာန်၊ မဂ်၊ ဖိုလ်ရဖို့တော့ ဝေးပါတယ်။ ကိလေသာ၊ တဏှာ၊ လောဘတွေကို ပယ်နိုင်မှသာ ဈာန်၊ မဂ်၊ ဖိုလ်ကို အလွယ်တကူနဲ့ ရနိုင်မှာဖြစ်တယ်။ အဲဒါ ကွာခြားမှုပဲ။

အရည်းကြီးတွေဟာ အိမ်ထောင်ပြုတော့ ဈာန်အဘိညာဉ်မရဘူး။ ရအောင် မကျင့်နိုင်ကြဘူး။ အိမ်နေ လူများထက် ဘာမျှမသာတော့ဘူး။ ဒီလို ဖြစ်လာတော့ လူတွေက အကြည်အညိုလျော့လာတယ်။ မပေးလှူချင်ကြတော့ဘူး။ ဒါကြောင့် အဆန်းထွင်၍ လူ့ခေါင်းခွံကို သပိတ်လုပ်ပြီး ဆွမ်းခံတာတို့ ဘာတို့ အဆန်းထွင်လာကြတယ်။ ထေရဝါဒမှာတော့ ကိလေသာ, တဏှာ, အရင်းခံတဲ့ အိမ်ထောင်ပြုခြင်း, မေထုန်မှီဝဲခြင်းကို လက်မခံဘူး။ ဒါကြောင့် ယနေ့အထိကျင့်ရင် ဈာန်, မဂ်, ဖိုလ်ရတဲ့ ရဟန္တာအရှင်မြတ်တွေ ရှိနေကြသေးတယ်။

ဆလိုင်း။ ရဟန္တာပုဂ္ဂိုလ်ထူးတွေရှိပါလျက် အထင်အရှား လူသိမခံတာက ဘာသဘောလဲဦး။

ကျနော်။ ဒါက အလိုနည်းကြလို့ပါ။ ရဟန္တာဆိုတာ ကြွားဝါတဲ့ စိတ်မှ မရှိတော့ဘဲ။

## စဉ့်ကူးမင်းခေါင်းလောင်း

ဆလိုင်း။ စဉ့်ကူးမင်းခေါင်းလောင်းကြီးက ဘယ်သူလှူခဲ့တာလဲ?

ကျနော်။ စဉ့်ကူးမင်းက အပြီးသတ်ပြုလုပ်ပြီးလှူလို့ စဉ့်ကူးမင်းခေါင်းလောင်းလို့ တွင်နေတာပါ။ အမှန်က သူ့ဖခင် အဝဆင်ဖြူရှင်မင်းက စလုပ်တာပါ။

ဆလိုင်း။ ဒီစေတီတော်ကြီးကို ပြုပြင်တဲ့ ဆင်ဖြူရှင်လား ဦး။

ကျနော်။ အေး-ဟုတ်တယ်။ ခရစ် (၁၇၆၃-၇၆) နှစ်တွင် အဝဘုရင် ဆင်ဖြူရှင်မင်းဟာ ဒီစေတီတော်မြတ်ကြီးကို (၃၂၆) ပေ

အထိပြုပြင်ပြီး ခေါင်းလောင်းတော်ကြီးကိုလဲ ကြေးစင်အချိန် တစ်သောင်း ငါးထောင် ငါးရာ ငါးဆယ့်ငါး ပိဿာ ငါးဆယ်ကျပ်သားကို ခေါင်းလောင်းကြီး ပြုလုပ်စေရာ မပြီးနိုင်သဖြင့် သားတော် စဉ့်ကူးမင်း (၁၇၇၆-၈၂)ခုနှစ်ကို ဆက်လက်ပြုလုပ်စေရာ မြန်မာသက္ကရာဇ် ၁၁၄၀-ခုနှစ် တပို့တွဲလဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ယခုနေရာ၌ ချိတ်ဆွဲ၍ လှူနိုင်ခဲ့တယ်။ ဒီခေါင်းလောင်းကြီးက အသံသာယာသဖြင့် "မဟာယဏ္ဍာ"ဟု အမည်ပေးထားတယ်။

ဆလိုင်း။ ဒီခေါင်းလောင်းကြီးရဲ့ အတိုင်းအတာ ပမာဏကိုလည်း သိပါရစေ ဦး။

ကျနော်။ ပမာဏကတော့ အချင်း ငါးတောင်၊ အထူ နှစ်မိုက်နှင့် လက်ငါးသစ်၊ အမြင့် ခုနစ်တောင် တစ်မိုက်ရှိတယ်။ လုံးပတ်ကတော့ တစ်ဆယ့် ငါးတောင် (၁၁') (၇") အဝလုံးပတ် ($၂၂\frac{၁}{၂}$) ပေ၊ ထု ($၁\frac{၃}{၄}$) ပေရှိလို့ ခေါင်းလောင်းကြီးများ စာရင်းဝင်တယ်။

ဒီခေါင်းလောင်းတော်ကြီးက နယ်ချဲ့ကို အံတုခဲ့သော ခေါင်းလောင်းကြီးဖြစ်၍ ကျော်ကြားလှတယ်။ ဒီခေါင်းလောင်းတော်ကြီးကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ၁၈၂၄ ခုနှစ်က ကျူးကျော်စစ်ဖြင့် ရန်ကုန်မြို့ကြီးနှင့်တကွ ရွှေတိဂုံစေတီတော်မြတ်ကြီးပါ သိမ်းပိုက်ခဲ့တဲ့ အင်္ဂလိပ်တို့ကို အမှတ်ရစေသည်။

လျာလျှန်း။ သမိုင်းမှတ်တိုင်တစ်ခုဖြစ်တဲ့ ခေါင်းလောင်းတော်ကြီးပေါ့ နော် အဘ။

**ကျနော်။** သိပ်ဟုတ်တာပေါ့ သမီးရဲ့ နယ်ချဲ့အင်္ဂလိပ်တွေဟာ ၁၈၂၄ ခုနှစ်က ဒီရွှေတိဂုံစေတီတော်မြတ်ကြီးကိုလဲ သိမ်းယူတယ်။ ငယ်ရွယ်သော ရွှေဆင်းတု, ရွှေစေတီ၊ ငွေစေတီတို့နှင့်တကွ ဘဏ္ဍာတော်များကိုပါ သိမ်းဂိုက်ယူငင်ကြတယ်။ ဒီခေါင်းလောင်ကြီးပါ စစ်နိုင်သော လက်ဆောင်အဖြစ် အင်္ဂလန်ဘုရင်မကြီးကို ဆက်သဖို့ ဖြုတ်ယူကြတယ်။ လှူအင်အား စက်အင်အားနဲ့ သယ်ယူသွားရာ လှိုင်မြစ်ထဲရောက်တော့ သင်္ဘောပေါ်တင်လို့ မရဘဲ လှိုင်မြစ်ထဲမှာပဲ ဆင်းနေရစ်လို့ ယခုလို တွေ့ရတာပေါ့ လျာလျှန်းရဲ့။

**ဆလိုင်း။** ဒီခေါင်းလောင်းကြီးရဲ့ အတိုင်းအတာနှင့် ရက်ချုပ်များရှိရင် လေ့လာပါရစေ ဦး။

**ကျနော်။** ရှိတယ်။ အဲဒီ အတိုင်းသာ ကူးသွားကြပေတော့။

**စဥ့်ကူမင်းခေါင်းလောင်းကြီး၏ ပမာဏ**

၁။ ကြေးပိဿာချိန် = ၁၅၅၅၅ ပိဿာ
၂။ အချင်း = ငါးတောင် (၂၂ ၁/၂ ပေ)
၃။ အရပ်တော်အမြင့် = ခုနစ်တောင်နှင့်နှစ်မိုက် (၁၁-ပေ၊ ၃-လက်မ)
၄။ ထုထည် (အထူ) = နှစ်မိုက်နှင့်ငါးဆစ် (၁ ၃/၄ ပေ)
၅။ သွန်းပြီးနှစ် = ၁၁၄၀-ပြည့်၊ တပို့တွဲလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်တယ်။

**ဆလိုင်း။** သာယာဝတီမင်းရဲ့ ခေါင်းလောင်းတော်ကြီးနဲ့ ဘယ်ဟာက ပိုကြီးလဲ အဘ။

ကျနော်။ သာယာဝတီမင်းရဲ့ ခေါင်းလောင်းကြေးပိဿာချိန်နှစ်သောင်းခြောက်ထောင် (၂၆၀၀၀) ၄၂-တန်လေးတော့ သာယာဝတီမင်းရဲ့ ခေါင်းလောင်းက ပိုကြီးတာပေါ့ကွယ်။

ဆလိုင်း။ သာယာဝတီမင်းရဲ့ခေါင်းလောင်းကြီးလည်း သိပါရစေဦး။

**သာယာဝတီမင်းခေါင်းလောင်း**

ကျနော်။ သာယာဝတီမင်းရဲ့ ခေါင်းလောင်းက ခရစ် ၁၈၄၁-ခုနှစ် သွန်းလုပ်တယ်။ "မဟာတိသဒ္ဒယဏ္ဍာ"လို့ အမည်ပေးထားတယ်။ ခေါင်းလောင်းကြီးသက်သက် ခုနစ်ပေမြင့်တယ်။ အဝအကျယ်က ခြောက်ပေနှင့် ရှစ်လက်မ၊ နှုတ်ခမ်းသားက တစ်ပေထု ရှိတယ်။

မြန်မာအတိုင်းအတာအရမူ ကိုးတောင် တစ်မိုက် သုံးသစ် မြင့်တယ်။ အချင်းငါးတောင်၊ လုံးပတ်တစ်ဆယ့်ငါးတောင်၊ ထုနှစ်မိုက်နှင့် လေးသစ်ဖြစ်၍ ပိဿာချိန်ပေါင်းနှစ်သောင်း ခြောက်ထောင် (၄၂) တန်မျှ လေးတယ်။

| | | |
|---|---|---|
| ၁။ | အလေးချိန် | = ကြေးပိဿာချိန် ၂၆၀၀၀ (၄၂) တန် |
| ၂။ | အရပ်တော် | = (ကိုးတောင်, တစ်မိုက်, သုံးသစ်) ခုနစ်ပေ |
| ၃။ | အချင်း | = ငါးတောင် (၆-ပေ၊ ၈-လက်မ) |
| ၄။ | ထုထည် (အထူ) | = နှစ်မိုက်နှင့် လေးသစ် (၁-ပေ) |
| ၅။ | လုံးပတ် | = ၁၅-တောင် |

၆။ သွန်းပြီးနှစ် - ၁၈၄၁-ခုနှစ်
(၁၂၀၄၊ တပို့တွဲလဆုတ် (၅) ရက်)

ဆလိုင်း။ သာယာဝတီနဲ့ စဉ့်ကူးဘယ်သူကဦးလဲ။

ကျနော်။ စဉ့်ကူးက ဆင်ဖြူရှင်ရဲ့သား၊ အလောင်းဘုရားနောက် နောင်တော်ကြီး၊ သူ့နောက်ညီလတ် ဆင်ဖြူရှင်၊ သူ့နောက် တတိယသားတော် ဘိုးတော်ဦးဝိုင်း နန်းတတ်တယ် (ပဒုံမင်းလို့လဲ ခေါ်တယ်)၊ သူ့နောက်က ဘကြီးတော် စစ်ကိုင်းမင်း, သူ့နောက် ညီတော်သာယာဝတီမင်း နန်းတက်တယ်။ သူ့ကို ကုန်းဘောင်မင်း, ရွှေဘိုမင်းလို့လဲ ခေါ်ကြတယ်။ သူက ၁၁၉၉-ခုနှစ်မှာ နန်းတက်၍ စဉ့်ကူးထက် နောက်ကျတယ်။ သူ့နန်းတတ်ချိန် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပြီးပြီ။ အင်္ဂလိပ်စစ်တပ် ဖျက်ဆီးသွားသော ရန်ကုန်မြို့တော်ကိုလည်းပြင်ယင်း ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်လှူသွားတာ။

ဆလိုင်း။ ဒီခေါင်းလောင်းကြီးက အတော်ကြီးတာပဲနော် အဘ။

ကျနော်။ ဓမ္မစေတီမင်းရဲ့ ခေါင်းလောင်းက ပိုကြီးတာပေါ့ကွ။

ဆလိုင်း။ အဲဒီ ခေါင်းလောင်းက ဘယ်မှာလဲ ဦး။

ကျနော်။ သံလျင်မြစ်ထဲမှာလေ။

လှာလျှန်း။ ဘယ်အချိန်ကကျတာလဲ အဘ။

ကျနော်။ ခရစ် ၁၆၁၂-ခုနှစ်၊ မြန်မာသက္ကရာဇ် ၉၇၃-ခုနှစ်တွင် ဒီဗရစ်တိုခေါ် ငဇင်ကာဖြူတ်ယူရာ ပုဇွန်တောင်ချောင်းထဲမှာ သင်္ဘောကွဲပြီး ကျခဲ့တယ်။

ဆလိုင်း။ အလေးချိန်ဘယ်လောက်များလို့လဲ အဘ။

**ကျနော်။** ပိဿချိန် တစ်သိန်းရှစ်သောင်းရှိတယ်လို့ ဆိုတယ်။ ဓမ္မစေတီမင်း ဟံသာဝတီဘုရင်ကြီးဟာ သာသနာနှစ် ၂၀၁၅ မြန်မာသက္ကရာဇ် ၈၃၃-ခုနှစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိကိုယ်အလေးချိန်နှင့် စက်၍ ရွှေသင်္ကန်းကပ်လှူပူဇော်တယ်။ ကြေးချိန်ပိဿာတစ်သိန်းရှစ်သောင်း (၁၈၀၀၀၀) ရှိ တစ်ဆယ့်ခုနစ်တောင်, အဝ ရှစ်တောင်ရှိသော ခေါင်းလောင်းတော်ကြီး တစ်လုံးနှင့် ကြေးပိဿာချိန် (၅) ထောင်စီရှိသော ခေါင်းလောင်းသေး လေးလုံးတို့ကို လှူခဲ့ပြီး ကျောက်စာရေးထိုးခဲ့တယ်။

**ဆလိုင်း။** ခု အဲဒီ ကြေးချိန်ပိဿာ ငါးထောင်စီရှိသော ခေါင်းလောင်း လေးလုံးက ဘယ်ရောက်သွားလဲ အဘ။

**ကျနော်။** ဇင်ကာပဲ ဖြုတ်ယူသွားတာဖြစ်မှာပါ။ ခု မတွေ့ရတော့ဘူး။

**လှာလျှန်း။** ဒီရွှေတိဂုံစေတီတော်ကြီးကို ဒီ့အပြင် ခေါင်းလောင်းတွေကို လှူခဲ့သေးလား။

**ကျနော်။** ဘုရင်လှူတဲ့ ခေါင်းလောင်း, ရဟန်းတော်များ, လူဒါယကာများလှူတဲ့ ခေါင်းလောင်းဆိုပြီး ၃-မျိုးခွဲထားတယ်။

၁။ ဘုရင်လှူသောခေါင်းလောင်းကြီး ၂-လုံး
၂။ ရဟန်းတော်များလှူသောခေါင်းလောင်း ၇-လုံး
၃။ လူပုဂ္ဂိုလ်များ လှူသောခေါင်းလောင် ၂၀-လုံး
စုစုပေါင်း ၂၉-လုံး

ရှိတယ်။

## မနုသီဟနှင့် ယက္ခသီဟ

ဆလိုင်း။ နတ်ခေါင်းနဲ့ ဖင်နှစ်ခွ, ဘီလူးခေါင်းနှင့် ဖင်နှစ်ခွ အရုပ်ကြီးတွေကို ဘယ်အဓိပ္ပါယ်နဲ့ စေတီရင်းမှာ ထားတာလဲ ဘုရားနဲ့ ဘယ်လို ဆိုင်ပါသလဲ ဦး?

ကျနော်။ ဒီနတ်ခေါင်းနဲ့ဖင်နှစ်ခွ (မနုသီဟ) ရုပ်နဲ့ ဘီလူးခေါင်းနဲ့ ဖင်နှစ်ခွ (ယက္ခသီဟ) အရုပ်ကြီးတွေဟာ မြတ်စွာဘုရားနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ ဘုရားရှင်ရဲ့လက်ထက်ကလည်း မရှိခဲ့ပါဘူး။

လျာလျှန်း။ ဒီအရုပ်ကြီးတွေက ဘယ်အချိန်က ပေါ်လာတာလဲ အဘ။

ကျနော်။ သာသနာတော်နှစ် ၂၃၆-ခုနှစ်လောက်က ပေါ်လာတာပါ။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ သထုံပြည်သို့ သာသနာပြုကြွလာစဉ် ဘီလူးမကြီးတွေက ဘီလူးခေါင်း, ခြင်္သေ့ကိုယ်နှစ်ခွ (ယက္ခသီဟ)သဏ္ဍာန် ဖန်ဆင်းပြီး သမုဒ္ဒရာမှ တက်လာကြတယ်။ ထိုအခါ မထေရ်မြတ်များက လူ့ခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခွ (မနုသီဟ) သဏ္ဍာန် ဖန်ဆင်းပြီး ခြောက်လှန့်လွှတ်သဖြင့် ဘီလူးတွေ ပြေးကြပြီး ဘီလူးစားခံရသော ဘေးမှ လွတ်မြောက်ကြရတယ်။ ဒီနောက် သာသနာတော် မြန်မာနိုင်ငံမှာ ပွင့်လင်းလာတယ်။ ဒီ အကြောင်းကို သိစေလို၍ အဲဒီ အရုပ်ကြီးတွေကို ထားတာဟု ဓမ္မစေတီကျောက်စာမှာပါတယ်။

လျာလျှန်း။ အဘနဲ့တွေ့ရတာ အလွန်ဝမ်းသာစရာပဲ၊ ကျွန်မတို့ သိချင်တာတွေ အတော်ပြည့်စုံပါပြီ။

ကျနော်။ အဘသိသလောက်တော့ ရှင်းပြဖို့ ဝန်မလေးပါဘူးကွဲ့။ မေးသာမေးပါ အားမနာပါနဲ့၊ လူဆိုတာ မေးရလွန်းတော့

အားနာလာတတ်တယ်။ အဘအတွက်တော့ အားမနာနဲ့ မေးသာမေး။

ဆလိုင်း။ ကျေးဇူးတင်ပါတယ် အဘရယ်။ သိချင်တာလေး တစ်ခု တော့ မေးပါရစေအုံး။

ကျနော်။ ခုပြောပြီးပါကော မေးလိုတာမေး အားမနာနဲ့လို့။

**စေတီရင်းက လှုပသော ခြင်္သေ့ကြီးများ**

ဆလိုင်း။ ခြင်္သေ့ကြီးတွေထားတဲ့ အစိပ္ပါယ်က ဘယ်လို သဘောလဲ ဦး၊ အဖသတ်ခဲ့လို့ သီဟဗာဟုမင်းက ကျေးဇူးဆပ်ပူဇော် သည့်အနေနဲ့ ထားတယ်လို့ ပြောကြတာ ဟုတ်သလား။

ကျနော်။ သီဟဗာဟုမင်းက ဂေါတမဘုရားရှင်ပွင့်တော် မမူမီ နှစ် ပေါင်း တစ်ရာလောက်က ပေါ်ပေါက်ခဲ့တဲ့ မင်းဖြစ်တယ်။ ဘုရားပွင့်တော်မူတဲ့အချိန်မှာ ထိုမင်းသေ၍ အရိုးပင် ဆွေး လောက်ပါပြီ။ သို့ဖြစ်၍ သီဟဗာဟုမင်းက ခေါင်းခဲ ဝေဒနာစွဲ၍ အဖကို ပူဇော်ရန်အတွက် စေတီရင်းမှာ ထား ခဲ့သည်ဆိုခြင်းမှာ သဘာဝယုတ္တိ မရှိဘူး မှတ်ပါ။

အမှန်ခြင်္သေ့ကြီးများ ထားရခြင်း၏ ရည်ရွယ်ချက်က အလွန်ကြမ်းကြုတ်သော ခြင်္သေ့ကြီးများပင်လျှင် မဟာ ကရုဏာတော်ရှင် ဘုရားသခင်နှင့် ပက်ပင်းတွေ့ကြုံသော အခါ အိမ်တွင်းအလှမွေးထားသော ကြောင်ကလေးများ ပမာ ယဉ်ကျေးသိမ်မွေ့သွားကြကြောင်း သိစေလို၍ တစ် ကြောင်း၊

ဘုရားအလောင်း ခြင်္သေ့မင်းဖြစ်စဉ်က နိရောဓသမာ ပတ်ဝင်စားနေသော ပဒုမဘုရားရှင်အား ကြည်ညိုလှ သ

ဖြင့် (၇) ရက်ပတ်လုံး အစာရေစာမစားဘဲ ဘုရားရှင်ကို သာ ခစားနေခဲ့တယ်။ ပဒုမဘုရားရှင်က ခြင်္သေ့ကြီးအား "နောင်အခါ ဂေါတမဘုရားရှင်ဖြစ်လိမ့်မည်"ဟု ဗျာဒိတ် ပေးခဲ့တယ်။ ဤသို့ ပဒုမဘုရားရှင်ထံ ဗျာဒိတ်ခံခဲ့သော အတ္တုပတ္တိကို သိစေလို၍ တစ်ကြောင်း၊

နောက်တစ်ကြောင်းက ခြင်္သေ့သည် ရဲရင့်တည်ကြည် သည်၊ လှပသန့်ရှင်းသည်၊ အသက်ပင် စွန့်ရသော်လည်း သူ့အောက်မကျို့၊ ဒူးမထောက်၊ လက်မမြှောက်၊ ထိုခြင်္သေ့ ကြီးများနည်းတူ ဘုရားရှင်၏ တပည့်သာဝကများလည်း တည်ကြည်ခိုင်ခန့်ရမည်။ ဖြူစင်သောစိတ်, သီလရှိရမည်။ ပစ္စည်းလေးပါး ရရာရကြောင်းအတွက် မည်သူ့ကိုမျှ မ ကိုင်းညွှတ်ရကြောင်း သိစေလို၍ စေတီရင်းတွင် ခြင်္သေ့ ကြီးများကို တမင်ထုလုပ်ထားခြင်း ဖြစ်တယ်။ ဒါနဲ့ပက် သက်လို့ ဆောင်ပုဒ်တစ်ခုရှိတယ်။ အဲဒါက

"မဟာကရုဏာတော်သခင်၊ ဘုရားရှင်နှင့်၊ တွေ့လျှင် သစ်ကျား၊ ခြင်္သေ့များပင်၊ လေးစားကြည်ညို၊ သဒ္ဓါပို ကြောင်း၊ နောက်တစ်ကြောင်းမှာ၊ အပေါင်းသံဃာ၊ ထေရ် မဟာတို့၊ ဖြူစွာစိတ်ထား၊ သီလများနှင့်၊ လေးပါးပစ္စည်း အကြောင်းတည်းကြောင့်၊ မငြီးမငြူ အစာဟူသမျှ၊ မရွေး ကြဘဲ၊ ပညာကဲ၍၊ မှီဝဲ သုံးဆောင်၊ သိုလှောင်မထား၊ ခြင်္သေ့လားသို့၊ ကျင့်ငြားနိုင်စေ၊ တုယူစေဟု၊ မိလိန်ပညာ၊ ကျမ်းညွှန်းမှာသည်၊ စေတီရင်းမှာ ခြင်္သေ့ထားကြောင်း တည်း"လို့ စပ်ဆိုထားတာ ရှိတယ် ကိုဆလိုင်းရဲ့"

## နဂါး, ဂဠုန်တွေ ဘာကြောင့်ထား

ဆလိုင်း။ စေတီတော်ရဲ့ အောက်ခြေမှာ ဂဠုန်ရုပ်တွေ၊ နဂါးရုပ်တွေ၊ ပူးဆိုတဲ့ အကောင်လေးတွေကို လူတွေက ရေနဲ့လောင်းနေတာ တွေ့ခဲ့ရတယ်။ စေတီတော်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ။

ကျနော်။ ဒီအရုပ်တွေက စေတီရင်းမှာထားရတဲ့ ရည်ရွယ်ချက်ကတော့ အရှေ့၊ အနောက်၊ တောင်၊ မြောက်စတဲ့ အရပ်ရှစ်မျက်နှာကို ခွဲခြားနိုင်အောင်ထားတာပါ။ ဥပမာ - စေတီတော်ရဲ့ အရှေ့မြောက်အရပ်ကိုသိလိုရင် ဂဠုန်ရုပ်ရှိတဲ့ ဘက်ကိုသွား၊ အနောက်တောင်ထောင့်အရပ်ကို သိလိုရင် စေတီတော်ရဲ့ နဂါးရုပ်ရှိရာဘက်ကို သွားကြည့် နဂါးရုပ်ထားတဲ့ဘက်ဟာ အနောက်တောင် ဘက်ပဲ။ ဒီလို အရပ်မျက်နှာ ခွဲခြားနိုင်အောင် ထားတာပါ။ ဒါပေမယ့် ဗြဟ္မဏဝါဒရောယှက်လာပြီး ဗေဒင်အရ တနင်္ဂနွေထောင့်က ရေလှူ, ပန်းလှူ တနင်္လာအရပ်က ဆီမီးလှူ စသဖြင့် ဟောပြောကြရာ လူတွေကလဲ ဗေဒင်ဟောသည့်အတိုင်း လုပ်ကြတော့တာပါပဲ။ ဂဠုန်တွေ, နဂါးတွေ, ပူးတွေကို ရေလှူ, ပန်းလှူလို့ကတော့ ဘာအကျိုးကျေးဇူးမှ ဖြစ်ထွန်းမှာ မဟုတ်ပါဘူး။ အဲဒီ ရပ်ရှစ်မျက်နှာမှာရှိတဲ့ ဆင်းတုတော်ဘုရားရှင်များကို ရေလှူ, ပန်းလှူ, ဆီမီးလှူ စသည်ပြုရင်တော့ ကုသိုလ်ရကြမှာပါပဲ။ ဘုရားနဲ့ နဂါး ခွဲခြားတတ်ဖို့တော့ လိုတယ် ကိုဆလိုင်းရဲ့၊ ဒီအရုပ်တွေက ဘုရားနဲ့ ဘာမျှ မဆိုင်ဘူး။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့အတွက် ဘာမျှ အကျိုးမရှိဘူးလို့ မှတ်ပါ။

လှာလျှန်း။ စေတီတော်ရဲ့ ရှေ့က ဒါပွေ့ရှိနေတော့ သို့လော သို့လော တွေးတောစရာပဲ။ နတ်ရုပ်, နဂါးရုပ်, တိရစ္ဆာန်ရုပ်တွေလဲ သူ့အဓိပ္ပါယ်သူ မဟုတ်လား အဘ။

ကျနော်။ အေး-အဘရှင်းပြပါမယ် နားထောင်ပါ။

ဘုရားရှင်ဟာ နတ်, လူ, ဗြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ ဆရာသခင်ဖြစ်တော်မူတယ်။ ကုန်းနေသတ္တဝါ, ရေနေသတ္တဝါများနှင့်တကွ နတ်ဗြဟ္မာများပါ ဘုရားရှင်အားမြတ်နိုးကော်ရော် ပူဇော်ကြရသည်ဟူသော သဘောဖြင့်လည်း ထားကြတာပါ။ ထိုအကြောင်းကို ရှင်အုန်းညိုက

"တောနေသတ္တဝါ၊ သီဟရာဇာ၊ ကေသရာနှင့်၊ ဝဠာဟက၊ သိန္ဓောစသား၊ နာဂဆဒ္ဒန်၊ တစ်ဖန်သစ်ကျား၊ ကျွဲနွား သမင်၊ ကြံ့၊ ဆင်၊ စိုင်ပေါက်၊ နွားနောက်ကုလားအုတ်၊ ခွေးပုတ်တောဝက်၊ ဝံနက်ပြောင်ထီး၊ စပါးကြီးလည်း၊ ခရီးပါးမှာ စောမြတ်စွာကို၊ သစ္စာရိုကျိုး၊ ရှိပုံခိုးလျက် . . . ဟူ၍ တိရစ္ဆာန်အပေါင်းက ဘုရားရှင်အား လာရောက်အရိုအသေပြုကြပုံကို ဂါထာခြောက်ဆယ်ပျို့မှာ ဆိုထားတာ ရှိတယ်။

စာဆိုတော် ရှင်ဥတ္တမကျော်ကလည်း သူ၏ တောလားကြီးတွင် ဘုရားရှင်အား လူ, နတ်, ဗြဟ္မာ, သတ္တဝါအများက ပူဇော်ကြပုံကို

"သူရာနာဂ၊ သက္ကဗြဟ္မာ၊ ဘုမ္မာဒေဝ၊ ယက္ခနတ်မွန်၊ တိရစ္ဆာန်က၊ မြိုင်ယံခိုအောင်၊ သားအပေါင်းလည်း၊ ညွတ်ပျောင်းပူဇော် ဖူးကြသော်လျှင် ဟူ၍ စပ်ဆိုတော်မူခဲ့တယ်။ ဒါ ဘုရားရှင်၏ ရှေ့တော်မှာ ဒီနတ်, နဂါး, ဗြဟ္မာ၊

တိရစ္ဆာန်အရုပ်များ ထားခြင်းမှာ ဘုရားရှင်အား မြတ်နိုး ကော်ရော် ပူဇော်ကြသည်ဟူသော အဓိပ္ပါယ်ကို ဆောင် ၍ ထားခြင်းဖြစ်တယ်။ ဒါကို ကွဲပြားအောင် သိထားဖို့ တော့လိုအပ်ပါတယ်။

## တံခွန်တိုင်ဘာကြောင့်ထား

ဆလိုင်း။ စေတီတော်ရင်ပြင်မှာ တံခွန်တိုင်ထားခြင်းမှာ ဘယ်လို ရည်ရွယ်ချက်ရှိပါသလဲ ဦး?

ကျနော်။ တံခွန်တိုင်စိုက်ထူတဲ့သဘောက ဘုရားရှင်ရဲ့လက်ထက် တော်အခါက ရာဇဂြိုဟ်သူဌေးကြီးဟာ ဘုရားအမည်ခံ သူတွေ, ရဟန္တာတွေ ရှိကြတယ်လို့ ဆိုတယ်။ ငါလက် တွေ့ မမြင်ရသေးဘူး။ တကယ်ရှိ မရှိ စုံစမ်းအံ့ဟု ကြံ စည်ပြီး စန္ဒကူးသားဖြင့် သပိတ်တော်ပြုလုပ်ပြီး ဝါးအ တောင် ခြောက်ဆယ်လောက်အမြင့်အထိ ဆက်ပြီး တိုင် ထိပ်မှာ စန္ဒကူးသပိတ်ကို ချိတ်ထားတယ်။ နောက် "လော ကမှာ ရှာန်ရပုဂ္ဂိုလ်ရှိအံ့ (၇) ရက်အတွင်း ဈာန်နှင့်ပျံ၍ ယူလော့"ဟု ကြွေးကြော်ထားတယ်။ တိုတိုပဲ ပြောကြစို့ အဲဒါ အရှင်ပိဏ္ဍောလမထေရ်မြတ်က ဈာန်နှင့်ကြွပြီး စန္ဒ ကူးသပိတ်တော်ကို ယူတယ်။ အဲဒီ အထိမ်းအမှတ်အဖြစ် တံခွန်တိုင်စိုက်တယ်။ တိုင်ထိပ်မှာ ရဟန္တာ အရှင်မြတ်ရဲ့ ရုပ်တုတော် ထားလေ့ရှိတယ်။

နောက်တစ်မျိုးက ဇဝနဟံသဇာတ်တော်တွင် နန်းရင် ပြင်၌ တိုင်စိုက်စေပြီး ဟင်္သာမင်းက ထိုတိုင်ထိပ်၌ နားနေ

ပြီးလျှင် မြန်ပုံကို ပြသခဲ့တယ်။ ထိုဟင်္သာမင်းအား ဂုဏ်ပြုသောအားဖြင့်လည်း ဟင်္သာရုပ်ရှိသော တံခွန်တိုင်များကိုလည်း စိုက်လေ့ရှိကြပါတယ်။

နောက်တစ်မျိုးက ဝေဒီကာရမထေရ်မြတ်၏ အလောင်းအလျာဟာ ပီယဒဿီဘုရားရှင်ရဲ့ ဓာတုစေတီတော်ကို တံခွန်တိုင်စိုက်ထူပြီး တိုင်ထိပ်၌ ကွင်းအဝိုင်းတပ်ဆင်ကာ ပတ္တမြားရတနာများကို ဆွဲချိတ်လှူဒါန်းခဲ့ဖူးတယ်။ သည်ကိုရည်၍ တိုင်ထိပ်တွင် ကွင်းအဝိုင်း တစ်ခုထား၍ရတနာများ, တံခွန်, ကုက္ကား, မုလေးပွားများ ဇာတ်နိပါတ်တော် စာတမ်းများကို ဆွဲချိတ်၍ လှူဒါန်းထားသော တံခွန်တိုင်မျိုးလဲ ရှိတယ်။

အခြားသာဓကတစ်ခုမှာ ထမ္ဘရောပက မံထေရ်လောင်းလျာဟာ ဓမ္မဒဿီဘုရားရှင်၏ ဓာတ်တော် တန်ဆောင်းရှေ့တွင် တံခွန်တိုင်စိုက်၍ မြလေးပန်းဆိုင်းများကို ဆွဲလှူခဲ့ဖူးတယ်။

လှျာလျှန်း။ အဘ ဒီလိုဆိုတော့ တံခွန်တိုင် အမျိုးမျိုးရှိတာပေါ့နော်?

ကျနော်။ တို့ သိရလောက်တော့ ၆-မျိုးလောက်ရှိတယ်လို့ သိရတယ်။

ဆလိုင်း။ အဲဒီ တံခွန်တိုင် ၆-မျိုးကို ပြောပါအုံး ဦး။

ကျနော်။ တို့ သိထားတဲ့ တံခွန်တိုင် ၆-မျိုးဆိုတာ

(၁) ဇဝနဟင်္သာမင်းကို ဂုဏ်ပြုသောအားဖြင့် တိုင်ထိပ်တွင် ဟင်္သာရုပ်ရှိသော တံခွန်တိုင်။

(၂) ဒုဿစေတီကို ရည်မှတ်၍ တိုင်ထိပ်တွင် မကိုဋ် ထီးတော်ရှိသော တံခွန်တိုင်။

(၃) စူဠာမဏိစေတီကို ရည်မှတ်၍ တိုင်ထိပ်တွင် စေတီပုံရှိသော တံခွန်တိုင်။

(၄) ရတနာပန်းဆိုင်းများ, တံခွန်ကုက္ကား, မုလေးပွားဇာတ်တော်များ ဆွဲချိတ်နိုင်ရန် တိုင်ထိပ်တွင် ကွင်းအဝိုင်းတစ်ခုသာရှိသော တံခွန်တိုင်။

(၅) ပိဏ္ဍောလမထေရ်မြတ်ကို ဂုဏ်ပြုသောအားဖြင့် တိုင်ထိပ်တွင် ရဟန္တာမထေရ်မြတ် တစ်ပါးထားသော တံခွန်တိုင်။

(၆) ထမ္ဘရောပကမထေရ်မြတ်ကို ရည်စူး၍ တံခွန်တိုင်ထိပ်တွင် ပန်းဆိုင်းများ ဆွဲလှူသော တံခွန်တိုင်ဟူ၍ ၆-မျိုးလောက် သိထားပါတယ်။

လျာလျှန်း။ တံခွန်တိုင်ဆိုတဲ့ အဓိပ္ပါယ်သိပါရစေ အဘ?

ကျနော်။ တံခွန်ဆိုတာ တံကွန်မှ ဖြစ်လာတယ်။ "တံ"ဆိုတာ တုတ်တံပါပဲ။ ကွန်ဆိုတာကတော့ ပျံတက်ခြင်းအဓိပ္ပါယ် ရပါတယ်။ တံကွန်ဟုသုံးသောအခါ ပျံတက်နေသော အတံတိုင်ဟု အဓိပ္ပါယ်ရှိပါတယ်။ ထိုတံကွန်မှ တံခွန်ဖြစ်လာတာပါ။

တစ်နည်း တံခွန်ဆိုတာ အလံတစ်မျိုးပါ။ ရှေးက စစ်ချီရာမှာ လှေဦး၊ ရထားဦးမှာ စစ်တံခွန်တွေ တပ်လေ့ရှိပါတယ်။ မိမိစစ်တပ်လာပြီဆိုတာ သိစေဖို့အတွက်ပေါ့။ ယခု ဘုရားစေတီနားမှာထားတဲ့ တံခွန်ကတော့ သာသနာတံခွန်ပေါ့။ ဘုရားကျောင်းကန်နား ရောက်လာပါပြီလို့ သတ္တဝါတွေသိစေလိုတဲ့အတွက်ပေါ့။ ဒီလိုယူလည်း ရပါတယ်။

## ငါးပါးသီလ

ဆလိုင်း။ အဘတို့ စောင့်ထိန်းတဲ့ တရားတွေက ဘယ်လောက်ရှိလဲ။

ကျနော်။ အနည်းဆုံး ငါးပါးသီလတော့ စောင့်ထိန်းရတယ်။ စောင့်ထိန်းရတဲ့ ကျင့်ဝတ်အနည်းဆုံး ငါးပါးရှိတယ်ပေါ့။ ဗုဒ္ဓဘာသာဝင်တိုင်း စောင့်ထိန်းရတဲ့ ငါးပါးသီလက

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၂) ပိုင်ရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) ကာမဂုဏ်တရားတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၄) မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၅) မူးယစ်မေ့လျော့စေတတ်သော သေရည်, သေရက်, မူးယစ်ဆေးဝါးများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း တို့ဖြစ်တယ်။

## Five Precepts

The five precepts prescribed for every Buddhist consist Of;

1. abstaining from killing;
2. abstaining from taking what is not given;
3. abstaining from several misconduct;
4. abstaining from telling lies;
5. abstaining from taking or using intoxicants (intoxicating wines, liquer and drugs which cause heedlessness).

## ရှစ်ပါးသီလ

နောက်ရှစ်ပါးသီလဆိုတာလည်း ရှိသေးတယ်။ အောက်ပါသိက္ခာပုဒ်များကို ထိန်းသိမ်းခြင်းပါပဲ

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၂) ပိုင်ရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၃) မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊
(၄) မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၅) မူးယစ်မေ့လျော့စေတတ်သော သေရည် သေရက် မူးယစ်ဆေးဝါးကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၆) နေလွဲညစာစားခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၇) ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းနှင့် ပန်းနံ့သာအမွှေးအထုံ ပန်ဆင်လိမ်းကျံတန်ဆာဆင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) မြင့်သောနေရာ, မြတ်သောနေရာ အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊

Eight moral precepts

Precepts observed on fasting days

The eight moral precepts consist in the observance of the following factors;

(1) abstaining from killing any living being;
(2) abstaining from taking what is not given;
(3) abstaining from unchastity;
(4) abstaining from telling lies;
(5) abstaining from taking liquers and intoxi cant which can lead to forget fulness;

(6) abstaining from taking food after mid-day;
(7) abstaining from dancing, singing, playing musical instruments, seeing shows, wearing flowers and using perfumes;

### ဗုဒ္ဓဆိုတာ ဘာလဲ

**ဆလိုင်း။** ဗုဒ္ဓဆိုတာ ဘယ်လိုအဓိပ္ပါယ်နဲ့ ခေါ်တာလဲ ဦး?

**ကျနော်။** ဗုဒ္ဓဆိုတာ သစ္စာလေးပါးကို သိမြင်သူလို့ အဓိပ္ပါယ်ရတယ်။ ဗုဒ္ဓဆိုတဲ့ အသုံးအနှုန်းက သုတဗုဒ္ဓ-အကြားအမြင်နဲ့ သိသော, အနုဗုဒ္ဓ ဘုရားဟောတရားတော်များကို လေ့လာလို့ သိသောသူ, ပစ္စေကဗုဒ္ဓ-သစ္စာလေးပါးသက်သက်ကိုသာ သိသောသူ, သမ္မာသမ္ဗုဒ္ဓ-သစ္စာလေးပါးကို ကိုယ်တော်တိုင်သိ၍ သူတစ်ပါးကိုလည်း သိအောင် မြင်အောင် ဟောပြနိုင်သူလို့ခွဲခြားထားသေးတယ်။ ကိုဆလိုင်းမေးလိုတဲ့ ဗုဒ္ဓကတော့ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိလဲသိ၊ သူတစ်ပါးကိုလဲ သိအောင် ဟောပြောပြသနိုင်သူ သဗ္ဗညုဗုဒ္ဓကို မေးလိုတာ မဟုတ်လား။

**လျာလျန်း။** သစ္စာလေးပါးဆိုကော အဘ။

**ကျနော်။** သစ္စာလေးပါးဆိုတာ

(၁) ဒုက္ခသစ္စာ (ဒုက္ခအစစ်အမှန်တရား)၊
(၂) သမုဒယသစ္စာ (ဒုက္ခ၏အကြောင်းတရားတဏှာ)၊
(၃) နိရောဓသစ္စာ (ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်)၊
(၄) မဂ္ဂသစ္စာ (ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်စေနိုင်သောတရား မဂ္ဂင်ရှစ်ပါး)

လို့ သစ္စာလေးပါးရှိတယ်။ အဲဒီ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူနိုင်မှသာ ဗုဒ္ဓလို့ အမည်ရတယ်။ ဗုဒ္ဓလို့လဲ ဝန်ခံထိုက်တယ်။

လှာလျှန်း။ ဒုက္ခဆိုတာ ဆင်းရဲအဓိပ္ပါယ်ပဲလား အဘ။

ကျနော်။ ဒုက္ခကို ဆင်းရဲခြင်းလို့ သိလွယ်အောင် မြန်မာပြန်ထားတယ်။ သည့်ပြင် အဓိပ္ပါယ်ဖွင့်ဆိုချက်တွေ ရှိပါသေးတယ်။ အများနားလည်အောင်

## သစ္စာလေးပါးရဲ့ အဓိပ္ပါယ်သိပါရစေ

အင်္ဂလိပ်လိုတော့ Suffering, misery လို့ ဆိုရမှာပဲ။ ဘဝသစ်ဖြစ်ရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းတို့ဟာ ဆင်းရဲခြင်း အမှန်တွေပါပဲ။ အဲဒီ ဆင်းရဲခြင်း အမျိုးအစားခွဲမယ်ဆိုရင်

(၁) သာမန်ဆင်းရဲခြင်းသဘော-ဒုက္ခ, ဒုက္ခ

(၂) ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်ပေါ်ရသော ဆင်းရဲ ဝိပရိဏာမဒုက္ခ၊

(၃) ပြုပြင်စီရင်ခံရသည့်သဘော သင်္ခါရဒုက္ခလို့ သုံးမျိုးခွဲနိုင်တယ်။

အိုခြင်း, နာခြင်း, သေခြင်းစသည်တို့မှာ သာမန်ဆင်းရဲခြင်း သဘောရှိလို့ ဒုက္ခ ဒုက္ခလို့ ဆိုတယ်။ ပျော်ရွှင်သော စိတ်နှလုံး၊ ချမ်းသာသော အခြေအနေတို့မှာ အစဉ်ထာဝရ မတည်မြဲ ပျက်စီးကြရမည်သာဖြစ်၍ သင်္ခါရဒုက္ခလို့ ခေါ်တယ်။

အမှန်အားဖြင့် ဒုက္ခဆိုတာ စကားလုံးက အလွန်အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ ဒုက္ခကို ဒုနှင့်ခဆိုတဲ့ အက္ခရာ ၂-လုံးကို တွဲထားတာ ဖြစ်တယ်။ ဒုဆိုတာက ဒု-ကုစ္ဆိတ ဘာမျှနှစ်သက်စရာ မရှိဘူးလို့ အဓိပ္ပါယ် ရတယ်။ ခကတော့ ခံ-နဘံ ကောင်းကင်လို့ အဓိပ္ပါယ်ရတယ်။ ကောင်းကင်ဟာ

ဟာလာဟင်းလင်းဖြစ်၍ ဘာမျှအနှစ်သာရ မရှိသလို မွေးဖွားခြင်း, သေခြင်းစသော ကိစ္စတွေဟာလဲ ဘာမျှအနှစ်သာရမရှိလို့ ဒုက္ခအစစ်ဖြစ်တယ်။ အဲဒီ ဒုက္ခ သစ္စာတရားကို ဘုရားရှင်က သိမြင်တော်မူတယ်။

(၁) ဒီဆင်းရဲခြင်းကို ဖြစ်အောင်မည့်သူတွေက အရင်းခံထားသလဲ ဆိုတာ ဆက်လက်၍ ရှုပြန်သောအခါ လိုချင်မက်မောမှုဆိုတဲ့ သမုဒယ သစ္စာကို သိမြင်တော်မူပြန်တယ်။

(၂) သမုဒ္ဒယသစ္စာဆိုတာ ဆင်းရဲခြင်း၏ အကြောင်းတရားပါပဲ။ အင်္ဂလိပ်လိုတော့ Truth of the Cause of dukka လို့ ပြောရမှာပါ။ ဒုက္ခသစ္စာရဲ့ အကြောင်းတရားပေါ့။ အဲဒီ သမုဒယသစ္စာဆိုတဲ့ လောဘတဏှာကို သရုပ်ခွဲမယ်ဆိုရင် ကာမဂုဏ်၌ တပ်မက်ခြင်း ကာမတဏှာ ဘဝ၌ တပ်မက်ခြင်း ဘဝတဏှာ။ ဘဝပြတ်ခြင်း၌ တပ်မက်ခြင်း ဝိဘဝ တဏှာလို့ ၃-မျိုးခွဲနိုင်သေးတယ်။

**လျာလျှန်း။** ဘဝမရှိတာကို ဘယ်လိုလုပ်ပြီး တပ်မက်မှာလဲ အဘ။

**ကျနော်။** ဒီလို ကလေးရေ အာရုံ ၆-ပါးကို နှစ်သက်တဲ့ သဘောကို ကာမတဏှာလို့ ခေါ်တယ်။ ထိုအာရုံ ၆-ပါးဟာ ပျက်စီးခြင်း မရှိဘူး။ မြဲတယ်လို့ ယူဆတဲ့အမြင်နဲ့ တွဲနေရင် သဿတဒိဋ္ဌိ ခေါ်တယ်။ အဲဒီ သဿတဒိဋ္ဌိနဲ့ ယှဉ်တဲ့ လောဘကို ဘဝတဏှာလို့ ခေါ်တယ်။ အာရုံ ၆-ပါးဟာ ကင်းပြတ်ပျက်စီးတယ်, သေရင်ပြတ်သွားတာပဲ ဘာမျှ မရှိဘူးလို့ အယူအဆနှင့် တွဲနေတဲ့ တဏှာကိုတော့ ဝိဘဝ တဏှာလို့ ခေါ်တယ်။ ခုခေတ်မှာ သေရင်ပြီးတာပဲ ပြတ်တာပဲ နောက်ဘဝ သံသရာမရှိတော့ဘူးလို့ အယူအဆ နှင့် တွဲနေတဲ့ တဏှာပေါ့။ ဒါကို ဝိဘဝတဏှာလို့ ဆိုတာပဲ။

လျာလျှန်း။ ဒါဖြင့် နိရောဓ ချုပ်ငြိမ်းခြင်းကို အလိုမရှိတာဟာ ဝိဘဝ တဏှာ မဖြစ်ဘူးလား အဘ?

ကျနော်။ နိရောဓသစ္စာဆိုတာ တဏှာချုပ်ငြိမ်း, တဏှာကို စွန့်ပစ်ခြင်း, ကိလေသာ အညစ်အကြေးဟူသမျှကို စွန့်ခွာခြင်းကို ပြောတာပါ။ Truth of the cesation of suffering, Trugh that extinction of Craving ends suffering ဒီလူဆိုးကို ပယ်ခွာနိုင်မှ ချမ်းသာရနိုင်မှာဖြစ်လို့ တဏှာကို ပယ်ချဖို့ လုပ်နေကြရတာပဲ။ ဝိဘဝတဏှာဆိုတာက ဒါမျိုးမဟုတ်ဘူး။ ရူပါရုံ, သဒ္ဒါရုံစတဲ့ အာရုံငါးပါး ကာမဂုဏ် တရားတွေဟာ သေရင် ပြတ်တယ်။ ကောင်းမှု မကောင်းမှု လုပ်နေစရာ, ရှောင်ကြဉ်နေစရာ မလိုဘူးလို့ အမြင်ကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တယ်။ ဒီအယူအဆက ကောင်းမှု, မကောင်းမှုကို ခေါ်တဲ့ အကြောင်းတရားတွေကို ပယ်ထားတဲ့ အယူဝါဒပဲ။ အဲဒါကို ဝိဘဝတဏှာ ခေါ်တယ်။

နိရောဓသစ္စာဆိုတာက တဏှာလုံးဝချုပ်ငြိမ်းခြင်း, စွန့်ပယ်ခြင်းပါ။ အဲဒီ တဏှာမရှိခြင်း နိရောဓသစ္စာကို အလိုရှိတာက ဆန္ဒပါ။ ဆန္ဒဆိုတာ မစွဲလမ်းဘူး, ကပ်ငြိမနေဘူး၊ ဖားမြွေခဲသလို လက်မလွှတ်ချင်တာ မဟုတ်ဘူး။ အလိုရှိကာ မတ္တပဲ။ ဒါကြောင့် ဆန္ဒနဲ့ လောဘကို ခွဲသိရတယ်။ ဆန္ဒက အကုသိုလ် မဟုတ်ဘူး။

**နိဗ္ဗာန်လိုချင်တာ လောဘမဟုတ်ဘူးလား**

ဆလိုင်း။ နှစ်သက်တယ်, လိုချင်တယ်ဆိုတာတွေဟာ အတူတူပဲ မဟုတ်လား ဦးရဲ့။

ကျနော်။ နှစ်သက်တာ မတ္တ, လိုချင်တာမတ္တ, မစွဲလန်းဘူးဆိုရင် ဆန္ဒလို့ မှတ်ရတယ်။ စွဲစွဲလန်းလန်း လိုချင်တာမျိုးကတော့ လောဘပဲ။ ဥပမာ - ဟောဒီပန်းတိုင်ကို ရောက်အောင်လုပ်မယ်ဆိုပြီး ကြိုးစားအားထုတ်တယ် ထိုသူဟာ အဲဒီ အောင်ပန်းကို ဆွတ်ခူးနိုင်တယ်ဆိုပါစို့။ ထိုသူဟာ အဲဒီဘွဲ့ထူးဂုဏ်ထူးကြီးတွေကို စွဲလန်းမနေဘူးဆိုရင် သူရဲ့ လိုချင်မှုကို ဆန္ဒလို့ မှတ်ရမယ်။

အဲဒီသူ အောင်မြင်ခဲ့တဲ့ ဂုဏ်ထူး, ဘွဲ့ထူး, စည်းစိမ်ဥစ္စာဓနတွေကို စွဲလန်းနေမယ်ဆိုရင် သူရဲ့ လိုချင်မှုဟာ လောဘပဲ။ သေရင် အဲဒါတွေက သူ့ကို ဒုက္ခလှလှကြီးပေးနိုင်တယ်။ အတိုချုပ်ကတော့ ကပ်ငြိမှု တဏှာအစေးပါရင် လောဘကပ်ငြိမှုမပါရင် ဆန္ဒပဲ ဒီလို မှတ်ရမယ်။ ဆန္ဒက အကုသိုလ်မဟုတ်ဘူး။ အပါယ်မကျနိုင်ဘူး။ လောဘက အကုသိုလ် အပါယ်ကျနိုင်တယ်။ ဒါကြောင့် နိဗ္ဗာန်ကို သိမြင်ချင်တာဟာ ဆန္ဒပဲ လောဘ မဟုတ်ဘူးလို့ မှတ်ရမယ်။

လျာလျှန်း။ မဂ္ဂသစ္စာဆိုတာကော အဘ အနည်းငယ်ရှင်းပြပါအုံး။

ကျနော်။ မဂ္ဂသစ္စာဆိုတာ အရိယာတို့ မြင်အပ်တဲ့ ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်စေတတ်တဲ့ လမ်းမှန်ပဲ။ Magga Sacca; Truth of the Ariya Path; the Truth that the Ariya Path of eight constituests

is the only way to and suffering ကို ဆိုလိုတယ်။ မဂ္ဂင်ရှစ်ပါးက ဘာတွေလဲဆိုတော့ မှန်စွာမြင်ခြင်း, မှန်စွာကြံခြင်း, မှန်စွာပြောခြင်း, မှန်စွာပြုလုပ်ခြင်း, မှန်စွာအသက်မွေးခြင်း, မှန်စွာအားထုတ်ခြင်း, မှန်စွာသတိရခြင်း, မှန်စွာ စူးစိုက်တည်ကြည်ခြင်းဟူသော အင်္ဂါရှစ်တန်နှင့် ပြည့်စုံသော အရိယာမဂ္ဂင်လမ်းစ အစွန်း ၂-ဘက်သို့ မလိုက်သော လမ်းဖြစ်တယ်။

ဆလိုင်း။ အစွန်းနှစ်ဘက်ဆိုတာကော အဘ။ ဘယ်လို အစွန်းလဲ။

ကျနော်။ ပထမအစွန်းက လူသာမာန်တို့၏ အလေ့အထဖြစ်တဲ့ ကာမဂုဏ်တရားတွေကို လိုက်စားမြူးတူးခြင်း, ပျော်ပါးခြင်း, ချမ်းသာမှုကို ရှာခြင်း ဖြစ်တယ်။

ဒုတိယအစွန်းကတော့ ဆင်းရဲခြင်းသာ ဖြစ်စေနိုင်တဲ့ အကျိုးကျေးဇူးမရှိတဲ့ ကျင့်စဉ်အမျိုးမျိုးဖြင့် ကျင့်ကြံအားထုတ်ခြင်း၊ ဥပမာ - နေပူတယ် မျက်စေ့ဖြဲပြီး နေကိုကြည့်၍ ကျင့်ခြင်းမျိုးပဲ။ ဒါဟာ ဆင်းရဲအပေါင်းမှ မလွတ်နိုင်တဲ့အပြင် လက်တွေ့ သူကိုယ်တိုင် ခံစားနေကြရတယ် မဟုတ်လား။ ဒီအကျင့်မျိုးဟာ အစွန်းရောက်တဲ့ လမ်းစဉ်ပဲ။ ဒီလက်ဝဲလမ်း, လက်ယာလမ်း နှစ်လမ်းကို မလိုက်ဘဲ အလယ်အလတ် လမ်းစဉ်ကို လိုက်မှသာ ထာဝရ ငြိမ်းချမ်းစေနိုင်တဲ့ နိဗ္ဗာန်ကို ရောက်မှာပါ။

ဆလိုင်း။ ဂေါတမဘုရားက ဒီသစ္စာလေးပါးကို သိမြင်လို့ ဗုဒ္ဓခေါ်တာပေါ့နော်။

ကျနော်။ အေး-ဟုတ်တယ်။ ဒီသစ္စာလေးပါးကို ကိုယ်တိုင်လည်း သိ၊ သူတစ်ပါးကိုလဲ သိအောင် ဟောပြော ပြသနိုင်တယ်။

ဒါကြောင့် ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် ပြည့်စုံတော်မူတယ်။

လျှာလျှန်း။ ဒီပြင် ဂုဏ်တော်တွေလည်း ရှိအုံးမှာပေါ့နော် အဘ။

ကျနော်။ ဗုဒ္ဓဂုဏော အနန္တောတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ အနန္တပဲ၊ မရေတွက်နိုင်ဘူး အလွန်များပါတယ်။ ဒါပေမယ့် အကျဉ်းချုပ်ကတော့ ဂုဏ်တော်ကိုးပါးရှိတယ်။ အရဟံ သမာသမ္ဗုဒ္ဓေါ စသည်ပေါ့။

## နိဗ္ဗာန်ဆိုတာ ဘာလဲ

ဆလိုင်း။ နိဗ္ဗာန်ဆိုတာ ဘာလဲ ဦး?

ကျနော်။ နိဗ္ဗန=နိ+ဝါန, ဝါနဆိုတာ တဏှာအာရုံငါးပါး ကာမဂုဏ်တရားများကို နှစ်သက်မြတ်နိုးခြင်း, တပ်မက်စွဲလမ်းခြင်းပဲ။ နိ=နိက္ခန္တ လွတ်မြောက်ခြင်း, ထွက်မြောက်ခြင်းဆိုတဲ့ အဓိပ္ပါယ်ရတယ်။ နိနဲ့ဝါန ၂-ပုဒ် ပေါင်းစပ်လိုက်တော့ နိဝါန=နိဗ္ဗာန=နိဗ္ဗာန်=တဏှာမှ လွတ်မြောက်ရာ ထွက်မြောက်ရာ တဏှာချုပ်ငြိမ်းခြင်းဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။ ဒါကြောင့် တဏှာချုပ်ငြိမ်းရာ နိဗ္ဗာန်လို့ ခေါ်တယ်။

ဆလိုင်း။ ဒါဖြင့် ချုပ်ငြိမ်းခြင်း သက်သက်အမည်မျှ ရှိတာပေါ့နော်။

ကျနော်။ သူက နာမမတ္တ အမည်မျှတော့ မဟုတ်ဘူး။ အမည်ဆို ပညတ်ပဲ။ နိဗ္ဗာန်က ပညတ်မဟုတ်ဘူး။ ပရမတ္ထ စစ်စစ် သဘောအားဖြင့် ထင်ရှားရှိတယ်။ သန္တိသုခ ငြိမ်းအေးခြင်း လက္ခဏာရှိတယ်။ အဲဒီတဏှာ ကိလေသာတွေ ချုပ်ငြိမ်းသွားသော သဘောကို စိတ်က ထိုးထွင်း သိမြင်သော

ဉာဏ် (နိရောဓသစ္စာ) ရရှိသွားခြင်းဖြစ်၍ ကျန်ဘဝမှာ ပင် လက်တွေ့ ရရှိနိုင်သော ချမ်းသာစစ်ကြီး ဖြစ်တယ်။ အမည်မျှ မဟုတ်ဘူး။ ပရမတ္ထတရားပဲ။

ဆလိုင်း။ ဒီနိဗ္ဗာန်ကို ဘယ်လိုပုဂ္ဂိုလ်တွေ ရနိုင်သလဲ။

ကျနော်။ ဒီနိဗ္ဗာန်ဆိုတာ လူသာမာန်တွေ မသိနိုင် မမြင်နိုင်ဘူး။ သူတော်စင် အရိယာပုဂ္ဂိုလ်များသာ သိမြင် ခံစားနိုင် တယ်။

ဆလိုင်း။ ဒီနိဗ္ဗာန်က ဘုရားဟောလို့ သိရတာလား။ ကိုယ်တိုင်ကျင့် ကြံလို့ သိရတာလား။

ကျနော်။ ဘုရားရှင်က ဘယ်လိုကျင့် ဘယ်လိုတရားအားထုတ် စ သည်ဖြင့် နိဗ္ဗာန်ကို ရရာ ရကြောင်း တရားဓမ္မတွေကို ဟောပြတယ်။ ခရီးလမ်းညွှန် ပုဂ္ဂိုလ်ပေါ့။ ဒါပေမယ့် ခရီး လမ်းဖြောင့်ကို မည်သို့ပင် ညွှန်ပြသော်လဲ သွားတဲ့သူက မသွားရင် အဲဒီ ခရီးရောက်ပါ့မလား။ မသွားဘဲနဲ့ ဘယ် ရောက်မလဲ။ ဒါကိုပဲ ကျွတ်တန်းဝင်နိုင်တဲ့ ပါရမီတွေက လဲပါ, ဘုရားရှင်၏ ညွှန်ပြသော လမ်းကို ယုံယုံကြည်ကြည် နဲ့ လျှောက်မယ်ဆိုရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါ တယ်။ ရနိုင်ပါတယ်။

ဆလိုင်း။ နိဗ္ဗာန်ကို ဥပမာနဲ့ ပြလို့ရမလား ဦး။

ကျနော်။ ရပါတယ်။ ပဒုမ္မာကြာသည် ရေနှင့် မလိမ်းကျံသလို နိဗ္ဗာန်ကလဲ အလုံးစုံသော ကိလေသာနဲ့ မလိမ်းကျံဘူး။ ရေသည်အေးမြသလို နိဗ္ဗာန်လည်း ပူလောင်ခြင်းဟူသမျှ ကို အေးမြစေတယ်။ ရေသည် ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်သလို နိဗ္ဗာန်ကလည်း တဏှာတည်းဟူ

သော တောင့်တမွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်တယ်။ ဆေးဝါးကောင်းသည် အသက်မသေအောင် ပြုနိုင်သကဲ့သို့ နိဗ္ဗာန်ကလည်း သေခြင်းကင်းအောင် ပြုနိုင်တယ်။ အစားအစာသည် သတ္တဝါတို့အား အသက်ကို ပေးနိုင်သလို နိဗ္ဗာန်ကလည်း မိမိအား မျက်မှောက်ပြုသူ အားလုံးကို သေခြင်းကင်းအောင် ရနိုင်တယ်။ နိဗ္ဗာန်ဟာ အစွဲတပင်ကိုယ်သဘောမှ မရွေ့လျော့ဘူး။ သေခြင်းကင်းသော အမတ ဂုဏ်ရှိတယ်။ နိဗ္ဗာန်ဟာ အာရုံပြု၍ မဝနိုင်အောင် ပဏီတဂုဏ်တော်ရှိတယ်။ အရသာ အားလုံးထက် သာလွန်တယ်။

ကျွန်ုပ်တို့တတွေဟာ ဘဝများစွာ သံသရာမှာ အို၊ နာ၊ သေဆိုတဲ့ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြရတော့ မအို, မနာ, မသေဆိုတဲ့ နိဗ္ဗာန်ကို လိုချင်ကြတာပဲဗျာ။

ဆလိုင်း။ အလွယ်နဲ့ သိနိုင်ဖို့တော့ ခဲယဉ်းမှာပဲနော် ဦး။

ကျနော်။ ဟုတ်တယ်။ ကိုဆလိုင်းရဲ့ ပြောပြယုံနဲ့တော့ လက်တွေ့ကို မသိနိုင်ဘူးပေါ့။ ဥပမာပေးရရင် အပျိုကြီး ညီအစ်မနှစ်ယောက်လိုပါပဲ။ မကြီးက လင်ရတော့ ညီမလေးက မေးသတဲ့ "အစ်မကြီး လင်ယူရတဲ့ အရသာဟာ ဘယ်လိုနေသလဲ"လို့ မေးသတဲ့။ အမကြီးကလဲ ကောင်းတော့ ကောင်းတာပဲ ဘယ်လိုနေမှန်းတော့ ပြောမပြတတ်ဘူး။ ညီမလေးရတော့ သိပါလိမ့်မယ်အေ"လို့ ပြောသတဲ့။ အဲဒီ ဥပမာလိုပါပဲ နိဗ္ဗာန်ဆိုတာ ကိုယ်တိုင်ရတဲ့ အခါကျမှ ဘယ်လောက်ကောင်းတယ်ဆိုတာ သိနိုင်မှာပါ။ တရား

အားထုတ်၍ လက်တွေ့လုပ်ကြည့်ရင်တော့ အကောင်းဆုံး အရသာလို့ ဆိုတယ်။

**ဗုဒ္ဓဘာသာဝင်တိုင်း အမြင့်ဆုံးပန်းတိုင်**

ဆလိုင်း။ ဗုဒ္ဓဘာသာတို့ရဲ့ အမြင့်ဆုံးပန်းတိုင်ကဘာလဲ ဦး။

ကျနော်။ မအို, မနာ, မသေရာဖြစ်တဲ့ နိဗ္ဗာန်ပေါ့။ အဲဒီ နိဗ္ဗာန်ကို အာရုံပြုနိုင်မှသာ ငိုကျွေးရခြင်း, ပူဆွေးရခြင်း, ကွေကွင်းရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်မှာ မဟုတ်လား။ ဗုဒ္ဓဘာသာတွေရဲ့ ဦးတည်ချက်ကတော့ အများဆုံးဒါပါပဲ။

ဆလိုင်း။ လူတိုင်း နိဗ္ဗာန်ကို လိုချင်ကြတာပဲလား ဦး။

ကျနော်။ လူတိုင်းတော့ ဟုတ်မယ် မထင်ဘူး။ ဘာကြောင့်ဆိုတော့ တစ်ချို့က လူ့စည်းစိမ်, နတ်စည်းစိမ်လောက်နဲ့ နေချင်ကြတဲ့သူတွေ အတော်များတယ်။ တိုက်တာ, ဥယျာဉ်, ဥစ္စာ ဓနကြွယ်ဝသူတွေဟာ အဲဒီ စည်းစိမ်တွေထဲက ထွက်ချင်ကြမယ် မဟုတ်ဘူး။ ကိုယ့်ဟာကို မြဲတယ်လို့ ယူဆနေကြတာ မဟုတ်လား။

**"ဓမ္မပဒ"ဘာလဲ**

ဆလိုင်း။ သူ့လွယ်အိတ်ထဲမှ စာတစ်အုပ်ကိုထုတ်ပြလျက် "ဒီစာအုပ်ကို တောင်ဘက်ဘုရားစောင်းတန်းက ဝယ်ခဲ့တာ အဘ"ဟု စာအုပ်ကို ထုတ်ပြပါလေသည်။

ကျနော်။ ဟာ-မင်းတို့မှာလည်း ဓမ္မပဒတွေ ဘာတွေနဲ့ပါလားကွယ့်။ မင်းတို့က ဒီစာအုပ်မျိုးကို ဖတ်ကြလို့လား။

လှာလျှန်း။ ကျွန်မတို့ စာကြည့်တိုက်မှာ ဒီစာအုပ်မျိုးတွေထားပါတယ် အဘရဲ့၊ ဖတ်လိုတဲ့သူ ဖတ်ကြပေါ့။

ကျနော်။ ဓမ္မပဒဆိုတာ ဓမ္မရယ်၊ ပဒရယ် (၂)ပုဒ်တွဲပုဒ်ပဲ ဓမ္မဆိုတာ လောကမှာ ကျင့်စရာ ကြံစရာ တရားတော်များလို့ အဓိပ္ပါယ်ရတယ်။ ပဒ-ကတော့ အစုအဝေးလို့ အဓိပ္ပါယ်ရှိတယ်။ ဓမ္မနဲ့ပဒ ၂-ပုဒ်တွဲလိုက်တော့ တရားအစုအပေါင်းလို့ဆိုလိုတယ်။ "တရားတော်များ"ပေါ့ကွယ်။ အေး-မင်းတို့မှာလဲ အဘနဲ့တွေ့လို့သာပေါ့ကွာ အခြားလူတွေနဲ့ တွေ့ရင်-

ဆလိုင်း။ ဒါကြောင့် ကျွန်တော်တို့လည်း အခြားနေရာတွေ သွားမှာထက် စာကြည့်တိုက်သွားတာက ပိုကောင်းမယ်ဆိုပြီး လာကြတာပါ။

ကျနော်။ အေး-ကောင်းတယ်။ ကဲ အားမနာတမ်းသာ မေးကြပေရော့ ဘာမျှ အားမနာနဲ့နော် လှာလျှန်း။

ဆလိုင်း။ "အဘ ဒီခေတ်မှာ ဈာန်အဘိညာဉ် ရတဲ့သူ ရှိပါအုံးမလား? သူဒီကိစ္စကို အတော် သံသယဖြစ်နေပုံ ပေါ်ပါသည်။ ဒီလို ဆုတ်ကပ်မှာ ဈာန် အဘိညာဉ်ရသူ မရှိနိုင်ပါဘူး ဟူ၍လည်း နားစွန်နားဖျား ကြားမိကောင်းကြားမိပေလိမ့်မည်။

## ၁ ခေတ်ဈာန်ရပုဂ္ဂိုလ်ရှိသေးသလော

ကျနော်။ ဒီခေတ်မှာလဲ ဈာန်အဘိညာဉ်ရသူတွေ ရှိလျက်ပါပဲ ကိုဆလိုင်းရဲ့ ဘာလို့ ဒီလိုပြောနိုင်ရသလဲဆိုတော့ ဈာန်၊ မဂ်၊ ဖိုလ်ကို ရရာ ရကြောင်း ညွှန်ပြနေတဲ့ ပိဋကတ်သုံးပုံ

အထင်အရှား ရှိနေတယ်။ အဲဒီ ပိဋကတ်သုံးပုံကို အာဂုံဆောင်သူတွေလည်း ရှိကြတယ်။ ဘုရားဟော တရားတော်များကို လက်တွေ့ကျင့်ကြံ အားထုတ်နေသူတွေလည်း ရှိနေတယ်ဆိုတော့ ဈာန်, မဂ်, ဖိုလ်ရသူတွေ မုချရှိနေတယ်လို့ ဆိုရမှာပဲ။

တလောက သိပ်မကြာလှသေးဘူး မော်လမြိုင်ဘက်မှာ ကောင်းကင်ကဈာန်ကြွလာတဲ့ ရဟန်းတော် ၂-ပါးကို ဖူးကြရလို့ အုတ်အော်သောင်းတင်း ဖြစ်လိုက်ကြသေးတယ်လေ။ မဂ္ဂဇင်းတွေထဲမှာတောင် ရေးသားကြသေးတယ်။ အတော် တိတိကျကျ ရေးထားတယ် သိချင်ရင်ရှာပြီးဖတ်ကြပေါ့။

အဲဒီနောက် မန္တလေးမှာလည်း ဈာန်ကြွသွားတဲ့ ရဟန်းတော်တစ်ပါးကို ဖူးလိုက်ကြရသေးတယ်။ မန္တလေးမြောက်ပြင် ကောင်းကင်က အရှေ့တောင်ဘက် ဦးတည်ကြွသွားတဲ့ ရဟန်းတော်တစ်ပါးကို မြင်ကြရလို့ ကားနဲ့လိုက်သူလိုက်, မော်တော်ဆိုင်ကယ်နဲ့ လိုက်သူလိုက်နှင့်ပြင်ဦးလွင်အထိ လိုက်သွားကြသေးတယ်။ နောက်တောင်ကြားထဲ ဆင်းသွားတယ်ဆိုပြီး အဲဒီတောင်ကြားရှိ ကျောင်းတစ်ကျောင်းကို သွားကြပြီး ပူဇော်ကြတယ်လို့ ကြားလိုက်သေးတယ်။ ဒါလဲ လူသိရှင်ကြား ဖြစ်ရပ် တစ်ခုပဲ။

ဆလိုင်း။ အဲဒီလို ဈာန်ကြွကာကို မြင်စမ်းချင်ပါဘိ လက်တွေ့ဆိုရင်သိပ်ကောင်းမှာပဲ။

ကျနော်။ တန်ခိုးမပြရဘူးလို့ ဘုရားရှင်က ပညတ်ထားတာရှိတယ်ကိုဆလိုင်းရဲ့။ အဲဒါကြောင့် ဈာန်အဘိညာဉ်ရသည့်တိုင်

အောင် သို၀ှက်ကြရတယ်။ သူများ အထင်ကြီးအောင် မလုပ်ကြဘူး။ ရဟန္တာဆိုရင် ဝါကြွားလိုတဲ့စိတ်လည်း မရှိတော့ပါဘူး။ ပုထုဇဉ်ဈာန်ရဆိုရင်တော့ ဝါကြွားလိုတဲ့ စိတ်ရှိချင်ရှိမယ် သို့မဟုတ် သာသနာတော်ကို ကြည်ညိုလာစေလိုတဲ့စိတ်လည်း ရှိချင်ရှိမယ်ပေါ့။

ဆလိုင်း။ ပုထုဇဉ်က ဈာန်ရနိုင်လို့လား ဦး။

**ပုထုဇဉ်ဈာန်ရနှင့် အရိယာဈာန်ရ**

ကျနော်။ လောကီဈာန်ရ ပုထုဇဉ်ဈာန်ရ ပုဂ္ဂိုလ်ဆိုတာ ရှိတယ်လေ။ လောကီဈာန်ရ ပုဂ္ဂိုလ်တွေ အများကြီးပေါ့။ ဒီလောကီဈာန်ရတာကတော့ ကြာရှည်မခံဘူး။ လောကီအာရုံ ကာမဂုဏ်တွေနဲ့တွေ့ရင် ပျက်လွယ်တယ်။ ဈာန်လျောတယ်။ ဒီပုဂ္ဂိုလ်တွေအနေနဲ့တော့ ဝါကြွားလိုတဲ့စိတ် ရှိနိုင်တယ်။ ဥပမာ - ရှင်ဒေဝဒတ်ဟာ ဈာန်အဘိညာဉ်ရပဲ အဇာတသတ်ထံသွားပြီး တန်ခိုးပြဖူးတယ်။ ဒါလောကီဈာန်ပဲ ဒေဝဒတ်ဟာ မကြာမီဘဲ ဒီဈာန်က လျောကျရတယ်။ ဒီလိုပုထုဇဉ်တွေ ဝါကြွားမှာစိုးလို့ မပြရဘူးလို့ တားမြစ်ထားတာပဲ။

ဆလိုင်း။ ဒါဖြင့် ယနေ့ ဈာန်နဲ့ကြွတယ်ဆိုတဲ့ သူတွေကော ဘုရားပညတ်ချက်ကို လွန်ဆန်ရာ မရောက်ဘူးလား။

ကျနော်။ ဈာန်, အဘိညာဉ် တန်ခိုးမပြရဘူးဆိုတာ သူတစ်ပါးကို မပြရဘူးလို့ တားမြစ်တာပါ။ မိမိအတွက် ဒီဈာန်အဘိညာဉ်ကို အသုံးမပြုရဘူးလို့ တားမြစ်တာ မဟုတ်ပါဘူး။ ဥပမာ - အရှင်သောဏ, အရှင်ဥတ္တရ မထေရ်မြတ်တို့

ဈာန်နှင့်ကြွလာပြီး မြန်မာနိုင်ငံသို့ သာသနာပြု ရောက်လာတာဟာ ဘာအာပါတ်နှင့် မသင့်ပါဘူး။ ကိုယ်ပိုင်တဲ့ ပစ္စည်း ကိုယ်သုံးချင်သလို သုံးပေါ့။ ဘာအပြစ်မှ မရှိပါဘူး။ ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်တာကို လူတွေမြင်သွားတာတော့ ဘယ်လိုမှ အပြစ်မရှိပါဘူး။

ဆလိုင်း။ ရှင်းသွားပါပြီဦး။ တန်ခိုးဆိုတာ သူများအထင်ကြီးအောင်သာ အသုံးမပြုရတာ မိမိအတွက် လိုအပ်ရင် သုံးလို့ ရတယ်ပေါ့။

ကျနော်။ ဟုတ်တယ် ကိုဆလိုင်းရဲ့ မိမိအတွက်သုံးလို့ ဘာအပြစ်မှ မဖြစ်ဘူး။ ဒါ့အပြင် သာသနာပြုလို့တဲ့ စေတနာနဲ့ အရိပ်အမြွက်လည်း ပြကောင်းပါတယ်၊ ပြောကောင်းပါတယ်။ ယုံကြည်မှု သဒ္ဓါတရား စောင်းမသွားအောင်ပေါ့။

## ရဟန္တာဟူသည်အသိရခက်

ဆလိုင်း။ ဘယ်လိုပြောကောင်းတာလဲ ဦး လင်းစမ်းပါအုံး။

ကျနော်။ ဘုရားရှင်ရဲ့ လက်ထက်တော်က အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ကြည်ညိုခစားနေတဲ့ ဒကာတစ်ယောက်ရှိတယ်။ သူဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ရဟန္တာဟူ၍ မသိဘူး။ ဒါကြောင့် ဒီလူက "ခုနေခါများ ရဟန္တာကို ဖူးမျှော်ရ တွေ့ရရင် ကောင်းမှာပဲလို့ ညည်းသတဲ့။ ဒါနဲ့ ရှေ့ကကြွသွားနေတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က "ဒကာတော် ရဟန္တာဆိုတာ သိနိုင်ခဲတယ်။ မိမိရှေ့က ရှိနေတာတောင် ရဟန္တာမှန်း မသိနိုင်ဘူး"လို့ မိန့်

တော်မူသတဲ့ ဒါဟာသွယ်ဝိုက်ပြီး ပြောတော်မူတာပဲ။ ဒီလို အရိပ် အမြွက်ကိုတော့ ပြောကြပါတယ်။

ဆလိုင်း။ ခုခေတ်တော့ ရှိမှာ မဟုတ်ပါဘူး။

ကျနော်။ ကိုဆလိုင်းရဲ့ တို့ခေတ်မှာလည်း ရဟန္တာဆိုတာ အရိပ် အရောင်တော့ ပြတတ်ကြပါတယ်။ လူတွေက အ လွန်း၍ သာ မသိနိုင်ကြတာပါ။ သိဖို့ရာလဲ အတော်ခက်တယ် လေ။ အတူနေ စာသင်ဘက်ချင်းတောင် မသိကြတာ ရှိ သေးတယ်။

လျှာလျှန်း။ အတူနေချင်းတောင် ရဟန္တာဖြစ်မှန်း မသိနိုင်ဘူးလား အဘရဲ့ ရှင်းစမ်းပါအုံး။

ကျနော်။ ဟုတ်တယ် သမီး။ ကင်းတောရဆရာတော်နဲ့ သီလုံးဆရာ တော် ၂-ပါးဟာ သူငယ်ချင်းတွေ, စာအတူတက်ဖက်တွေ ပဲ။ အသက်အရွယ်ထောက်လာတော့ သီလုံးဆရာတော် က ရွှေဘိုခရိုင် ဆိပ်ခွန်ရွာအနီး သီလုံးကျေးရွာတွင် သီ တင်းသုံး၍ ကင်းတောရဆရာတော်မှာမူ စစ်ကိုင်းမြို့ မင်း ကွန်းတောင်၏ မြောက်ဘက်တောရကျောင်း၌ သီတင်း သုံးနေတယ်။ တစ်နေရာနဲ့ တစ်နေရာ မိုင်ပေါင်း (၁၅၀) လောက် ကွာတယ်။

## သီးလုံးဆရာတော်

သီးလုံးဆရာတော်က တပည့်သံဃာတော်များကိုသာ စာပေပို့ချပြီး အလုပ်များနေတယ်။ ကင်းတောရဆရာတော်ကမူ တောရဆောက်တည် ကမ္မဋ္ဌာန်းတရားများကို အားထုတ်နေတယ်။ တစ်ချိန်တွင် ကင်းတောရ ဆရာတော်က သီးလုံးဆရာတော်ထံ ကြွလာပြီး "ကိုသီးလုံးရေ ဘုရား

သာသနာနဲ့တွေ့တဲ့အခါ-ပဋိပတ်အကျင့်တရားများကိုလည်း မမေ့နဲ့ဗျာ"ဟူ၍ သတိပေးတယ်တဲ့။ သို့ရာတွင် သီးလုံးဆရာတော်က ခုခေတ်တွင် ဈာန်, မဂ်, ဖိုလ်နှင့် ဝေးပြီထင်၍ ကျင့်သော်လည်း ရနိုင်တော့မည်မဟုတ်ကြောင်း ငြင်းချက်ထုတ်၍သာနေတယ်။ ကင်းတောရဆရာတော်က နေ့စဉ်ကြွလာပြီး တရားအားထုတ်ဖို့ပြော-သီးလုံးဆရာတော်ကလည်း နေ့စဉ်ပင် ဆင်ခြင်ပေး၍သာနေသတဲ့။

တစ်နေ့တရားဆွေးနွေးပြီး အပြန်တွင် သီးလုံးဆရာတော်က ကင်းတောရဆရာတော်ကို ကျောင်းပြင်ဘက်အထိ လိုက်ပို့လေရာ တောစပ်နားရောက်တော့ ရပ်ပြီး "ကိုသီးလုံးရေ ဘုရားပွင့်သွားတာ မကြာသေးဘူးဗျာ ဝိရိယနဲ့သာ အားထုတ်မယ်ဆိုရင် တစ်မဂ်, တစ်ဖိုလ်တော့ ရနိုင်ပါတယ်။ ကဲ မမေ့မလျော့ သတိတရားနဲ့သာ နေရစ်ပေတော့"ဟုဆိုကာ သီးလုံးဆရာတော်ရဲ့ရှေ့မှာပင် ကောင်းကင်သို့ ဈာန်ဖြင့် ကြွသွားတော်မူသတဲ့။ အဲဒီအခါကျမှ သီးလုံးဆရာတော်ဟာ အံ့အားသင့်ပြီး ကြက်သေသေကာ ကင်းတောရဆရာတော်ကို လက်အုပ်ချီလျက် ငေးမောကျန်ရစ်ခဲ့တယ်။ သီးလုံးဆရာတော်ဟာ သူ့အမှားသူသိပြီး နောက်နေ့အခါကျမှ ဝန်ချတောင်းပန်မယ်လို့ ဆုံးဖြတ်ထားသော်လည်း ကင်းတောဆရာတော် မလာတော့ဘဲ ပရိနိဗ္ဗာန်စံတော်မူကြောင်း ကြားရတယ်။

အဲဒီလို အတူတူ စာတတ်ဘက်ဖြစ်ပါလျက် ရဟန္တာဖြစ်နေသည်ကို မသိနိုင်ဘူး ကိုဆလိုင်းရဲ့။

## ကင်းတောရဆရာတော် (ရဟန္တာအရှင်မြတ်)

ပြီးတော့ ကင်းတောရဆရာတော် နေတဲ့အရပ်နဲ့ သီးလုံးဆရာတော်နေတဲ့ကျောင်းဟာ မိုင်ပေါင်း (၁၅၀)လောက် ဝေးတယ်။ အဲဒီလို ဝေးပါလျက် ညနေတိုင်းလာပြီး ကင်းတောရဆရာတော် ဆွေးနွေးတာကို သူ

ဘာကြောင့် ဒီလောက် ခရီးအဝေးကြီးက လာနိုင်ပါလိမ့်လို့ မစဉ်းစားမိတာလည်း အမှားတစ်ခုပဲ။ အမှန်က ဒီလောက်ဝေးတဲ့ခရီးကို ညနေတိုင်း လာနိုင်တာဟာ စျာန်နဲ့လာလို့ပေါ့။ နောက်မှပဲ ဒီအကြောင်းကို သီးလုံးဆရာတော် စဉ်းစားတယ်။

**လျှာလျှန်း။** အဲဒီလို ကင်းတောရဆရာတော်က စျာန်နှင့် ပြန်ကြွသွားတော့ သီးလုံးဆရာတော် ဘာဖြစ်ကျန်ရစ်ခဲ့သလဲ။

**ကျနော်။** အလွန် အံ့ဩဝမ်းမြောက် ကျန်ခဲ့တယ်။ သူ့ရဲ့နောက်က မဖြစ်နိုင်ပါဘူး။ စျာန်မရနိုင်ပါဘူး၊ တရားထူးရဖို့ မလွယ်တော့ပါဘူး စသည်ဖြင့် ငြင်းခဲ့တာတွေဟာ မှားပါပေါ့လားလို့ ယူကြုံးမရဖြစ်သွားတယ်။ ငါလည်း ဝရားအလုပ်အားထုတ်တော့မယ်လို့ ဆုံးဖြတ်ပြီး တောရဆောက်တည်နေတော့တယ်ကွဲ့။

**လျှာလျှန်း။** နောက်အဲဒီ သီးလုံးဆရာတော်ကြီးကော တရားထူး ရသေးလား။

**ကျနော်။** သီးလုံးဆရာတော်ကြီးဟာ တပည့်ပရိသတ်ကို ရှောင်ခွာပြီး တောရဆောက်တည်နေကယ်။ ကပ္ပိယတစ်ယောက်သာ သူနဲ့အတူထားတယ်။ နောက်တော့ သီးလုံးဆရာတော်ကြီးလည်း ရဟန္တာလို့ ကျော်ကြားစပြုလာတယ်။ ဒါကို မင်းတုန်းမင်းတရားကြီးက ဟုတ်မဟုတ် သိချင်နေတယ်။ ရဟန္တာဆိုရင်တော့ သူ့နန်းတော်ထဲ အမြဲပင့်ထားမယ်ပေါ့။ ဒါနဲ့ စာတတ် ပေတတ် သင်္ဃာဆရာတော်ကို စုံစမ်းခိုင်းတယ်။ "သီးလုံးဆရာတော်ကြီးဟာ ရဟန်းကိစ္စပြီး မပြီး စုံစမ်းပေးတော်မူပါဘုရား"လို့ လျှောက်ထားသဖြင့် သင်္ဃာဆရာတော်က သွားစုံစမ်းရတယ်။

## သင်္ဂဇာဆရာတော်

ထိုစဉ်က သီးလုံးဆရာတော်မှာ ကျောက်မြောင်းမြို့မြောက်ဘက် ဧရာဝတီမြစ်ကမ်းအနီး ခက်သင်ရွာ တောရကျောင်း၌ သီတင်းသုံးတယ်။ ရွာနှင့်ကျောင်းအကြား မြစ်ခြားလျက်ရှိတယ်။ သင်္ဂဇာဆရာတော်က ခက်သင်ရွာမှ တောကျောင်းသို့ လှေစီး၍ ကြွရတယ်။ သီးလုံးဆရာတော်ထံ ရောက်သွားတော့ သင်္ဂဇာဆရာတော် ကြိုတင်စီစဉ်ထားတဲ့ မေးခွန်းပေါင်း များစွာကို ဒန်ပူသတ်ရင်းပင် အလွယ်တကူ ဖြေဆိုတော်မူသတဲ့။

သင်္ဂဇာဆရာတော်က စုံစမ်းမေးမြန်းပြီးနောက် ပြန်ရန်ဝတ်ဖြည့်သော အခါ-

"ကိုသင်္ဂဇာတို့များကို ခက်သင်ရွာက ဆွမ်းစားပင့်ထားတယ်။ ဆွမ်းစားလိုက်ပြီးမှ ပြန်လေ"ဟု မိန့်တော်မူပြီး ဆက်၍

"ကိုသင်္ဂဇာ အလာက ဘာနဲ့လာခဲ့သတုံး"လို့ မေးသတဲ့။ ထိုအခါ သင်္ဂဇာဆရာတော်က "လှေနဲ့ပါ အရှင်ဘုရား"ဟု ဖြေရာ

"အိမ်း-ဒါဖြင့်လည်း လှေနဲ့ပဲကြွနှင့်လေ"ဟု မိန့်တော်မူလိုက်သဖြင့် သင်္ဂဇာဆရာတော်မှာ လှေနှင့် ခက်သင်ရွာကို ပြန်ကြွနှင့် ရတယ်။ လှေဆိပ်သို့ရောက်လျှင် ကမ်းထပ်၌ သက်န်းရုံနေသော ဘုန်းတော်ကြီး တစ်ပါးကို အမှတ်တမဲ့ကြည့်လိုက်ရာ သီးလုံးဆရာတော်ကြီးပင် ဖြစ်နေတယ်။ ဒါဟာ သင်္ဂဇာဆရာတော် မေးလိုတဲ့ ရဟန္တာဟုတ်၊ မဟုတ်ဟူသော မေးခွန်းကို လက်တွေ့ဖြေလိုက်ခြင်းပင် ဖြစ်တယ်။ သင်္ဂဇာဆရာတော်လည်း အားရကျေနပ်ပြီး ပြန်ခဲ့တယ်။ ဒါကြောင့် ရဟန္တာအရှင်မြတ်များဟာ ယုံမှားသံသယကို ပယ်ဖျောက်စေခြင်းငှာ သွယ်ဝိုက်၍ တန်ခိုးပြတတ်ကြပါတယ်။ မောဟဖုံးလွှမ်းနေတဲ့သူ အစွဲအလမ်းကြီးနေသူတွေကသာ မဟုတ်နိုင်ပါဘူး မဖြစ်နိုင်ပါဘူးနဲ့ ငြင်းချက်ထုတ်ချင်နေကြတာပါ။

သီးလုံးဆရာတော်ကြီးဟာ ကျော်ကြားမှုကို မလိုလားဘူး။ လူတွေ ဝိုင်းအုံလာမှာကို အတော်စိုးရိမ်ပုံရဟာယ်။ သူတရားထူးရသည်ကို မည်သူ့အားမျှ မသိစေလိုဘူး။ ဒါပေမယ့် ပညာရှိများမှာမူ ဆရာတော်ရဲ့ ထူးခြားမှုကို သတိထားကြတယ်။ အထူးသဖြင့် နီးစပ်သူများကတော့ ဆရာတော် တရားထူးရနေကြောင်း သိကြတယ်။ အဘယ်ကြောင့် ...သော်

အလွန်ပူအိုက်သော နေ့တစ်နေ့တွင် အတူနေ ကပ္ပိယကြီးက "ဆရာတော်ဘုရား တပည့်ပူအိုက်လှသဖြင့် ဟိုအဝေးက ကန်သို့ သွား၍ ရေချိုးပါရစေဘုရား"ဟု လျှောက်ထားကာ နေဝင်ချိန်တွင် တောထဲရှိ ရေကန်သို့ ထွက်လာခဲ့တယ်။ လလေးကလည်း သာသာဆိုတော့ အဝေးကပင် ရေကန်ကို လှမ်းမြင်နေရတယ်။ ကပ္ပိယကြီးက ရေကန်ဆီသို့ လှန်း၍ ကြည့်လိုက်သောအခါ ရေကန်ထဲမှာ ရေချိုးနေသော လူတစ်ယောက်ကို တွေ့ရသတဲ့။ ကပ္ပိယကြီးက တစ္ဆေထင်၍ အနားမကပ်သေးဘဲ အသေအချာကြည့်တော့ သီးလုံးဆရာတော်ကြီး ဖြစ်နေသတဲ့။ အလွန်အံ့အားသင့်ပြီး "ဆရာတော်ဘုရား ဆရာတော်ဘုရား"ဟု ခေါ်တော့ "ဟဲ့ ကပ္ပိယ လာလေဟဲ့ ငါရေချိုးပြီးပြီ"လို့ ပြန်ထူးသတဲ့။

ကပ္ပိယကြီးမှာ သိပ်အံ့အားသင့်သွားတယ်။ အကြောင်းမှာ သီးလုံးဆရာတော်ကြီးမှာ ဒူလာရောဂါစွဲထားသဖြင့် လမ်းမလျှောက်နိုင်ပါဘဲ လျက် နှစ်မိုင် သုံးမိုင်ဝေးတဲ့ နေရာသို့ သူအရင် ဦးအောင်ရောက်နေခြင်းမှာ ဈာန်အဘိညာဉ်မရဘဲ မဖြစ်နိုင် ဈာန်အဘိညာဉ်ရလို့သာ ယခုလို လျှောက်နိုင်ခြင်းဖြစ်တယ်လို့ သိရလို့ပဲ။

ကပ္ပိယကြီးရဲ့ အမူအရာကို ကြည့်ပြီးတော့ ဆရာတော်ကြီးက "ဟဲ့ ကပ္ပိယ ဒီအကြောင်းကို ငါအသက်ရှိနေစဉ် ဘယ်သူ့ကိုမျှ မပြောနဲ့"ဟု ကပ္ပိယကြီးကို နှုတ်ပိတ်ထားတယ်။ ကပ္ပိယကြီးကလည်း သူ့ဆရာတော်

ကြီးကို လေးစားသောအားဖြင့် ဆရာတော်ကြီး ပျံလွန်တော်မူမှသာ ဒီအကြောင်းကို လူတကာအား ပြောပြတယ်။ ဆရာတော်မရှိမှသာ လူအများလည်း သိကြရတယ်။ ကပ္ပိယကြီးကတော့ အနီးကပ်နေရလို့ ကြိုတင်သိထားတယ်။

## ရဟန္တာများသည် ဈွမ်းဒကာကို စိုးမြှောက်လေ့ရှိကြ

အဲဒီလိုပဲ ကိုဆလိုင်းရဲ့ သူတော်စင် ရဟန္တာအရှင်သူမြတ်များဟာ အလွန်အလို နည်းကြတယ်။ ကျော်စောမှုကိုလည်း အလိုမရှိကြဘူး။ ဒါပေမယ့် ဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးကိုလည်းကောင်း၊ မိမိအား အထူးကျေးဇူးများတဲ့ ဒကာ, ဒကာမများကိုလည်းကောင်း ချီးမြှင့်လိုတဲ့ အနေနဲ့ အရိပ်အမြွက်တော့ ပြတတ်ပါတယ်။

လျှာလျှန်း။ အတွေ့အကြုံရှိရင် သိပါရစေ အဘ။

ကျနော်။ မကြာလှသေးဘူး။ ခုလောလောဆယ် အတွေ့အကြုံ ဆိုကြပါစို့။ အိမ်မဲ, ကျောင်းကုန်းဘက် ကျေးရွာတစ်ရွာမှာ ရဟန်းတော်တစ်ပါး ကျောင်းထိုင်တာ ၁၀-နှစ်ကျော် ကြာပြီးတဲ့။ ထိုဘုန်းတော်ကြီးက တစ်နေ့မှာ ခေါင်းရိပ်ထားတဲ့ ဆံပင်တွေကို သိမ်းထားကြဟဲ့လို့ အမိန့်ရှိသတဲ့။ ဒါပေမဲ့ ဒကာတွေကလည်း ဆံပင်သိမ်းထားတော့ ဘာလုပ်ရမှာလည်း နောက်ပေါက်လာကြအုံးမှာပဲဆိုပြီး သစ်ပင်ခြေရင်း သွားပုံထားသတဲ့။

လျှာလျှန်း။ ဆံတော်ဆိုပြီး ကိုးကွယ်စေချင်လို့လားမှ မသိတာ။

ကျနော်။ နောက်ရက်များမကြာမီ ဆရာတော်ဟာ ပျံလွန်တော်မူသတဲ့။ ရွာသူရွာသားတွေက တို့ဘုန်းကြီးကို နောက်ဆုံးပူဇော်ခြင်းပဲဆိုပြီး တီးဝိုင်းတွေနဲ့ ပူဇော်ကြပြီး အန္တိမအဂ္ဂိ

ဈာပန နောက်ဆုံး မီးပူဇော်တော့ မီးမစွဲလောင်ဘူးတဲ့။
အဖြစ်ကဆန်းနေတော့ လူတွေက အာရုံစိုက်လာတယ်။
ဝိုင်းအုံ ဖူးကြတယ်။ ဒီလို တစ်ရက်ရှိတော့ မီးမလောင်နိုင်
သဖြင့် တတ်သိလိမ္မာသူ တစ်ယောက်က

"ဆရာတော်ဘုရား ဆရာတော်ဘုရားကို မီးပူဇော်တာပါဘုရား"လို့ လျှောက်ထားတော့မှ အလိုလို မီးထလောင်ပြီး ဓာတ်တော်တွေ ကျတယ်။ အဲဒီလို ထူးထူးခြားခြားပြတော့မှ ဟာ တို့တစ်သက်လုံး ကိုးကွယ်၍ ဆွမ်းကွမ်းလှူဒါန်းခဲ့ရတဲ့ ဆရာတော်ဟာ ရဟန္တာကြီးပဲဟေ့လို့ အားရဝမ်းသာ ပီတိဖြစ်ကြရတယ်။ ကုသိုလ်တွေ ပွားကြရတယ် ကိုဆလိုင်းရဲ့ ဒါဟာ

**အဓိဋ္ဌာန်တန်ခိုး အာပတ်မသင့်**

မိမိအား ကျွေးမွေးပြုခဲ့ကြတဲ့ ဒါယကာ, ဒါယကာမတွေကို ချီးမြှောက်လိုလို့ တမင်အဓိဋ္ဌာန်တော်မူခဲ့တာပဲ။ အဲဒီလို ဓာတ်တော်တွေကျတော့မှ မကြာမီက သိမ်းခိုင်းထားတဲ့ ဆံတွေကို စွန့်ထားတဲ့ နေရာသွားရှာတော့ ဓာတ်တော်တွေ ဖြစ်နေသတဲ့။ ဒါဟာ အကြောင်းထူးမရှိဘဲနဲ့ ဆံတွေကို ဘယ်သိမ်းခိုင်းထားခဲ့မှာလဲ။ အဲဒီလို ကိုယ့်ဒကာ, ကိုယ့်ဒကာမတွေကို ချီးမြှောက်လို၍လည်း ရဟန္တာဖြစ်ပြီဆိုတဲ့ အကြောင်းကို ပြတတ်ကြပါတယ်။ ဒါဟာ ဒကာတွေအတွက် သက်သက်ပဲ အရှင်မြတ်တို့အတွက် တစ်ရွေးသားမျှ မပါဘူး။

**ဆလိုင်း။** တန်ခိုးမပြရဘူးဆိုတာလည်း သူနေရာနဲ့ သူပေါ့နော်။

**ကျနော်။** ဟုတ်တယ် ကိုဆလိုင်းရဲ့ တန်ခိုးပြာဋိဟာကလဲ အမျိုးမျိုး ရှိတယ်။ အဓိဋ္ဌာနိဒ္ဓိခေါ်တဲ့ အဓိဋ္ဌာန်တန်ခိုးကိုတော့ မထေရ်မြတ်များ အသုံးပြုကောင်းပါတယ်။

**ဆလိုင်း။** ဘယ်လိုအဓိဋ္ဌာနိဒ္ဓိလဲ အဘ?

ကျနော်။ ။ အဓိဋ္ဌာန်တန်ခိုးဆိုတာ ဥပမာ - "ဒီပန်းကုန်းကြီးဟာ ရွှေပန်းကုန်းကြီး ဖြစ်စေသတည်း။ ဒီဆန်တစ်ပြည်ချက် ဖြင့် လူပေါင်းသိန်းသန်းချီ၍ စားကြသော်လည်း မကုန် စေသတည်း"လို့ အဓိဋ္ဌာန်လိုက်တာနဲ့ အဓိဋ္ဌာန်တဲ့အ တိုင်း ဖြစ်တဲ့တန်ခိုးကို ပြောတာပါ။ ဥပမာ - ဘုရားရှင် လက်ထက်တော်က ပိလိန္ဒဝစ္ဆမထေရ်ဟာ အဓိဋ္ဌာန်တန် ခိုးကို အသုံးပြုဖူးတယ်။

ဆလိုင်း။ ဘယ်လို သုံးတာလဲ ဦး?

ကျနော်။ တစ်နေ့မှာ မထေရ်မြတ်က ဆွမ်းခံကြွသွားတော့ သူတွေ့ မြင်နေကြကလေး ၂-ယောက်ကို မတွေ့ရတာနဲ့ "ဟဲ့ ကလေးတွေ ဘယ်သွားကြလဲ"လို့ အမိန့်ရှိတော့ ကလေး တွေနဲ့ မိဘတွေက မျက်ရည်စက်တွေနဲ့ "မှန်လှပါ ကလေး တွေကို ပြန်ပေးဆွဲသွားကြပါတယ်ဘုရား။ ယခု ကလေး တွေ သူခိုး၊ ဓားပြတွေရဲ့ လက်ထဲရောက်နေပါတယ် ဘုရား"လို့ လျှောက်ထားကြတယ်။

## ပိလိန္ဒဝစ္ဆမထေရ်ရဲ့တန်ခိုးတော်

မထေရ်မြတ်က "ဒါဖြင့် ကလေးတွေ ခုပဲ ပြန်ရောက်လာမှာပေါ့ ကွယ်။ မပူကြနဲ့"လို့ မိန့်တော်မူပြီး အဓိဋ္ဌာန်တန်ခိုးတော်ကို သုံးတယ်။ ဘယ်လိုအဓိဋ္ဌာန်သလဲဆိုတော့ ကလေးတွေရဲ့ နေအိမ်တွေကို ကလေးများ ဖမ်းထားတဲ့နေရာ ရောက်စေသတည်းလို့ ပထမအဓိဋ္ဌာန်တယ်။ ကလေး များက သူတို့နေနေကြအိမ်များကို တွေ့ရတော့ အိမ်ပေါ်တက်ကြတာ ပေါ့။ ကလေးတွေ အိမ်ပေါ်ရောက်ကြသည်နှင့် တစ်ပြိုင်နက် "အိမ်တွေ ဟာ နဂိုနေရာ ပြန်ရောက်စေသတည်း"လို့ အဓိဋ္ဌာန် လိုက်ပြန်တယ်။

ချက်ခြင်းပဲ ကလေးတွေ သူတို့အိမ်သူတို့ ပြန်ရောက်ကြတယ်။ မိဘတွေကလည်း ဝမ်းသာလွန်းလို့ မထေရ်မြတ်ကို အလွန်ကျေးဇူးတင်ကြတယ်။

ဒါပေမယ့် ကျေးဇူးမတင်တဲ့ ဘက်ကလဲ ရှိတယ်။ ဓားပြတွေကလည်း မကျေနပ်ဘူး။ နောက်တစ်ဦးက ဝိနည်းမိုရ်တဲ့ ရဟန်းတွေကလည်း "ဘုရားရှင်က တန်ခိုးမပြရဘူးလို့ ပညတ်ထားပါလျက် တန်ခိုးပြတယ်။ ပိလိန္ဒဝစ္ဆမထေရ်ဟာ အပြစ်ကို ကျူးလွန်တယ်။ အာပတ်သင့်တယ်လို့ စွပ်စွဲပြီး ဘုရားရှင်ထံ သွားလျှောက်ထားကြတယ်။ လူတွေအနေနဲ့ ပြောရမယ်ဆိုရင် ပိလိန္ဒဝစ္ဆမထေရ် တရားစွဲခံရတယ်ပေါ့။

**ဆလိုင်း။** ဘုရားက ဘယ်လို ဆုံးဖြတ်လိုက်သလဲ ဦး?

**ကျနော်။** ပိလိန္ဒဝစ္ဆမထေရ်ကို အကျိုးအကြောင်းမေးပြီး "ချစ်သားတို့ အဓိဋ္ဌာန်တန်ခိုးသုံးခြင်းဟာ အာပတ်မသင့်ဘူး၊ အပြစ်မဖြစ်ဘူး၊ အပြစ်မရှိဘူး"လို့ ဆုံးဖြတ်လိုက်တယ်။ တရားသေလွတ်စေပေါ့။

**ဆလိုင်း။** အဲဒီအတ္ထုပ္ပတ္တိ ဘယ်စာအုပ်ထဲမှာလဲဦး?

**ကျနော်။** ဝိနည်းငါးကျမ်းထဲက ပထမဆုံးကျမ်းဖြစ်တဲ့ ပါရာဇိက ပါဠိတော် ဒုတိယပါရာဇိက သိက္ခာပုဒ်အဆုံးမှာ ပါလေ မောင်ရေ- အဲဒါတိတိကျကျပဲ။

**လှျာလျှန်း။** ဦးနဲ့တွေ့ရတာ ကျွန်မတို့ သိပ်ဝမ်းသာပါတယ်ရှင့်။

## စေတီတော်ပုံက ဘဝသရုပ်ကို ဖော်ပြ

**ဆလိုင်း။** စေတီတော်ပုံတွေဟာ အောက်ကား အထက်ရှူး တ ဆောက်ကြတာဟာ ဘယ်လိုသဘောလဲဦး။

**ကျနော်။** လက်တွေ့သဘောနဲ့ ဖြေရမယ်ဆိုရင်တော့ အခြေခံ ခိုင် ခန့်အောင် တည်ဆောက်တဲ့ သဘောပါပဲ။ ဒါပေမ

အဆင့်ဆင့် မြင့်တက်သွားတဲ့ အဓိပ္ပါယ်ကတော့ ဗုဒ္ဓဘာသာ အယူဝါဒအရ (၃၁) ဘုံဆိုတာရှိတယ်၊ အဲဒီ (၃၁) ဘုံတွင် ကာမသုဂတိ (ကိလေသာ ကာမဂုဏ် ခံစားရသော ဘုံ) ၇-ဘုံနဲ့ ရူပ (ဗြဟ္မ) ၁၅-ဘုံ အရူပ (ဗြဟ္မ) ၄-ဘုံ ဆိုတာ ရှိတယ်။

ကာမသုဂတိ ၇-ဘုံသို့ ရောက်နိုင်တဲ့ ကုသိုလ်တွေကတော့ အလှူပေးခြင်း၊ ဘုရားကြည်ညိုခြင်းစတဲ့ ကာမကုသိုလ်တွေကို ပြုရုံမျှဖြင့် ရောက်နိုင်ပါတယ်၊ ရူပ ဗြဟ္မတစ်ဆယ့်ငါးဘုံကတော့ လှူရုံတန်းရုံမျှနဲ့ မရောက်နိုင်ဘူး။ ကိလေသာကာမတွေကို ပယ်ချပြီး ဒီလူ့ဘဝမှာပင် ဈာန်ရအောင် ကျင့်ရတယ်။ အဲဒီဈာန်ကုသိုလ်ကို ရမှသာ ဗြဟ္မာဘုံရောက်နိုင်တယ်၊ ရိုးရိုးကုသိုလ်ကောင်းမှုထက် အဆင့်မြင့်တဲ့ ကုသိုလ်ကို လုပ်နိုင်မှသာ ရရှိနိုင်တယ်။ အရူပဗြဟ္မာ ဘုံကျတော့ ရူပါဝစရကုသိုလ်နဲ့ မရောက်နိုင်တော့ဘူး။ ရူပါကုသိုလ်ထက်မြတ်တဲ့ အရူပကုသိုလ်ကို ပြုရတယ်၊ ဒါမှ အရူပဗြဟ္မာ့ဘုံ ရောက်နိုင်တယ်။ ဘုံတွေက အဆင့်ဆင့်မြင့်သကို ကုသိုလ်တွေကလဲ အဆင့်ဆင့် မြှင့်ပေးရတယ်။ အဲဒီသဘောကို မျက်ဝါးထင်ထင် မြင်နိုင်ရန် စေတီတော်ရဲ့ အောက်ခြေကို လူ့ဘုံ၊ နောက် ပစ္စယာအဆင့်ဆင့်ကို စတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ စသည့်ဖြင့် အဆင့်ဆင့်မြင့်တက်သွားတယ်၊ ကုသိုလ်ကောင်းမှုများရဲ့ အာနိသင်အလိုက် အထက်ထက်ဘုံသို့ ရောက်နိုင်ကြောင်း တစ်ဆင့်တစ်ဆင့် မြင့်တက်သွားပုံကို သိကြစေလို၍ စေတီတော်ကို တစ်ဆင့်တစ်ဆင့်မြင့်ပြီး တည်ဆောက်ကြတယ်လို့ ဆိုပါတယ်။

ဆလိုင်း။ အဘနဲ့တွေ့ရတာ အတော်တော့ ရှင်းသွားပြီး အဘရေ။ ဆွေးနွေးစရာတွေကတော့ အများသား၊ ဒါပေမယ့်

ဒီလောက်ဆိုရင် အတော်ကျေနပ်ပါပြီ အဘ။ ကျနော်တို့ အဘနဲ့ ဓာတ်ပုံတွဲရိုက်ပါရစေ။

**ကျနော်။** ကဲ - ဒါဖြင့်လဲ ရိုက်ကြပေါ့၊ အဘအတွက် တစ်ပုံပို့လိုက်ပါအုန်း။

**ဆလိုင်း။** ဟုတ်ကဲ့ခင်ဗျား၊ ကူးပြီးရင် ပို့ပါ့မယ်။

သူတို့ ကျောင်းဆင်းသွားတော့ ကျနော့်ဆီ ဓာတ်ပုံနှစ်ပုံ ရောက်လာပါသည်။ ဆွေးနွေးချက်များကိုလည်း ခွင့်ပြုပါသည်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဟောတော်မူသော ဓမ္မပဒစာအုပ်ကြီးကိုပင် ဝယ်ယူလာသူများဖြစ်၍ ဗုဒ္ဓဘာသာ အကြောင်းကို အတော်သိလိုပုံရသဖြင့် ၃/၄ ရက် လက်ခံ၍ ဆွေးနွေး လိုက်ပါသည်။ ဗုဒ္ဓဘာသာ သူတော်စင်များလည်း သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်၍ လူထုမျက်မှောက်သို့ အရောက်ပို့ရခြင်း ဖြစ်ပါကြောင်း။

စာရေးသူ - ဦးထွန်းအေး

## စေတီတော်မြက်ကြီး၏ အတိုင်းအတာများ

| စဉ် | အမည် | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | စေတီတော်၏ ဉာဏ်တော်အမြင့် | ၃၂၆' | |
| ၂။ | ပစ္စယာများ | ၆'၂၄" | |
| ၃။ | ရှစ်မြောင့် | ၂၅'၁၀" | |
| ၄။ | ကြည်းဝန်း (ကြေးဝန်း) | ၂၄'၂" | |
| ၅။ | သပိတ်မှောက်နှင့်ခေါင်းလောင်း | ၄၅'၁၁" | |
| ၆။ | ဖောင်းရစ်များ | ၄၃'၄" | |
| ၇။ | ကြာမှောက်မှန္တဲအထိ | ၂၈'၁၀" | |
| ၈။ | ငှက်ပျောဖူး (ချယားသီး) | ၅၁'၁၁" | |
| ၉။ | ထီးတော် (စိန်ဖူးအထိ) | ၄၃'၈" | |
| | စုစုပေါင်းအမြင့် | ၃၂၆' | |

## ထီးတော်ဆိုင်ရာ အတိုင်းအတာ

| စဉ် | အမည် | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ထီးတော်ဘုံများ၊ အမြင့် | ၁၆'၃" | |
| ၂။ | ထီးတော်ဘုံပေါင်း | ၇-ဆင့် | |
| ၃။ | အောက်ဆုံးဘုံ၏ အမြင့် | ၃'၃" | |
| ၄။ | အောက်ဆုံးဘုံအချင်း | ၁၄'၁၁$\frac{၁}{၂}$" | |
| ၅။ | အထက်ဆုံးဘုံအမြင့် | ၁'၆" | |
| ၆။ | အထက်ဆုံးဘုံအချင်း | ၃'၆$\frac{၃}{၄}$" | |

## စိန်ဖူးတော် အတိုင်းအတာ

| စဉ် | အမည် | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | စိန်ဖူးတော်အမြင့် | ၁'၁၀ ၁/၂" | |
| ၂။ | စိန်ဖူးတော်အချင်း | ၁၀ ၁/၂" | |
| ၃။ | စိန်ဖူးတော်အဝန်း | ၃၁. ၄" | |
| ၄။ | စိန်ဖူးတော်တွင် တပ်ဆင်သောစိန် | ၄၃၅၁လုံး | |
| ၅။ | ကာရက်အချိန် | ၂၀၀၀ ရတီ | |
| ၆။ | အခြားသော ကျောက်မျက်များ | ၉၃ လုံး<br>၄၇ ရတီ | |
| ၇။ | စိန်းဖူးထိပ်ရှိစိန်ကြီး | ၇၆ ကာရက်<br>၈၃ ရတီ<br>၁၂ ဘီဇ္ဇာ | |

## ပိန္နဲတိုင် အတိုင်းအတာ

| စဉ် | အမည် | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ပိန္နဲတိုင်အလျား<br>(ကြေးစလောင်းမှ စိန်ဖူးအထိ) | ၃၈'၄ ၃/၄" | |
| ၂။ | အောင်ခြေအချင်း | ၁၀ ၁/၂" | |
| ၃။ | အပေါ်ထပ်ပိုင်းအချင်း | ၂. ၀၆" | |

## ငှက်မြတ်နား အတိုင်းအတာ

| စဉ် | အမည်၊ ရတနာများ | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ငှက်မြတ်နားအကျဉ်းဆုံးနေရာ | ၂'၅ ၁/၂" | |
| ၂။ | ငှက်မြတ်နားအကျယ်ဆုံးနေရာ | ၄'၈" | |
| ၃။ | ငှက်မြတ်နားစိန်လုံးရေ | ၁၀၉၈-လုံး | |
| ၄။ | စိန်များရတီချိန် | ၂၄၀-ရတီ | |
| ၅။ | အခြားကျောက်မျက်များစာရင်း | ၁၃၃၈-လုံး | |
| ၆။ | တန်ဖိုး | ၁၁,၁၇၂၇၇-ကျပ် ၇-ပဲကျော် | |

## ဆပ်သွားဖူး အတိုင်းအတာ

| စဉ် | အမည် | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဆပ်သွားဖူးအမြင့် | ၈'၂" | |
| ၂။ | ဆပ်သွားဖူးအချင်း | ၃'၃" | |
| ၃။ | တပ်ဆင်ထားသောကျောက်ဖျိုးစုံ | ၈၈၆-လုံး | |
| ၄။ | ရွှေချိန် | ၂-ပိဿာ ၅၈-ကျပ် ၁-မူး ၁-ပဲ ၂-ရွေး | |

## စေတီတော်မြတ်ကြီး၏ ရွှေချရိယာ အတိုင်းအတာ

| စဉ် | အကြောင်းအရာ | ရွှေချရိယာ စ/ပေ | စတုရန်း ပေပေါင်း | ရွှေဆိုင်း ချပ်ရေ |
|---|---|---|---|---|
| ၁။ | အောက်ပစ္စယာများ (ခိုနန်းချိုး+ဘား) | | | |
| | တနင်္လာဘား | ၄၂၉၃· ၄၃ | | |
| | အင်္ဂါခိုနန်းချိုး | ၅၁၇၄· ၇၅ | | |
| | ဗုဒ္ဓဟူးဘား | ၄၂၉၃· ၁၁ | | |
| | စနေခိုနန်းချိုး | ၅၂၄၈· ၇၀ | | |
| | ကြာသပတေးဘား | ၄၄၃၅· ၇၅ | | |
| | ရာဟုခိုနန်းချိုး | ၅၀၂၈· ၇၆ | | |
| | သောကြာဘား | ၄၃၆၁. ၅၅ | | |
| | တနင်္ဂနွေခိုနန်းချိုး | ၅၀၇၀· ၇၃ | ၃၇၉၀· ၇၈ | ၁၆၈၄၇ |
| ၂။ | ရှစ်မြောင့် (ခိုနန်းချိုး+ ဘား) | | | |
| | တနင်္လာဘား | ၁၀၁၇. ၆၃ | | |
| | တနင်္လာ+အင်္ဂါခိုနန်းချိုး | ၉၅၃. ၀၁ | | |
| | အင်္ဂါဘား | ၉၅၃. ၀၁ | | |
| | အင်္ဂါ+ဗုဒ္ဓဟူးခိုနန်းချိုး | ၉၁၀. ၆၁ | | |
| | ဗုဒ္ဓဟူးဘား | ၉၁၄. ၅၁ | | |
| | ဗုဒ္ဓဟူး+စနေခိုနန်းချိုး | ၉၉၆. ၉၀ | | |

| စဉ် | အကြောင်းအရာ | ရွှေချစရိယာ စ/ပေ | စတုရန်း ပေပေါင်း | ရွှေဆိုင်း ချပ်ရေ |
|---|---|---|---|---|
| | စနေဘား | ၉၇၉. ၈၂ | | |
| | စနေ+ကြာသပတေး ခိုနန်းချိုး | ၉၈၁. ၁၀ | | |
| | ကြာသပတေး+ ရာဟုခိုနန်းချိုး | ၉၈၀. ၂၃ | | |
| | ကြာသပတေးဘား | ၁၀၀၂. ၃၄ | | |
| | ရာဟုဘား | ၁၀၅၂. ၉၆ | | |
| | ရာဟု+သောကြာ ခိုနန်းချိုး | ၁၀၄၄. ၅၁ | | |
| | တနင်္ဂနွေ+တနင်္လာ ခိုနန်းချိုး | ၁၀၁၆. ၉၈ | ၁၅၈၇၃. ၈၈ | ၇၀၅၅ |
| ၃။ | ကြေးဝန်း ၅-ခွေ | ၇၂၃၄. ၅၆ | ၇၂၃၄. ၅၆ | ၃၂၁၅ |
| ၄။ | ခေါင်းလောင်း | ၈၄၁၃. ၈၈ | ၈၄၁၃. ၈၈ | ၃၇၄၀ |
| | (အနားအပါအဝင်) | ၆၉၄၂၀. ၉၀ | ၆၉၄၂၀. ၉၀ | ၃၀၈၅၇ |

## ရွှေပြားအကွက်များစာရင်း

| စဉ် | ရွှေပြားသက်န်းတော်ရှိရာနေရာ | ရွှေပြားအကွက် ပေါင်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ငှက်ပျောဖူး အရစ် ၅၆ ရစ် | ၂၆၁၄ | |
| ၂။ | ငှက်ပျောဖူး အောက်ခါးစည်း | ၁၆၀ | |
| ၃။ | အထက်ကြာနု ၆၈ ဖတ် | ၂၇၂ | |

| စဉ် | ရွှေပြားသက်န်းတော်ရှိရာနေရာ | ရွှေပြားအကွက်ပေါင်း | မှတ်ချက် |
|---|---|---|---|
| ၄။ | အထက်ကြနု အောက်ခါးစည်း | ၁၁၃ | |
| ၅။ | ကြာလန် ၁၆ စုံ (တစ်စုံ-ကြီး ၁) (အသေး ၅) | ၁၅၆၆ | |
| ၆။ | ကြာလန်အောက်ဖောင်း (အကြီး ၃) (အသေး ၁) | ၁၇၀ | |
| | (အသေး ၁) | ၈၀ | |
| ၇။ | ရွှဲ ၁၉ လုံး | ၅၃၃ | |
| ၈။ | ရွှဲ အကြား | ၂၃၈ | |
| ၉။ | ရွှဲအောက်ခါးစည်း ၁ရစ် | ၉၀ | |
| | ဖောင်း ၃ ရစ် | ၁၈၇ | |
| | အောက်ခါးစည်း ၁ ရစ် | ၉၂ | |
| ၁၀။ | ကြာမှောက် ၁၉စုံ (တစ်စုံကြီး ၁) | ၂၆၄၁ | |
| ၁၁။ | ကြာမှောက်အောက်ခါးစည်း(အသေး၁) | ၁၁၁ | |
| ၁၂။ | အောက်ကြာနု ၁၁၅ ဖတ် | ၁၁၅၀ | |
| ၁၃။ | ခါးစည်းကြီး ၆ ရစ် | ၆၂၂ | |
| ၁၄။ | ပထမဖောင်းရစ် | ၆၉၄ | |
| ၁၅။ | ပထမဂေါ် ၉ ရစ် | ၁၀၄၉ | |
| ၁၆။ | ဒုတိယဖောင်း ၈ ရစ် | ၈၁၈ | |
| ၁၇။ | ဒုတိယဂေါ် ၁၃ ရစ် | ၁၅၆၅ | |
| ၁၈။ | တတိယဖောင်း ၅ ရစ် | ၈၂၅ | |
| ၁၉။ | တတိယဂေါ် ၁၃ ရစ် | ၂၆၆၃ | |
| | | ၁၈၂၉၅ | |